# ကြေးမုံ

The Mirror Daily

Established in 1957

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ကြာသပတေးနေ့။ Thursday 7 November 2019 ၉၈၂၆


**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

လောကဝင်(ဓမ္မပဒ-၁၁၆)

# ငြိမ်းချမ်းရေးခရီးလမ်းကို လျှောက်လှမ်းရာတွင် ကရင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများအားလုံး၏ အားကြိုးမာန်တက် စုစည်းညီညွတ်မှုဖြင့် ပူးပေါင်းဆောင်ရွက်မှုသည်လည်း ခွန်အားတစ်ရပ်ဖြစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က
(၆၄) နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့
ပေးပို့သည့် သဝဏ်လွှာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်

ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-

ယနေ့ကျရောက်သည့် (၆၄) နှစ်မြောက်၊ ကရင်ပြည်နယ်နေ့ အခါသမယတွင် ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ရိုးရာလက်ဝှေ့ပြိုင်ပွဲများ၊ လှေလှော်ပြိုင်ပွဲများ၊ ကရင်ရိုးရာယဉ်ကျေးမှု ဒုံးအကပြိုင်ပွဲများ၊ ပြခန်းများ၊ ဓာတ်သဘင်တေးဂီတဖျော်ဖြေပွဲများ၊ ဈေးရောင်းပွဲတော်များ၊ ကုန်စည်ပြပွဲများ စသည့် ပွဲလမ်းသဘင်များဖြင့် (၅) ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ အစဉ်အလာမပျက် ကျင်းပလျက်ရှိပြီး အဆိုပါပွဲလမ်းသဘင်များတွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သမိုင်းကြောင်းအရ ကရင်ပြည်နယ်တွင် ရှေးယခင်ကတည်းကပင် ကရင်မျိုးနွယ်စု (၁၁) မျိုးတို့သည် အခြားတိုင်းရင်းသားများနှင့်အတူ ချစ်ခင်ရင်းနှီးစွာ အတူတကွ ယှဉ်တွဲနေထိုင်ခဲ့ကြပါသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း တိုင်းနှင့်ပြည်နယ်များ ဖွဲ့စည်းတည်ထောင်ခဲ့ရာတွင် ကရင်လူမျိုးများနေထိုင်သည့် ဒေသများကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ရန် စတင်ဆောင်ရွက်ခဲ့ကြပါသည်။ နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်သည့် ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်အဖွဲ့ သံဖြူဇရပ်မြို့ရှိ မြန်မာ-ထိုင်း သေမင်းတမန်မီးရထားလမ်းပြတိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ခရိုအေးရှားသံအမတ်ကြီး Mr. Kreso Glavac အား လက်ခံတွေ့ဆုံစဉ်။

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် သံဖြူဇရပ်မြို့ရှိ မြန်မာ-ထိုင်း သေမင်းတမန် မီးရထားလမ်းပြတိုက်အား သွားရောက်ကြည့်ရှု

**မော်လမြိုင် နိုဝင်ဘာ ၆**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးဟန်ဇော်၊ ဦးအုန်းမောင်၊ နိုင်သက်လွင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးအောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တပ်မတော်အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာရာ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ခရိုအေးရှားသံအမတ်ကြီး Mr. Kreso Glavac အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ခရိုအေးရှားသံအမတ်ကြီးMr. Kreso Glavac အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ခရိုအေးရှား နှစ်နိုင်ငံဆက်ဆံရေးနှင့် စီးပွားရေး၊ ခရီးသွားလာရေး၊ ပြည်သူချင်း ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေး၊ ဘောလုံးအားကစားအဆင့်မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများ အပါအဝင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# အာဆီယံထိပ်သီးအစည်းအဝေးများမှ ပေါ်ထွက်လာမည့် ရလဒ်ကောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ ကျင်းပခဲ့သည့် (၃၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၏ အကျိုးရလဒ်ကောင်းများကို ဆောင်ကြဉ်းနိုင်ခဲ့သည်။

ထိပ်သီးအစည်းအဝေးများတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးတို့အပြင် မိတ်ဖက်ဆက်ဆံရေး၊ ပြင်ပဆက်ဆံရေးတို့နှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို နိုင်ငံ့ခေါင်းဆောင်များက အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ အာဆီယံထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ကြသော နိုင်ငံ့ခေါင်းဆောင်များအနေဖြင့် ထွန်းသစ်စမြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံရေးတို့၌ စိတ်ဝင်စားမှုမြင့်တင်နိုင်သလို နိုင်ငံတကာမှ စိတ်ဝင်စားမှုတစ်ခုဖြစ်သည့် ရခိုင်ပြည်နယ်အရေးကိစ္စကိုလည်း မဖြစ်မနေ ဆွေးနွေးခဲ့ကြသည်။

ရခိုင်ပြည်နယ်အရေးကိစ္စကို ဆွေးနွေးရာ၌ အာဆီယံဥက္ကဋ္ဌ၏ ဆွေးနွေးမှုများသည် အပြုသဘောဆောင်ပြီး ရခိုင်ပြည်နယ်အရေးကိစ္စများတွင် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများအား အသိအမှတ်ပြုကာ ဆက်လက်အားပေးထောက်ခံသွားမည်ဖြစ်ကြောင်း သိရှိရသည်။ ထို့အပြင် နေရပ်စွန့်ခွာသွားသူများအတွက် သင့်လျော်သည့် ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးနိုင်ရန် ဒေသခံအသိုက်အဝန်းများကို အကျိုးရှိစေမည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များကိုဖော်ဆောင်ရာတွင် အာဆီယံအတွင်းရေးမှူးချုပ်၏ လုပ်ငန်းဆောင်ရွက်မှုမှတစ်ဆင့် မြန်မာနိုင်ငံ သက်သောင့်သက်သာရှိသည့် မိတ်ဆွေများနှင့် ပူးပေါင်းခြင်းဖြင့် အာဆီယံ၏အခန်းကဏ္ဍကို မြှင့်တင်သွားသင့်ကြောင်း တိုက်တွန်းထားသည်။

ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းများအားလုံး ဘေးကင်းလုံခြုံရေးအတွက် မိမိတို့ကိုအစဉ်တစိုက် ထောက်ခံအားပေးသည့် မိတ်ဆွေများနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နေရပ်စွန့်ခွာသွားသူများ ဆန္ဒအလျောက် ဘေးကင်းလုံခြုံစွာဖြင့် ပြန်လည်ဝင်ရောက်နိုင်သည့် ပတ်ဝန်းကျင်ဖန်တီးရာတွင် မိတ်ဆွေများအနေဖြင့် မိမိတို့ကိုဆက်လက်ကူညီကြလိမ့်မည်ဟု မျှော်လင့်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့သည်။ အာဆီယံဥက္ကဋ္ဌ၏ အပြုသဘောဆောင်သည့် ပူးပေါင်းကူညီမှု၊ တိုက်တွန်းမှု၊ လုပ်ငန်းဆောင်ရွက်မှုများသည် သိမ်မွေ့ရှုပ်ထွေးသည့် ရခိုင်ပြည်နယ်အရေးကိစ္စကို ဖြေရှင်းရာတွင် များစွာအထောက်အကူပြုမည်ဖြစ်၍ အာဆီယံ၏ကူညီမှုများကို ကြိုဆိုထောက်ခံရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)ဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စများကို ကိုယ်ပိုင်စွမ်းအားများနှင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ တိုးတက်ဖြစ်ထွန်းမှုများ ရရှိနေသည်။ ယခုအာဆီယံဥက္ကဋ္ဌ၏ တိုက်တွန်းမှု၊ အာဆီယံအတွင်းရေးမှူးချုပ်၏ အဆိုပြုမှုများဖြင့် အာဆီယံ၏ကူညီထောက်ပံ့မှုများသည် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရာ၌ အထောက်အပံ့ကောင်းများဖြစ်စေပါသည်။

ရခိုင်ပြည်နယ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့် အာဆီယံ၏ ထောက်ခံအားပေးကူညီမှုများသည် ရခိုင်ပြည်နယ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အလားအလာကောင်းများဖြစ်ပြီး မြန်မာနိုင်ငံအပေါ် အမြင်လွဲမှားသည့် နိုင်ငံတကာမှဖိအားများ လျော့ကျရေးနှင့် မြန်မာနိုင်ငံအပေါ် လူ့အခွင့်အရေးရှုထောင့်မှ စွပ်စွဲမှုများအပေါ် ချေဖျက်ပေးရာရောက်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ (၃၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် ရလဒ်များတွင် အစဉ်အလာမပျက် အာဆီယံနိုင်ငံများ၏ လက်တွဲပူးပေါင်းဆောင်ရွက်ချက်များသာမက ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့်လက်တွဲ၍ မြန်မာနိုင်ငံ၏ ရပ်တည်ချက်၊ ဆောင်ရွက်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များအတွက် အထောက်အပံ့ကောင်းများဖြစ်စေပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၆**

(၇၂) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၁၃၈၁ ခုနှစ် ပြာသိုလဆန်း ၃ ရက်မှ တပို့တွဲလဆန်း ၅ ရက်အထိ (ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၉ ရက်အထိ) ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ရှိ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကျင်းပမည်ဖြစ်**

အဆိုပါ စာမေးပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပခြင်းဖြစ်ပြီး စာမေးပွဲဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၈ နာရီခွဲတွင် ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပမည်ဖြစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်များ၊ စာထောက်စာမဆရာတော်များ၊ စာပြန်စာဖြေ သံဃာတော်များ ကြွရောက်တော်မူကြမည်ဖြစ်ကြောင်း သိရသည်။

**လှူဒါန်းနိုင်**

လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် လှူဖွယ်ပစ္စည်းများကို ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး တောင်ဘက်မုခ် အလှူဌာနနှင့် ညွှန်ကြားရေးမှူး (စာမေးပွဲဌာနခွဲ) ဖုန်း ၀၉-၂၆၄၄၃၆၅၄၅ တို့တွင် လာရောက်လှူဒါန်းနိုင်ပါကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

**ဂျိုင်းလော**

# အဆင့်မြင့် သတင်းအချက်အလက်နည်းပညာ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

ပညာရေးဝန်ကြီးဌာန သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၏ အဆင့်မြင့် သတင်းအချက်အလက် နည်းပညာ သုတေသနစာတမ်းဖတ်ပွဲ (၂၀၁၉)ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Melia Hotel ၌ ကျင်းပသည်။



**စာတမ်းရှင် ၅၀**

သုတေသန စာတမ်းဖတ်ပွဲတွင် သတင်းအချက်အလက် နည်းပညာ တက္ကသိုလ်မှ ဘွဲ့လွန်သုတေသန စာတမ်းပြုစုသူများနှင့် ပြည်ပနိုင်ငံများမှ သုတေသနပညာရှင်များ အပါအဝင် စုစုပေါင်းစာတမ်းရှင် ၅၀ တို့က အဆင့်မြင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ သုတေသနစာတမ်းများကို နိုဝင်ဘာ ၇ ရက်အထိ ဖတ်ကြားသွားမည်ဖြစ်သည်။

"ဒီနေ့ကျင်းပတဲ့ စာတမ်းဖတ်ပွဲက သုတေသနပိုင်းကို အဓိကရည်ရွယ်ပါတယ်။ နိုင်ငံတကာသုတေသနပညာရှင်တွေလည်း စာတမ်းတင်သွင်းကြမှာ ဖြစ်ပါတယ်။ တင်သွင်းတဲ့ စာတမ်းတိုင်းကို ပေးဖတ်တာ မဟုတ်ပါဘူး။ စာတမ်းတစ်စောင်ကို တင်သွင်းတဲ့အခါ အနည်းဆုံး နိုင်ငံခြား ပါမောက္ခ နှစ်ဦးနဲ့ မြန်မာပါမောက္ခ တစ်ဦးတို့က နည်းပညာအသစ်နဲ့ တီထွင်ကြံဆမှုဆိုင်ရာ ဖန်တီးထားတဲ့ စာတမ်းတွေကို ဖတ်ကြားခွင့်ပြုပါတယ်။ စာတမ်းတင်သွင်းတဲ့ သုတေသနပညာရှင်တွေရဲ့ အကြံဉာဏ်တွေကနေတစ်ဆင့် ပိုမိုကောင်းမွန်တဲ့ သုတေသနလုပ်ငန်းတွေ ဖော်ဆောင်နိုင်မယ့် အခွင့်အရေးကို အခုကွန်ဖရင့်ကတစ်ဆင့် ရရှိလာမယ်လို့လည်း မျှော်လင့်ပါတယ်" ဟု သတင်းအချက်အလက်နည်းပညာ ပါမောက္ခချုပ် ဒေါက်တာစောစန္ဒာအေး (အပေါ်ပုံ) က ပြောသည်။

**ထည့်သွင်းဖော်ပြမည်**

ယခုနှစ်ကျင်းပသည့် စာတမ်းဖတ်ပွဲမှစတင်၍ သုတေသနစာတမ်းများကို IEEE Digital Library တွင် ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပြီး အဆိုပါ စာတမ်း ဖတ်ပွဲများကို ၂၀၁၇ ခုနှစ်တွင် စတင်ကျင်းပခဲ့ရာ ယခုအကြိမ်သည် တတိယအကြိမ်ဖြစ်ကြောင်း သိရသည်။

**တက်ရောက်ကြ**

အဆိုပါ စာတမ်းဖတ်ပွဲသို့ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်တို့မှ ဆရာ ဆရာမများ၊ ပြည်ပတက္ကသိုလ်များမှ ပါမောက္ခများ၊ အမေရိကန်ပြည်ထောင်စု၊ ဂျာမနီ၊ ဂျပန်နှင့် မလေးရှားနိုင်ငံတို့မှ သုတေသနပညာရှင်များနှင့် သုတေသန စာတမ်းဖတ်ကြားမည့်သူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်း- မွန်းဦးနဒီ**

**ဓာတ်ပုံ-လှမိုး**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၆-၁၁-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၅၀၀ | ၄၆၁ | ၅,၂၅၁,၅၀၀ |
| MTSH | ၃,၉၀၀ | ၃,၉၅၀ | ၃,၈၅၄ | ၁၅,၁၆၈,၃၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၀ | ၀ |
| FPB | ၂၃,၀၀၀ | ၂၃,၀၀၀ | ၂၁ | ၄၈၃,၀၀၀ |
| TMH | ၂,၉၅၀ | ၂,၉၅၀ | ၉၆ | ၂၈၃,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၆

ရန်ကုန်(ရွှေဈေး) ၁၂၁၁၀၀၀ မန္တလေး(ရွှေဈေး) ၁၂၁၁၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၁၀/၉၆၀ ကျပ် | ၉၆၅/၉၇၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၂၀/၉၆၀ ကျပ် | ၁၀၀၅/၁၀၁၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၂၀/၈၆၀ ကျပ် | ၈၉၅/၉၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၂၀/၉၇၅ ကျပ် | ၉၈၀/၉၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၇၀/၈၈၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၈၀/၉၀၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၁၅/၈၂၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၃.၂ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၇၈.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၆.၂၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၉.၉၄၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၅.၈၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၃၃၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၈၈.၁ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၀.၇၆ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၄.၉ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၄.၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၄၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❒ **နိုင်ငံတော်သမ္မတမှ**

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမိုးအောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီး၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက မော်လမြိုင်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ ကျိုက်မရောမြို့သို့ ရောက်ရှိကြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၄)က တာဝန်ယူတည်ဆောက်နေသော ကျိုက်မရော-စံပယ်ဂူ-ကော့ပနော့လမ်းပေါ်တွင် တည်ရှိသည့် အတ္တရံမြစ်ကူး (စံပယ်ဂူ)တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား စီမံကိန်းရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က မြန်မာနိုင်ငံ အရှေ့-အနောက်စီးပွားရေးစင်္ကြံလမ်းမကြီးပေါ်ရှိ ဂျိုင်း(ကော့ကရိတ်)၊ ဂျိုင်း(ဇာသပြင်)နှင့် **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❖



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်အဖွဲ့အား မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမိုးအောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီးနှင့် တာဝန်ရှိသူများက မော်လမြိုင်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်အဖွဲ့ အတ္တရံမြစ်ကူး (စံပယ်ဂူ)တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

❂ **ငြိမ်းချမ်းရေးခရီးလမ်းမှ**

အခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေ အမှတ် ၆၂ အရ သံလွင်ခရိုင်၊ ဖာပွန်ဒေသကို ကရင်ပြည်နယ်အဖြစ် စတင်ဖွဲ့စည်းခဲ့ပါသည်။ ယင်းနောက် ၁၉၅၂ ခုနှစ်၊ ကရင်ပြည်နယ်တိုးချဲ့သတ်မှတ်ရေးအက်ဥပဒေ အမှတ် ၁၄ အရ ကရင်ပြည်နယ်အား မြို့နယ်ပေါင်း (၆) မြို့နယ်ဖြင့် လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့၌ မြဝတီမြို့အား မြို့နယ်တစ်ခုအဖြစ်သတ်မှတ်၍ စုစုပေါင်း မြို့နယ် (၇) မြို့နယ်ဖြင့်လည်းကောင်း ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေအား နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးသည့် နိုဝင်ဘာလ (၇) ရက်နေ့ကို ကရင်ပြည်နယ်နေ့အဖြစ် ၁၉၅၅ ခုနှစ်မှစတင်၍ သတ်မှတ်ကျင်းပခဲ့ရာ ယခုဆိုလျှင် (၆၄) နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။

**ပူးပေါင်းအကောင်အထည်ဖော်**

ယနေ့အချိန်အခါတွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီး ခိုင်မာစွာတည်ဆောက်နိုင်ရေး ရည်မှန်းချက်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကြိုးပမ်းလျက်ရှိပါသည်။ ထိုသို့တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် ကရင်ပြည်နယ်တွင်လည်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ လျှပ်စစ်မီးကဏ္ဍ၊ စီးပွားရေးကဏ္ဍ အစရှိသဖြင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် ကရင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ပြည်သူလူထုနှင့်အတူ အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို မိမိတို့အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဆန္ဒတူညီ လက်တွဲဆောင်ရွက်လျက်ရှိကြပါသည်။ တိုင်းရင်းသားအားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံအစည်းအဝေးများ ကျင်းပနိုင်ခဲ့ပြီး ပြည်ထောင်စုသဘောတူစာချုပ် အခြေခံမူ (၅၁) ချက်ကို သဘောတူညီမှုရရှိထားပြီဖြစ်ပါသည်။ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ စိတ်ရှည်သည်းခံမှု၊ ပွင့်လင်းမြင်သာမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ လေးစားလိုက်နာမှု၊ ချစ်ကြည်ရင်းနှီးမှုများဖြင့် အတူတကွ ကြိုးပမ်းဖော်ဆောင်မှုများကြောင့် ကရင်ပြည်နယ်အတွင်း တိုက်ပွဲသံများချုပ်ငြိမ်းလာကာ မိမိတို့ဒေသဖွံ့ဖြိုးရေးကိစ္စအဝဝကို အာရုံစိုက်ဆောင်ရွက်နေနိုင်ပြီ ဖြစ်ပါသည်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ဖော်ဆောင်နိုင်ကာ ကရင်ပြည်နယ်အတွင်း ဒေသခံပြည်သူများ၏ လူမှုစီးပွားများ တစ်စထက်တစ်စ တိုးတက်မြင့်မားလာမည်ဟုလည်း မျှော်လင့်ထားပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် အမျိုးသားပြန်လည်သင့်မြတ်မှုတို့ကို ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်နိုင်သည်နှင့်အမျှ ငြိမ်းချမ်းသာယာဝပြောပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးကို ပြည်သူတို့၏ ဆန္ဒ၊ ဝီရိယ၊ စိတ်ဓာတ်၊ ဉာဏ်ပညာတို့ဖြင့် တည်ဆောက်နိုင်မည်ဟုလည်း ယုံကြည်ပါသည်။

ကရင်ပြည်နယ်သည် ဇွဲကပင်တောင်အပါအဝင် မပျက်စီးသေးသော သဘာဝတောတောင်များ၊ ရှေးဟောင်းစေတီပုထိုးများ၊ သဘာဝလိုဏ်ဂူများနှင့် ရေတံခွန်စိမ့်စမ်းများ၊ သံလွင်မြစ်ကြောင်း စသည့် သဘာဝအလှများနှင့် ကရင်တိုင်းရင်းသားများ၏ ရိုးသားပွင့်လင်းမှု၊ ရင်းနှီးဖော်ရွေမှုများကြောင့် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ပြည်တွင်း ပြည်ပ ခရီးသွားလုပ်ငန်းများ အထူးဖွံ့ဖြိုးလာမည့် သာယာလှပသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။ ထို့အပြင် ကရင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက် အဓိကစီးပွားရေးကုန်သွယ်မှုနေရာ ဖြစ်ပါသည်။ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား (၂) စင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများကို ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သောကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ တိုးမြင့်လာခြင်းနှင့်အတူ ပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုများကိုလည်း ဝမ်းမြောက်ဝမ်းသာစွာ တွေ့မြင်နေရပြီဖြစ်ပါသည်။

**ဟန်ချက်ညီညီ ဝိုင်းဝန်းထိန်းသိမ်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် တွေ့ကြုံဆဲနှင့် တွေ့ကြုံလတ္တံ့သော အခက်အခဲများနှင့် စိန်ခေါ်မှုမှန်သမျှကို အောင်မြင်စွာ ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက စိတ်တူကိုယ်တူ ဆန္ဒတူဖြင့် ပူးပေါင်းလက်တွဲကာ ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်ဖြစ်သော ငြိမ်းချမ်းရေးခရီးလမ်းကို လျှောက်လှမ်းရာတွင် ကရင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများအားလုံး၏ အားကြိုးမာန်တက် စုစည်းညီညွတ်မှုဖြင့် ပူးပေါင်းဆောင်ရွက်မှုသည်လည်း ငြိမ်းချမ်းရေးခရီး၌ ခွန်အားတစ်ရပ်အဖြစ် များစွာအထောက်အပံ့ဖြစ်လျက်ရှိပါသည်။ မိမိတို့ရရှိဖြစ်ထွန်းလျက်ရှိသည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများအား မြဲမြံစွာဆုပ်ကိုင်လျက် အနှစ်နှစ်အလလက လိုလားတောင့်တခဲ့သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီးကို အောင်မြင်စွာ တည်ဆောက်နိုင်စေရန် တိုင်းရင်းသားပြည်သူများအားလုံး စည်းလုံးညီညွတ်စွာ ဟန်ချက်ညီညီ ဝိုင်းဝန်းထိန်းသိမ်းပူးပေါင်းဆောင်ရွက်ကြပါလို့ တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

**အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ စိတ်ရှည်သည်းခံမှု၊ ပွင့်လင်းမြင်သာမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ လေးစားလိုက်နာမှု၊ ချစ်ကြည်ရင်းနှီးမှုများဖြင့် အတူတကွ ကြိုးပမ်းဖော်ဆောင်မှုများကြောင့် ကရင်ပြည်နယ်အတွင်း တိုက်ပွဲသံများချုပ်ငြိမ်းလာကာ မိမိတို့ဒေသဖွံ့ဖြိုးရေး ကိစ္စအဝဝကို အာရုံစိုက်ဆောင်ရွက်နေနိုင်ပြီဖြစ်**

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ

## ပြည်တွင်းရေးရာ

❖ စာမျက်နှာ ၃ မှ

အတ္တရံတံတားများ အဆင့်မြင့်တင် တည်ဆောက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက အတ္တရံမြစ်ကူး(စံပယ်ဂူ) တံတားစီမံကိန်း ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု၊ တံတားဆိုင်ရာ အချက်အလက်များ၊ တံတားအူကြောင်း ရွေးချယ်ထားရှိမှု၊ လုပ်ငန်းစီမံချက်နှင့် တိုးတက်မှု၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ချဉ်းကပ်လမ်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်သမ္မတက တင်ပြချက်များနှင့်စပ်လျဉ်းပြီး လမ်းညွှန်အမှာစကားပြောကြားရာတွင် နိုင်ငံသူ နိုင်ငံသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည်လည်း အဓိကဦးစားပေးအခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အညီ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ လမ်းတံတားများ တည်ဆောက်သည့်အခါ ရေရှည်တည်တံ့ခိုင်မြဲရန်နှင့် နိုင်ငံတော်၏ ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုမဖြစ်အောင် စနစ်တကျစိစစ်ကြပ်မတ်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ တည်ဆောက်သည့် နည်းပညာနှင့် အရည်အသွေးကောင်းမွန်မှသာ ရေရှည်ခိုင်မြဲမည်ဖြစ်ပါကြောင်း၊ ယခု တံတားတည်ဆောက်ရေးတွင် တာဝန်ယူထားကြသည့် ပညာရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းကျွမ်းကျင်မှုနှင့်အတူ စေတနာပါထားပြီး ဆောင်ရွက်ပေးကြစေလိုပါကြောင်း။

### သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်

တံတားတည်ဆောက်ရာတွင် အသုံးပြုမည့်ပစ္စည်းများ၏ အရည်အသွေးကို စစ်ဆေးပြီး မှန်မှန်ကန်ကန်အသုံးပြုနိုင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တံတားကြီးကိုသတ်မှတ်စံချိန်စံညွှန်းမီအောင် တည်ဆောက်သွားကြရမည်ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် ရေလမ်းကြောင်းပြောင်းလဲမှုဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ ယခု တံတားကြီးတည်ဆောက်ပြီးစီးပါက နိုင်ငံသူ နိုင်ငံသားများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကို များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူများ အမြန်ဆုံးအသုံးပြုနိုင်ရန် သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း တံတား၏အရည်အသွေးနှင့် စံချိန်စံညွှန်းကို မထိခိုက်စေရန် လိုအပ်ပါကြောင်း မှာကြားသည်။

အတ္တရံမြစ်ကူး (စံပယ်ဂူ)တံတား တည်ဆောက်ပြီးစီးပါက အတ္တရံမြစ်၏ အရှေ့ဘက်ကမ်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများသည် ကျိုက်မရောမြို့သို့ အချိန် မိနစ် ၃၀ အတွင်း လွယ်လင့်တကူ ဆက်သွယ်သွားလာနိုင်ပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် မော်လမြိုင်မြို့မှ တံတားကြီးကို ဖြတ်သန်း၍ တရနာ-ဘုရားကုန်းလမ်းနှင့် မုဒုံ-မြဝတီလမ်းမတစ်ဆင့် ထိုင်းနိုင်ငံနှင့် နယ်စပ်မြို့ဖြစ်သည့် မြဝတီမြို့သို့ အချိန်တိုအတွင်း ရောက်ရှိနိုင်သည့်အတွက် ဒေသတွင်းကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့လာပြီး ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုအခါ တံတားတစ်စင်းလုံး၏ ၃၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း အပြီးတည်ဆောက်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် သံဖြူဇရပ်မြို့ရှိ မြန်မာ-ထိုင်း သေမင်းတမန် မီးရထားလမ်းပြတိုက်သို့ ရောက်ရှိကြကာ ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုကြပြီး ဂျပန်ခေတ်မီးရထားစက်ခေါင်းနှင့် မြန်မာ-ထိုင်း သေမင်းတမန်မီးရထားလမ်း စတင်သည့်နေရာတို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ကျိုက္ခမီမြို့သို့ရောက်ရှိကြပြီး ကျိုက္ခမီရေလယ်ဘုရားအား သွားရောက်ဖူးမြော်ကာ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသင်္ကန်းတို့ကို ကပ်လှူပူဇော်ပြီး ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို ကျိုက္ခမီရေလယ်ဘုရား ဂေါပကအဖွဲ့ထံ အလှူငွေများပေးအပ်လှူဒါန်းစဉ်။



## အင်းဝဘဏ်လီမိတက်၏ ဘဏ်ခွဲ ၆၃ ခုမြောက် မြိုင်ကလေး (မြို့မ)ဘဏ်ခွဲ ဖွင့်လှစ်

**မြိုင်ကလေး နိုဝင်ဘာ ၆**

အင်းဝဘဏ်လီမိတက် မြိုင်ကလေး(မြို့မ)ဘဏ်ခွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ ဘဏ်ခွဲ ပရဝဏ်တွင် ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်း၊ ပြည်နယ်စာရင်းစစ်ချုပ် ဦးစောလှထွန်း၊ ပြည်နယ်အစိုးရအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ဇော်မိုးနှင့် အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် မင်းမင်းစိုးက အင်းဝဘဏ်လီမိတက် မြိုင်ကလေး (မြို့မ)ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် မြိုင်ကလေး (မြို့မ)ဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ ၆၃ ခုမြောက် ဘဏ်ခွဲဖြစ်ပြီး ရန်ကုန်-ဘားအံ ကားလမ်းဘေး မြိုင်ကလေး စံပြကျေးရွာ ဘားအံမြို့နယ် ကရင်ပြည်နယ်တွင် ဖွင့်လှစ်ထားရှိသည်။

အင်းဝဘဏ်လီမိတက်အနေဖြင့် ပြည်တွင်းငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ၉ ရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့် အချိန်ကာလအပိုင်းအခြားအလိုက်မူတည်၍ ၁၀ ရာခိုင်နှုန်းအထိ အတိုးနှုန်းများပေးအပ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**


## အော်စကာအပါအဝင် ရုပ်ရှင်ဇာတ်ကားဆုများစွာ ရရှိထားသည့် “Midnight in Paris” ကို လေ့လာမှုအစီအစဉ် ပြုလုပ်ကြမည်

**ရန်ကုန် နိုဝင်ဘာ ၆**

အမေရိကန် နာမည်ကျော်ဒါရိုက်တာ “Woody Allen” ကိုယ်တိုင် ဇာတ်ညွှန်းရေးသား ရိုက်ကူးထားသည့် ၎င်း၏ ၄၁ ကားမြောက် လက်ရာကောင်းတစ်ခုဖြစ်သော “Midnight in Paris” ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာ ၁၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ ကြည့်ရှုပြီး ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမှု အစီအစဉ်ပြုလုပ်ကြမည်။

ယင်းအစီအစဉ်ကို မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်အဖြစ် (၂၉)ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။

အဆိုပါဇာတ်လမ်းမှာ Romance, Comedy ဇာတ်လမ်းအမျိုးအစားဖြစ်ပြီး ဇာတ်လမ်းအကျဉ်းမှာ ဝတ္ထုစာပေအလွန်စိတ်ဝင်စားသော အမျိုးသားတစ်ဦးသည် ၎င်းလက်ထပ်မည့် အမျိုးသမီးနှင့်အတူ ပါရီမြို့သို့ သွားရောက်လည်ပတ်စဉ် သဘောထားမတူညီသဖြင့် လမ်းခွဲပြီး တစ်ယောက်တည်း လျှောက်သွားချိန်၌ ၁၉၂၀ ပြည့်နှစ် ပါရီအနုပညာရွှေခေတ်၏ သူရဲကောင်းအနုပညာရှင် လူထူးလူဆန်းများနှင့် တွေ့ဆုံခင်မင်ခွင့်ရခဲ့သည့် အခြေအနေကို လွမ်းဆွတ်ဖွယ်ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ ၎င်းရုပ်ရှင်ဇာတ်ကားကို ၂၀၁၁ ခုနှစ်က Cannes Film Festival ဖွင့်ပွဲတွင် ပြသခဲ့ပြီး အော်စကာအပါအဝင် ရုပ်ရှင်ပွဲတော်များစွာမှ Best Original Screenplay ဆုများရရှိထားကြောင်း သိရသည်။




**သိန်းထိုက်သူ (FDC)**

## မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နှစ်(၁၀၀) ပြည့် အထိမ်းအမှတ်အခမ်းအနား (UMFCCI Centennial Celebration) ကို နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတက်ရောက်မည့် အသင်းသူ အသင်းသားများအတွက် ရန်ကုန်-နေပြည်တော် အသွားအပြန် မော်တော်ယာဉ်၊ နံနက်စာ၊ နေ့လယ်စာနှင့် ဟိုတယ်တစ်ညတည်းခိုခွင့်တို့ကို UMFCCI မှ စီစဉ်ပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း ၀၁-၂၃၀၁၅၆၄၊ ၀၉-၄၅၀၂၀၀၃၄၀၊ ၀၉-၄၅၀၂၀၀၂၅၀ တို့ကို ဆက်သွယ်မေးမြန်းနိုင်ကြောင်း UMFCCI မှ သိရသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် NGO အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ၁၉၁၉ ခုနှစ်တွင် Burmese Chamber of Commerce အဖြစ် စတင်တည်ထောင်ခဲ့ရာ ယခုနှစ်တွင် နှစ်(၁၀၀) ပြည့်မြောက်ပြီဖြစ်သည်။

**မောင်လှမော်**

# ရာသီဥတုပြောင်းလဲမှုလျှော့ချနိုင်ရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး မြေသယံဇာတအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲရန်လိုအပ်ကြောင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြောကြား



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားမြေအသုံးချမှုကောင်စီ စတုတ္ထအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၆**

အမျိုးသား မြေအသုံးချမှုကောင်စီ စတုတ္ထအကြိမ် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ အမျိုးသား မြေအသုံးချမှုကောင်စီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသား မြေအသုံးချမှုကောင်စီ အတွင်းရေးမှူး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ လုပ်ငန်း


ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ရှင်းလင်းတင်ပြစဉ်။

ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လုပ်ငန်းစဉ်တစ်ခုဖြစ်**

အစည်းအဝေးတွင် အမျိုးသား မြေအသုံးချမှုကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတက အမျိုးသားမြေအသုံးချမှုကောင်စီ၏လုပ်ငန်းတာဝန်များအနက် မြေယာစီမံခန့်ခွဲမှုနှင့် ဆက်စပ်နေသည့် လက်ရှိဥပဒေများကို လေ့လာဆန်းစစ်ပြီး အဆိုပါဥပဒေများကို လွှမ်းခြုံသည့် အမျိုးသားမြေဥပဒေကို အမျိုးသားမြေအသုံးချမှုမူဝါဒနှင့်အညီ ရေးဆွဲရမည့် လုပ်ငန်းတာဝန်သည် အနာဂတ်မြန်မာနိုင်ငံတွင် စနစ်တကျ ကောင်းမွန်သည့် မြေယာစီမံခန့်ခွဲမှုစနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် အလွန်အရေးပါသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း။

မြေယာစီမံခန့်ခွဲမှုစနစ်များနှင့် ဆက်စပ်ပြီး ယနေ့ဖြစ်ပေါ်နေသည့် ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှုများကို ပြောကြားလိုပါကြောင်း၊ မြေသယံဇာတအရင်းအမြစ်များသည် လူသားများအတွက် အခြေခံအကျဆုံး သဘာဝသယံဇာတ အရင်းအမြစ်များဖြစ်ပြီး စားနပ်ရိက္ခာ၊ သန့်ရှင်းသည့်ရေနှင့် ဇီဝမျိုးစုံမျိုးကွဲများ အပါအဝင် အခြားဂေဟစနစ် ဝန်ဆောင်မှုများကို မြေသယံဇာတ အရင်းအမြစ်များမှ ထောက်ပံ့ပေးနေခြင်းဖြစ်ပါကြောင်း၊


ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ရှင်းလင်းတင်ပြစဉ်။

မြေသယံဇာတအရင်းအမြစ်များက လူသားများအတွက် အခြေခံအကျဆုံး သဘာဝသယံဇာတအရင်းအမြစ်များ ဖြစ်သော်လည်း ကမ္ဘာကြီးပူနွေးမှုကို ဖြစ်ပေါ်စေသည့် မှန်လုံအိမ်ဓာတ်ငွေ့များ (Greenhouse gases –GHGs) ထုတ်လွှတ်နိုင်သည့် အရင်းအမြစ်များလည်းဖြစ်ပါကြောင်း၊ Intergovernmental Panel on Climate Change–IPCC ၏ အစီရင်ခံစာအရ ၂၀၀၇ ခုနှစ်မှ ၂၀၁၆ ခုနှစ်ကာလအတွင်း စိုက်ပျိုးရေး၊ သစ်တောနှင့် အခြားမြေအသုံးချမှုပြောင်းလဲခြင်း (Agriculture, Forestry and Other Land Use – AFOLU) ကဏ္ဍမှ မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုစုစုပေါင်း၏ ၂၃ ရာခိုင်နှုန်း ထုတ်လွှတ်ခဲ့မှု တွေ့ရှိရပါကြောင်း။

**စနစ်တကျစီမံခန့်ခွဲ**

မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲလာခြင်း၏ ရိုက်ခတ်မှုဖြစ်သည့် ၂၀၀၈ ခုနှစ် သမိုင်းဝင် နာဂစ်မုန်တိုင်း၊ ယနေ့လက်ရှိတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် နိုင်ငံအနှံ့အပြား ရေလွှမ်းမိုးမှု၊ မြေပြိုမှု၊ အပူချိန်လွန်ကဲမှု အစရှိသည့် ပြင်းထန်လှသည့် မိုးလေဝသဖြစ်စဉ်များကို နှစ်စဉ် ပိုမိုပြင်းထန်စွာ ခံစားလာနေရမှုနှင့် လူမှုစီးပွားပျက်စီးဆုံးရှုံးရမှုတို့ကြောင့် ၁၉၉၈ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုကို ထိခိုက်ခံစားလွယ်သည့် နိုင်ငံများအနက် တတိယအဆင့်တွင် ရပ်တည်နေခဲ့ပါကြောင်း၊


ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ရှင်းလင်းတင်ပြစဉ်။

ထို့ကြောင့် မြန်မာနိုင်ငံ၌ ရာသီဥတုပြောင်းလဲမှုလျှော့ချနိုင်ရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် မြေသယံဇာတအရင်းအမြစ်များကို စနစ်တကျ စီမံခန့်ခွဲရန်လိုအပ်ပါကြောင်း။

**အဓိကသက်ဆိုင်နေ**

၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံက Agenda 2030 ခေါ်သည့် ဖွံ့ဖြိုးမှုစီမံချက် (New Development Plan) ကို သဘောတူညီလက်ခံခဲ့ပြီး Agenda 2030 မှာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရည်မှန်းချက်များ (Sustainable Development Goals– SDGs) (၁၇)ခု ပါဝင်ပါကြောင်း၊ ယင်းစဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက် အများစုသည် မြေယာစီမံခန့်ခွဲမှုနှင့် ဆက်နွှယ်နေပြီး ရည်မှန်းချက် အမှတ်စဉ် (၁၅)သည် ကမ္ဘာလုံးဆိုင်ရာ ဂေဟစနစ်များကို ကာကွယ်ထိန်းသိမ်းပြီး ရေရှည်တည်တံ့စေရန် အသုံးပြုရေး၊ သစ်တောများ ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲရေးနှင့် သဲကန္တာရများ ဖြစ်ထွန်းမှုပပျောက်စေရေး၊ မြေယာပြုန်းတီးမှု၊ ယိုယွင်းပျက်စီးမှုရပ်တန့်စေရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပြုန်းတီးမှုရပ်တန့်စေရေးတို့ ဖြစ်ပြီး မြေယာစီမံခန့်ခွဲမှုနှင့် အဓိကသက်ဆိုင်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

**ဖော်ပြထား**

ထို့ပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော


ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရှင်းလင်းတင်ပြစဉ်။

ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈–၂၀၃၀ ခုနှစ်) (Myanmar Sustainable Development Plan–MSDP) ၏ မဟာဗျူဟာ 5.5 မှာ သဘာဝအရင်းအမြစ်များ၏ အကျိုးအမြတ်များကို ပြည်သူအားလုံး ရရှိခံစားရစေရေးအတွက် မြေယာစီမံခန့်ခွဲမှုနှင့် သယံဇာတ အခြေပြုလုပ်ငန်းများ၏ ရေရှည်တည်တံ့သည့် စီမံခန့်ခွဲမှုတို့ကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် ဖော်ပြထားပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံ၌ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး၊ Agenda 2030 ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရည်မှန်းချက်များ ပြည့်မီစေရန်နှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရေရှည်တည်တံ့ပြီး စနစ်တကျကောင်းမွန်သည့် မြေယာစီမံခန့်ခွဲမှုစနစ်များ ပေါ်ထွန်းလာစေရေးသည် အထူးလိုအပ်လျက်ရှိပါကြောင်း။

**ဖွဲ့စည်းခဲ့**

ယခုအခါ အမျိုးသားမြေအသုံးချမှုကောင်စီအနေဖြင့် မြေအသုံးချမှုစီမံခန့်ခွဲရေးနှင့်သက်ဆိုင်သည့် ဥပဒေအသီးသီးကို လွှမ်းခြုံနိုင်သည့် အမျိုးသား မြေဥပဒေရေးဆွဲရန်နှင့် အဆိုပါ အမျိုးသားမြေဥပဒေနှင့် တည်ဆဲမြေဥပဒေများ သဟဇာတဖြစ်စေရန်


ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ရှင်းလင်းတင်ပြစဉ်။

အတွက် အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီကို အမျိုးသားမြေအသုံးချမှုကောင်စီ၏ အထောက်အကူပြုလုပ်ငန်းကော်မတီတစ်ခုအဖြစ် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

ထို့ပြင် အမျိုးသားမြေအသုံးချမှုကောင်စီသည် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် မြေအရင်းအမြစ်များ၏ သတင်းအချက်အလက်၊ မြေပုံများမှန်ကန်စေရေး၊ စနစ်တကျရေးဆွဲထုတ်ပြန်ရေး၊ မြေအရင်းအမြစ်များစီမံခန့်ခွဲရာတွင် စနစ်တကျဖြစ်စေရေးအတွက် အမျိုးသားမြေအသုံးချမှုမူဝါဒ လမ်းညွှန်ချက်များနှင့်အညီ မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ် (OneMap Myanmar) အကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ် (OneMap Myanmar) ရေးဆွဲ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ မြေအသုံးချမှုစီမံအုပ်ချုပ်ရေးကိစ္စများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေနှင့် ပညာရပ်ဆိုင်ရာ အကြံဉာဏ်များ ပေးနိုင်ရေးအတွက် မြေအသုံးချမှုဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာ အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီတို့ကို အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်**

အဆိုပါ လုပ်ငန်းကော်မတီများအနေဖြင့် လုပ်ငန်းများဆောင်ရွက်သည့်နေရာတွင် အမျိုးသားမြေအသုံးချမှုကောင်စီ၏ လမ်းညွှန်မှု၊ နည်းပညာအကြံပေးအဖွဲ့၏ပံ့ပိုးမှု၊ လုပ်ငန်းကော်မတီများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)တို့၏ မြေအသုံးချမှုကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

အမျိုးသား မြေအသုံးချမှုကောင်စီအနေဖြင့် မြေသယံဇာတများကို စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်ဖို့အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အစဉ်အမြဲသုံးသပ်ပြီး အဆိုပါလုပ်ငန်းတာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ဝင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ယနေ့အစည်းအဝေးမှာ ရှေ့ဆက်ဆောင်ရွက်ကြရမည့် လုပ်ငန်းများကို ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးညှိနှိုင်းကြပါရန် ပြောကြားသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီအတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက တတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် စနစ်ကျကောင်းမွန်သော မြေယာစီမံခန့်ခွဲမှု တိုးတက်ဖြစ်ပေါ်လာစေရေးအတွက် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) နှင့် **စာမျက်နှာ ၆ သို့** ❑

*** ကျောဖုံးမှ**

စွန့်လွှတ်လွှဲပြောင်းနိုင်ရေးအတွက် မူဝါဒလုပ်ငန်းစဉ် (၅၂) ချက်ကို အောက်ခြေအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်သူတို့၏လိုလားချက်များ၊ မြေသိမ်းခံတောင်သူတို့၏ တင်ပြချက်များကို တရားဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ အလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**မြှင့်တင်ဆောင်ရွက်**

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေးဗဟိုကော်မတီကို နိုင်ငံတော်သမ္မတရုံးက ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၁၉ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီများအနေဖြင့် ဗဟိုကော်မတီကို အထောက်အကူပြုနိုင်ရေးနှင့် လက်တွေ့မြေပြင်တွင် လုပ်ငန်းကဏ္ဍများတွင် သိသာထင်ရှားသည့်တိုးတက်မှု အကျိုးရလဒ်များ ရရှိအောင် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၉ ခုနှစ် ဧပြီလ ၂၆ ရက်တွင် နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ကော်မတီများကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့သည့်အပြင် ခရိုင်နှင့် မြို့နယ်ကော်မတီများတွင်လည်း သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီကို အဖွဲ့ဝင်အဖြစ် ထပ်မံဖြည့်စွက်တာဝန်ပေးအပ်ခြင်းဖြင့် ပြည်သူလူထု၏ အကျိုးစီးပွားကာကွယ်စောင့်ရှောက်မှုကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအဆင့်ဆင့်အနေဖြင့် မြေကိစ္စတိုင်ကြားစာများအပေါ် မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် အညီ ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ဗဟိုကော်မတီ၏မူဝါဒ၊ လုပ်ငန်းစဉ်များအတိုင်း စိစစ်ဆောင်ရွက်မှုမရှိခြင်းနှင့် အထောက်အထား မှတ်တမ်းမှတ်ရာများ ပြည့်စုံစွာဖြင့် တင်ပြမှုမရှိခြင်းများကြောင့် ဗဟိုကော်မတီမှ ပြန်လည်စိစစ်ရန်ပေးပို့ရသည့် အမှုတွဲများကိုလည်း တွေ့ရှိရပါကြောင်း။

**ပြန်လည်စွန့်လွှတ်ပေးအပ်လျက်ရှိ**

ဝန်ကြီးဌာနများမှ အသုံးပြုရန်မလိုအပ်သည့် မြေများကို ပြန်လည်စွန့်လွှတ်ပေးအပ်လျက်ရှိရာ စွန့်လွှတ်သည့် ရည်ရွယ်ချက်မှာ မူလပိုင်ရှင်များထံ ပေးအပ်ရန်၊ ပိုလျှံ၍ စွန့်လွှတ်သည့်မြေများကို နိုင်ငံတော်ပိုင်မြေ (နိုင်ငံတော်အရန်မြေ) အဖြစ် ထားရှိရန်နှင့် ဝန်ကြီးဌာနအချင်းချင်းသို့ လွှဲပြောင်းပေးရန်ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးရန် မြေများနှင့် ပတ်သက်၍ လွှဲပြောင်းရယူမည့် ဝန်ကြီးဌာနများမှ မြေလွှဲကိစ္စရပ်များကို အမြန်ပြီးစီးအောင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ပိုလျှံအပ်နှံသော နိုင်ငံတော်ပိုင်မြေအဖြစ် သတ်မှတ်ထားသည့် မြေများကို အများပြည်သူ အကျိုးရှိအောင် အသုံးပြုရန်နှင့် အသုံးမပြုပါက သေချာစွာ စာရင်းရေးသွင်း ထိန်းသိမ်းထားရှိကြရမည် ဖြစ်ပါကြောင်း၊ မူလပိုင်ရှင်သို့ ပြန်လည်လွှဲပြောင်းသည့် မြေများတွင် အချို့မှာ သက်ဆိုင်ရာဝန်ကြီးဌာနမှ စွန့်လွှတ်ထားပြီးဖြစ်သော်လည်း ကာယကံရှင် လက်ဝယ်ရောက်ရှိရန် အချိန်ကြန့်ကြာနေမှုများ၊ ကာယကံရှင်လက်ဝယ်သို့ ရောက်ရှိခြင်းမရှိဘဲ အခြားသူထံသို့ ပေးအပ်ထားခြင်းများနှင့် မူလလက်ငုတ်နှင့် လက်ရှိလက်ငုတ် အငြင်းပွားနေမှုများကြောင့် အမှုတွဲများ ပြီးပြတ်မှုမရှိဘဲ နှောင့်နှေးကြန့်ကြာနေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ကော်မတီဥက္ကဋ္ဌများအနေဖြင့် အောက်ခြေ စိစစ်တွေ့ရှိချက်များနှင့် မြေပြင်ပကတိအခြေအနေများ ကွဲလွဲမှုမရှိစေရေးအတွက် ကွင်းဆင်းစိစစ်ကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် အဖွဲ့များဖွဲ့စည်း၍ စနစ်တကျ တာဝန်ပေး စီမံဆောင်ရွက်ကြစေလိုပါကြောင်း။

ဗဟိုကော်မတီဝင်များအနေဖြင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ တစ်ပတ်တစ်ကြိမ် အစည်းအဝေး ကျင်းပလျက်ရှိရာ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရသူများ၏ နစ်နာမှုကို မူဝါဒ၊ လုပ်ငန်းစဉ်(၅၂)ချက်နှင့်အညီ စိစစ်ဆောင်ရွက်ခြင်း ရှိ/မရှိ၊ နစ်နာသူကာယကံရှင် (တိုင်ကြားသူ)၏ ဖြစ်စဉ်တင်ပြချက်များ မှန်ကန်မှုရှိ/မရှိ၊ တင်ပြချက်မှန်ကန်ပါက အကျိုးစီးပွားနစ်နာမှုအတွက် ငွေကြေး သို့မဟုတ် မြေလျော်ကြေးပေးလျော်မှုများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ၊ ဗဟိုကော်မတီကမူဝါဒလုပ်ငန်းစဉ် (၅၂)ချက်နှင့်အညီ ဆုံးဖြတ်



ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ရှင်းလင်းတင်ပြစဉ်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ရှင်းလင်းတင်ပြစဉ်။

ဆောင်ရွက်ရမည့် အကြောင်းအခြင်းရာ မဟုတ်သည့် မြေယာကိစ္စရပ်များဖြစ်ပါက မည်ကဲ့သို့ စီမံဆောင်ရွက်ရမည်ဖြစ်သည်ကို နစ်နာသူကာယကံရှင် (တိုင်ကြားသူ)အား ပွင့်လင်းမြင်သာစွာ ခေါ်ယူတွေ့ဆုံ ရှင်းလင်းဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

စွန့်လွှတ်သည့်မြေများ သက်ဆိုင်သူလက်ဝယ် အမြန်ရောက်ရှိရေး လုပ်ငန်းစဉ် (၉)ရပ်၊ အပိုဒ်(၄)နှင့်အညီ လျော်ကြေးပေးရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပိုင်ဆိုင်သူကာယကံရှင်များ နစ်နာမှုမရှိစေရေးနှင့် အငြင်းပွားနိုင်သည့် နှုန်းထားများ မဖြစ်စေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ညှိနှိုင်းသတ်မှတ်ပေးသည့် မျှတသည့်နှုန်းထားများဖြစ်စေရန်နှင့် မြေပြင်တွင်မလိုလားအပ်သော ပြဿနာများ မဖြစ်စေရန် အထူးဂရုပြု ဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း။

**လုပ်ငန်းခေါင်းစဉ်အလိုက် စိစစ်တင်ပြ**

နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများ၏ လုပ်ငန်းခေါင်းစဉ်အလိုက် စိစစ်တင်ပြလာသည့် အမှုတွဲများအနက် တင်ပြတိုင်ကြားသူ ကာယကံရှင်အား ယနေ့အချိန်ထိ ဆက်သွယ်စုံစမ်းမရသည့် အမှုတွဲများ ပါဝင်သည်ကို စိစစ်တွေ့ရှိရသည့်အတွက် လိပ်စာရှင် ရှာဖွေမတွေ့ရှိသည့် တင်ပြတိုင်ကြားသူများ၏ အကျိုးစီးပွား နစ်နာမှုမရှိစေရေးမှာလည်း မိမိတို့ကော်မတီများအတွက် အရေးကြီးပါကြောင်း၊ လိပ်စာရှင် ရှာဖွေမတွေ့ရှိသည့် တင်ပြတိုင်ကြားချက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာကော်မတီရုံးများအနေဖြင့် Notice Board တင်၍ တင်ပြတိုင်ကြားသူ အပါအဝင် ၎င်းတို့၏ ဆွေမျိုးသားချင်း မိတ်ဆွေသင်္ဂဟတို့က သိမြင်၍ ကာယကံရှင်များ သိရှိဆောင်ရွက်နိုင်ရေး အချိန်ကာလတစ်ခုပေး၍ စီမံဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများသို့ တိုက်ရိုက်တိုင်ကြားသော တိုင်ကြားစာအမှုတွဲများကို ဖြေရှင်းဆောင်ရွက်မှု နောက်ဆုံးအခြေအနေများ၊ ယခင်အစိုးရလက်ထက် ပြည်ထောင်စုလွှတ်တော်သက်တမ်းတွင် ဖွဲ့စည်းခဲ့သော ပြည်ထောင်စုလွှတ်တော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ စုံစမ်းစစ်ဆေးရေးကော်မရှင်မှ တိုင်ကြားစာများနှင့်ပတ်သက်၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လွှဲပြောင်းပေးပို့ထားသော စိစစ်တွေ့ရှိချက် အစီရင်ခံစာများအပေါ် ဆောင်ရွက်ထားရှိမှု နောက်ဆုံးအခြေအနေများကို ရှင်းလင်းတင်ပြကြစေလိုပါကြောင်း။

**ဆောလျင်စွာဖြေရှင်း**

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ သီးခြားကိစ္စတစ်ရပ်အနေဖြင့် တင်ပြလာသည့် မြေကိစ္စရပ်များကို ဆောလျင်စွာဖြေရှင်းနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားလှယ်များနှင့် ဝန်ကြီးဌာနကိုယ်စားလှယ်များဖြင့် သီးခြားအစည်းအဝေးများ ပြုလုပ်ဖြေရှင်းဆောင်ရွက်လျက်ရှိရာ ဆောလျင်စွာ ဖြေရှင်းဆောင်ရွက်ရန်ရှိပါက သီးခြားအစီရင်ခံစာဖြင့် တင်ပြသွားရန်နှင့် အများပြည်သူသိရှိစေရန် သတင်းများ ထုတ်ပြန်ကြေညာပေးသွားရန် လိုအပ်ပါကြောင်း၊ ဗဟိုကော်မတီနှင့် ကော်မတီအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ အားနည်းချက်၊ အားသာချက်များကို ညှိနှိုင်းဆောင်ရွက်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် တစ်လတစ်ကြိမ် မဖြစ်မနေ အစည်းအဝေးပြုလုပ် ဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း။

ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ရာတွင် အဆင့်ဆင့်သော ကော်မတီများသို့ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်လမ်းညွှန်ချက်များ၊ လုပ်ငန်းဆိုင်ရာညွှန်ကြားချက်များနှင့် နိုင်ငံတော်၏ မူဝါဒများကို အလေးထားလိုက်နာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် ဗဟိုကော်မတီက ချမှတ်ခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်များ၊ မူဝါဒလမ်းညွှန်ချက်များကို အလေးအနက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေး တွန်းအားပေးဆောင်ရွက်သွားမှသာ အစိုးရနှင့်ဌာနဆိုင်ရာများကို ပိုမိုအားကိုးယုံကြည်လာမည်ဖြစ်ပါကြောင်း။

ကော်မတီများအနေဖြင့် အောက်ခြေအဆင့်ထိ ကော်မတီရုံးများ သီးခြားဖွင့်လှစ်၍ လုံလောက်သည့်ဝန်ထမ်းအင်အားဖြင့် တာဝန်ပေးအပ်ထားရန်နှင့် ကော်မတီအဖွဲ့ဝင်များ၊ ဝန်ထမ်းများကို လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးနှင့် လုပ်ငန်းကျွမ်းကျင်မှု ရှိစေနိုင်ရေးအတွက် မြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို သိရှိနိုင်ရန် သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို အလေးထားဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ ဗဟိုကော်မတီအဖွဲ့ဝင်များအနေဖြင့် ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ မြေပြင်တွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် ဗဟိုကော်မတီက ပံ့ပိုးဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို အကြံပြုဆွေးနွေးတင်ပြကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးတင်မြင့်က ဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းမှု၊ စိစစ်ဖြေရှင်းပေးခဲ့ပြီး စိစစ်ဖြေရှင်းဆဲ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု အခြေအနေများ၊ သိမ်းဆည်းမြေများ အမြန်ဆုံးပြန်လည် စွန့်လွှတ်ပေးနိုင်ရေးဆောင်ရွက်မှုအခြေအနေများ၊ ပြန်လည်စွန့်လွှတ်လွှဲပြောင်းမြေဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက သိမ်းဆည်းခံလယ်ယာမြေများနှင့် စပ်လျဉ်း၍ ပြန်လည်စွန့်လွှတ်မြေများကို မူလလက်ငုတ်လက်ရင်းမူလပိုင်ရှင်များထံ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်ပေးအပ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီအဖွဲ့ဝင် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများနှင့်စပ်လျဉ်း၍ ပြန်လည်စိစစ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသာထွန်းကျော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းတင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်း တို့က နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများမှ ဝန်ကြီးဌာနများသို့ သဘောထားမှတ်ချက်တောင်းခံခြင်း၊ လျော်ကြေးပေးလျော်ခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယရှေ့နေချုပ်ဦးဝင်းမြင့်က သိမ်းဆည်းခံလယ်ယာမြေနှင့် အခြားမြေများနှင့်စပ်လျဉ်းသည့် ဥပဒေလုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

---

**❑ စာမျက်နှာ ၅ မှ**

တိုင်းဒေသကြီး၊ ပြည်နယ် မြေအသုံးချမှုကော်မတီများ၊ အထောက်အကူပြုလုပ်ငန်း ကော်မတီများအနေဖြင့် ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားမည့်အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက်မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ် (OneMap Myanmar) ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက အမျိုးသားမြေပုံစနစ် အွန်လိုင်းစနစ် (The OneMap Data Portal) အဓိကပါဝင်မည့် Spatial Data ဆိုင်ရာ အချက်အလက်များအား ဆက်စပ်ဌာနများအလိုက် အသေးစိတ်သိရှိနိုင်ရန် နည်းပညာဆိုင်ရာအဖွဲ့မှ ဌာနအလိုက် တွေ့ဆုံဆွေးနွေးညှိနှိုင်းစီစဉ်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလွှမ်းမိုးက စိုက်ပျိုးရေးဖွံ့ဖြိုးမှုမဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က မြေအသုံးချမှုဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်နှင့် ဦးစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးတင်မြင့်နှင့် တာဝန်ရှိသူတို့က မြေယာအသုံးချမှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ပူးပေါင်းဆောင်ရွက်နေမှုနှင့် ကာလတို၊ ကာလရှည်ဆောင်ရွက်သွားမည့်အစီအမံများ၊ မြေအသုံးချမှုနှင့် လျှပ်စစ်ဓာတ်အား ပိုမိုရရှိရေး ဆက်စပ်နေမှုအခြေအနေများ၊ အများပြည်သူအတွက် မဖြစ်မနေ အသုံးချရမည့်မြေယာအသုံးချမှုကိစ္စရပ်များအတွက် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေး၊ မြေအမျိုးအစားအလိုက် တည်ဆဲမြေယာစီမံခန့်ခွဲမှုဥပဒေများနှင့်အညီ ဆောင်ရွက်နေမှု၊ မူဝါဒချမှတ်ပေးနေမှုနှင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေမှုအခြေအနေ၊ OneMap Myanmar စီမံကိန်းလုပ်ငန်းများနှင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသား မြေအသုံးချမှုကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဝန်ကြီးများက သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မြေယာအသုံးချမှုစီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များနှင့် အမျိုးသားမြေအသုံးချမှုကောင်စီက ခွင့်ပြုပေးနိုင်ရန်ကိစ္စရပ်များ၊ မြေယာအငြင်းပွားမှုကိစ္စများကို မှန်ကန်စွာ ဖြေရှင်းနိုင်ရေးအတွက် အမျိုးသားမြေဥပဒေ ပြဋ္ဌာန်းနိုင်ရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးအတွက် သတ္တုတူးဖော်ရေးလုပ်ငန်းများ စိစစ်ခွင့်ပြုပေးနိုင်ရေး၊ OneMap Myanmar စီမံကိန်းအတွက် နည်းပညာပိုင်းဆိုင်ရာ ဆောင်ရွက်ထားရှိမှု၊ မြို့နယ်အချို့တွင် လျှပ်စစ်ကြိုးသွယ်တန်းနိုင်ရေးအတွက် မြေနေရာခွင့်ပြုပေးနိုင်ရေး၊ ဗဟိုနှင့်တိုင်းဒေသကြီး၊ ပြည်နယ်တို့အကြား မြေယာမူဝါဒများအချိန်နှင့်တစ်ပြေးညီ အဆုံးအဖြတ်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (IDA)ထံမှ အမေရိကန်ဒေါ်လာ သန်း၁၀၀ ချေးငွေရယူရေးကိစ္စ၊ အခြေခံပညာဦးစီးဌာန၏ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေတွင် ပါဝင်သော တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာတို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။


ဒုတိယဝန်ကြီး
ဦးလှကျော်


ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း

## ငွေကျပ် ၃၀၂၀ ဒသမ ၁၅၀ သန်းကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲထောက်ပံ့ပေးရန် ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ် **ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ငွေကျပ် ၃၀၂၀ ဒသမ ၁၅၀ သန်း ခွဲဝေသုံးစွဲခဲ့သည့်ကိစ္စရပ်**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ၂၀၁၈ခုနှစ် မိုးရာသီကာလအတွင်း နေပြည်တော်ကောင်စီနယ်မြေနှင့် ပြည်နယ်/တိုင်းဒေသကြီးများတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးဒဏ်ကြောင့် နိုင်ငံအဝှမ်း စိုက်ပျိုးထားသည့် သီးနှံများအနက် စုစုပေါင်း (၆၈၂၄၁၇) ဧက ပျက်စီးမှုနှင့် ကြုံတွေ့ခဲ့ရပါကြောင်း၊ ယင်းအနက် ၂၀၁၈ ခုနှစ် ဩဂုတ် ၁၇ ရက်အထိ သီးနှံပျက်စီးမှုဧက (၃၈၀၀၈၀) ကို တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပုဒ်မ(၃) ပုဒ်မခွဲ(င) နှင့်အညီ ထောက်ပံ့ငွေကျပ် (၇၃၃၀ ဒသမ ၇၀၅) သန်းကို ထောက်ပံ့ပေးပြီးဖြစ်ပါကြောင်း၊ ဒုတိယပိုင်းအနေဖြင့် ထောက်ပံ့ရန်ကျန်ရှိသည့် သီးနှံပျက်စီးမှု (၃၀၂၃၁၅) ဧကအတွက် စိစစ်တွက်ချက်မှုအရ ငွေကျပ် (၃၀၂၀ ဒသမ ၁၅၀) သန်း


မော်လိုက်မဲဆန္ဒနယ်မှ
ဒေါ်ချိုချိုဝင်း


ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၄)မှ ဦးထိန်ဝင်း


ဒိုက်ဦးမဲဆန္ဒနယ်မှ
ဦးဘုန်းမြင့်အောင်


သနပ်ပင် မဲဆန္ဒနယ်မှ
ဦးမြင့်ဦး

ထောက်ပံ့ပေးရန် ဖြစ်ပါကြောင်း။

ထို့ကြောင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၁၂/၂၀၁၉)နှင့် နိုင်ငံတော်သမ္မတရုံးတို့ကို တင်ပြခဲ့ပါကြောင်း၊ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြခွင့်ပြုချက်ရယူဆောင်ရွက်ခဲ့ရာတွင် သဘောတူခွင့်ပြုမှုရရှိခဲ့ပါကြောင်း၊ အဆိုပါ ထောက်ပံ့ပေးရမည့် ငွေများကို အမှန်တကယ် သီးနှံထိခိုက်ပျက်စီးသူ တောင်သူလယ်သမားများထံသို့ စနစ်တကျထောက်ပံ့ပေးနိုင်ရန်အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ဦးဆောင်ကြီးကြပ်မှုနှင့် ဖွဲ့စည်းပေးသည့် အဖွဲ့များဖြင့် စီမံခန့်ခွဲထောက်ပံ့ပေးပြီးဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ် မိုးရာသီကာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် သီးနှံများထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာတွင် ဒုတိယပိုင်းအနေဖြင့် ထောက်ပံ့ပေးရန် ကျန်ရှိသည့် သီးနှံပျက်စီးမှု (၃၀၂၃၁၅)ဧက ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရန်အတွက် ထောက်ပံ့ရမည့် ငွေကျပ် (၃၀၂၀ ဒသမ ၁၅၀) သန်းကို မသုံးစွဲလျှင်မဖြစ်သည့် အရေးပေါ်ကိစ္စဖြစ်သည့်အတွက် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲထောက်ပံ့ပေးရန်ကိစ္စ တင်ပြခြင်းအပေါ် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုမှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကက ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကိစ္စရပ်များအပေါ် ကျခံသုံးစွဲခဲ့သည့် ငွေကျပ် (၃၀၂၀ ဒသမ ၁၅၀)သန်း ခွဲဝေသုံးစွဲထားမှုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် **မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍** ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ တင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပညာရေးဝန်ကြီးဌာနက လူတိုင်းအကျိုးဝင် အရည်အသွေးမီ ပညာရေးလုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့(IDA) ထံမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးငွေရယူရေးကိစ္စ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်းက ပညာရေးသည် တိုင်းပြည်တစ်ပြည်အတွက် များစွာအရေးကြီးပါကြောင်း၊ ပညာရေးတိုးတက်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ ယခုစီမံကိန်းသည် ချေးငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် စီမံကိန်းလုပ်ငန်းများ အောင်မြင်စေရန် အလေးထားဆောင်ရွက်သင့်ပါကြောင်း၊ စီမံကိန်းတွင် ပါဝင်သည့် ကျောင်းထွက်နိုင်ခြေရှိသည့် ကလေးများ အခြေခံပညာကို သင်ယူခွင့်တိုးမြှင့်ရေးဆိုသည်ကိုလည်း ကြိုဆိုပါကြောင်း၊ ထို့ပြင် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုနှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုစနစ်များ အားကောင်းရန် လိုအပ်သကဲ့သို့ စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်များအနေဖြင့်လည်း အဂတိတရားကင်းရန် လူမှန်နေရာမှန်ဖြစ်ရန်နှင့် တိုင်းပြည်တာဝန်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် အနာဂတ်လူငယ်များအပေါ်တွင် စေတနာကောင်းများ ထားရှိကြရန် အထူးလိုအပ်ပါကြောင်း ဆွေးနွေးသည်။

**ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးထိန်ဝင်း**က သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် စီမံကိန်းရည်မှန်းချက်များကို သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လေလွင့်ဆုံးရှုံးမှု မရှိစေရေးတို့ကို အလေးထားဆောင်ရွက်သင့်ပါကြောင်း၊ ယခုစီမံကိန်း ဆောင်ရွက်မည်ကို မိမိအနေဖြင့် ဝမ်းမြောက်စွာ ကြိုဆိုထောက်ခံပါကြောင်း၊ ငွေကုန်ကျပြီး စီမံကိန်းလည်း အောင်မြင်အကျိုးရှိသည်ဆိုပါက ကျေနပ်ရမည် ဖြစ်ပါကြောင်း၊ သို့သော် အကျင့်ပျက်ခြစားမှု၊ အဂတိလိုက်စားမှုများရှိနေပြီး ချေးငွေများ၊ ထောက်ပံ့ငွေများ ကုန်ကျသွားသော်လည်း စီမံကိန်းလည်းမအောင်မြင် အကျိုးလည်း မရှိပါက နိုင်ငံတော်အတွက် ကြွေးမြီဝန်ထုပ်ဝန်ပိုးသာ ဖြစ်လာနိုင်သောကြောင့် ယင်းသို့မဖြစ်စေရန် တာဝန်ရှိသူအဆင့်ဆင့်မှ ထိန်းသိမ်း ကြပ်မတ်သင့်ပါကြောင်း ဆွေးနွေးသည်။

**ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်**က စီမံကိန်းဆောင်ရွက်ရာတွင် လုပ်ငန်းအပိုင်း(၄)ပိုင်းဖြင့် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ရည်ရွယ်ချက်လည်း ကောင်းမွန်သကဲ့သို့ ရည်မှန်းချက်လည်း ကောင်းမွန်ပါကြောင်း၊ စီမံကိန်းအတိုင်း တိကျမှန်ကန်စွာ ဆောင်ရွက်မည်ဆိုပါက နောင်မျိုးဆက်သစ် လူသားအရင်းအမြစ် လူငယ်များအတွက် များစွာအခွင့်အလမ်း တိုးမြှင့်ပေးနိုင်မည့် အကျိုးကျေးဇူးများ ရရှိလာမည် ဖြစ်ပါကြောင်း၊ ချေးငွေရယူထားသည့် ဝန်ကြီးဌာနအနေဖြင့် တိုင်းပြည်အကျိုးအတွက် ရေတို ရေရှည်၊ နှစ်တိုနှစ်ရှည် စီမံကိန်းများ ရေးဆွဲအသုံးပြုသည့်အခါတွင် သက်ဆိုင်ရာဝန်ကြီးမှ အစပြု၍ အောက်ခြေဝန်ထမ်းအထိ ချေးတာခြင်းသည် ငွေရှာခြင်းတစ်မျိုးဖြစ်သည်ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထား၍ အသုံးနှင့်အဖြုန်းခွဲခြားပြီး ဆောင်ရွက်နိုင်ကြပါစေဟု အကြံပြုလိုပါကြောင်း ထောက်ခံဆွေးနွေးသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေး၊ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွှန့်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဝေစိန်အောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှဌေး (ခေါ်) ဒေါ်အုံးကြည်၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၊ မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦးနှင့် ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေတို့ က ဆက်လက်ဆွေးနွေးကြသည်။

## ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ တည်ဆောက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာတို့နှင့်စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် **ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေတွင် ပါဝင်သော တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအမှတ်စဉ် (၁၅/၂၀၁၉)** တို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး**က တင်ဒါလုပ်ငန်းများကို အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရန်၊ တည်ဆောက်ရေးလုပ်ငန်းများတွင် ကုမ္ပဏီများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးကို ကြပ်မတ်ရန်၊ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီရေး စနစ်တကျကြပ်မတ်ရန်၊ လုပ်ငန်းတန်ဖိုးပေးချေခြင်းကို လုပ်ငန်းပြီးစီးမှုနှင့် တစ်ပြေးညီ ပေးချေနိုင်ရေး ဆောင်ရွက်ပေးရန်၊ (၂)ကြိမ်အထိ တင်ဒါမအောင်သည့် လုပ်ငန်းများအား ကန့်သတ်တင်ဒါ (သို့မဟုတ်) သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် Quality Control(QC) အဖွဲ့များ၏ စစ်ဆေး ကြပ်မတ်မှုဖြင့် ကျောင်းတည်ဆောက်ရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်သင့်ပါကြောင်း၊ လုပ်ငန်းပြီးစီးမှုနှင့် ငွေပေးချေရန် ကျန်ငွေများကိုလည်း အမြန်ဆုံးပြန်လည် ခွင့်ပြု၍ အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် ကြပ်မတ်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေနှင့် အစီရင်ခံစာအမှတ်စဉ်(၁၅/၂၀၁၉)တို့နှင့် စပ်လျဉ်း၍ အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့်၊ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွှန့်ဝင်းနှင့် မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနုတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကိုနိုဝင်ဘာ ၈ ရက်တွင်ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

**❐ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ**

ဒင်္ဂါး၏ အနားပတ်လည်တွင် ''Central Bank of Myanmar''I''8.164 gm 999.9 Fine Glod'' ဟု အင်္ဂလိပ်စာလုံးဖြင့် ဖော်ပြထားပြီး အခြားတစ်ဖက် မျက်နှာပြင်တွင် "မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၂၀၁၉၊ ၅ မူးသား၊ ၉၉၉ ဒသမ ၉ သန့်စင်ရွှေ'' ဟု မြန်မာစာလုံးဖြင့် ဖော်ပြထားပါသည်။

ငါးမူးသားရွှေဒင်္ဂါး ဝယ်ယူသည့်အခါ ရွှေဒင်္ဂါးပြားနှင့်အတူ ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် သွန်းလောင်းသည့် ဌာနအကြီးအကဲတို့၏ မှန်ကန်ကြောင်း ထောက်ခံချက်များ တစ်ပေါင်းတည်း ပါရှိမည်ဖြစ်ပါသည်။ ငါးမူးသား ရွှေဒင်္ဂါးပြားကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ အရောင်းဆိုင်များ (နေပြည်တော်၊ ရန်ကုန်၊ မန္တလေး)တွင် နေ့စဉ်ပေါက်ဈေးအပေါ် အလျော့ တွက်နှင့် ကုန်ကျစရိတ် ကျပ် ၂၅၀၀၀ ထပ်ပေါင်းသည့် ဈေးနှုန်းဖြင့် ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ပထမရက်သတ္တပတ် မှစတင်၍ ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မြန်မာ့ရုပ်ရှင်နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဦးပြည့်စုံနှင့် ရုပ်ရှင်စကားဝိုင်း

(နိုဝင်ဘာ ၅ ရက်မှအဆက်)

**ကြည်စိုးထွန်း** ။ ။ ကျွန်တော်တို့ "ဗုဒ္ဓဝင်" ဆိုတဲ့ဟာမျိုးလည်း ရိုက်တယ်။ အဲဒီကနေ သမိုင်းတွေကို ရိုက်တယ်။ သမိုင်းတွေရိုက်တော့ ကျွန်တော်တို့ ကလေးဘဝအထိအောင် ဘာတွေကြည့်ရလဲဆိုတော့ သမိုင်းကားတွေပေါ့။ ခင်မောင်ရင်ဆိုရင် "မိုးခေါင်ကျော်စွာ"တို့ ဘာတို့ ရိုက်တယ်။ မှတ်မိတယ်။ အဲဒီသမိုင်းကားတွေအကြောင်း ပြောပါဦး ဆရာ။

**ဦးပြည့်စုံ** ။ ။ သမိုင်းကို များများရိုက်ခဲ့တာက ဦးဘဇင်ပဲ။ သူက ထူးဆန်းတာကလည်း သူ့ဇာတ်ညွှန်းက အင်္ဂလိပ်လိုရေးတာ။ သူ့ဇာတ်ညွှန်းကို သူများခိုးကြည့်လို့မရအောင် လုပ်တာ။ ဦးဘသာကြီးဆိုရင် ပိုတောင်တော်သေးတယ်။ သူက ဇာတ်ညွှန်းကို မရေးဘူး။ စီးကရက်ဘူးပေါ်မှာ အတိုချုပ်ရေးပြီးတော့ အဲဒါကို ဆက်တာ။ ညစ်တာကိုး။ ဇာတ်လမ်း ကူးယူမှာစိုးလို့။ မြန်လည်း မြန်တယ်လေ။ ဇာတ်လမ်းစိစစ်ရေး မယူ ဘာမယူ အခုကောက်ရိုက် အခုထွက်လာတာကိုး။ အဲဒီလိုဖြစ်နေတော့ လျှို့ဝှက်ထားရတာ။

**ကြည်စိုးထွန်း** ။ ။ ကျွန်တော် ကြားဖူးတာ "ပန်းပဲမောင်တင့်တယ်" ထင်တယ်။ နှစ်ကား ပြိုင်သွားတာ။

**ဦးပြည့်စုံ** ။ ။ "ပန်းပဲမောင်တင့်တယ်" ဆိုတာက အဲဒီအတိုင်းပဲပေါ့။ ဒဂုဏ်ပဦးဘတင်က "ပန်းပဲ မောင်တင့်တယ်" ရိုက်နေတုန်း ဟိုက"ဝေါ်လတာချစ်ထွန်း" ပေါ်လာတယ်။ "ဝေါ်လတာချစ်ထွန်း" က ချောသွားတော့ စားရတာပေ့ါ။ ဒါရိုက်တာ ဦးပါကြီး ရိုက်တာ။

**ကြည်စိုးထွန်း** ။ ။ သိုက်သမိုင်းကားတွေက ကျွန်တော်တို့တော်တော်လေးအရွယ်ရောက်တဲ့အထိကို ခေတ်စားတယ် ဆရာ။ ဆိုပါတော့ ဟိုတုန်းကဆို မင်းသား

**ကြည်စိုးထွန်း** ။ ။ ဆရာရေးထားတဲ့အထဲမှာ ကျွန်တော် တွေ့ဖူးတာ စောင်းတော်ရှင်ထဲမှာ ရေအောက်ရိုက်ချက် (underwater) တွေပေါ့နော် ဆရာ။

**ဦးပြည့်စုံ** ။ ။ အဲဒါ Camera Tricks ပေါ့။ အခုလို ဘယ်ဟုတ်မလဲ၊ ရှေ့ကနေ ငါးကန်လေးခံထားပြီးတော့ ရိုက်တာပေါ့။ လူက စက်သီးကြိုးနဲ့ ဆင်းလာတာက သက်သက်။ ငါးကန်ကို ခံရိုက်တာက သက်သက် အဲဒီလိုနှစ်ခု ထပ်လိုက်တာ။ တစ်ခါတလေကျ Direct Shot တောင် ရိုက်တာ။

**ကြည်စိုးထွန်း** ။ ။ အဲဒီ ဒါရိုက်တာက။

**ဦးပြည့်စုံ** ။ ။ ဦးလွန်းဖေလေ၊ ကင်မရာမန်းဘဝကနေ လာတာ။

**ကြည်စိုးထွန်း** ။ ။ ဒါကြောင့်မို့လို့ သူက Camera Tricks တွေကို ဝါသနာပါတာပေ့ါ။

**ဦးပြည့်စုံ** ။ ။ သူက တော်တော်တော်တာ။



**ဦးပြည့်စုံ** ။ ။ ဟုတ်တယ် ဆွေဗမာ။

**ကြည်စိုးထွန်း** ။ ။ ကိုဋ္ဌေးအောင်တို့ဆွေဗမာ၊ ဆွေဗမာလည်း အများ ဒိုက်ဦးက။

**ကြည်စိုးထွန်း** ။ ။ နောက် တစ်ခုက ကျွန်တော်တို့ အသံ



ဦးလွန်းဖေ



ဝေါ်လတာချစ်ထွန်း



ခင်လေးဆွေ



ခင်မေလေး



ဦးဆန်နီ



ဒေါ်မြမြ



စိုးနိုင်



ဒေါ်ခင်ခင်၊ ဦးဘကလေး





ဦးဘကလေး

**ကြည်စိုးထွန်း**။ ။သူတို့က အတတ်ပညာကလည်း တတ်နေတော့။

**ဦးပြည့်စုံ** ။ ။ မဟုတ်ဘူး။ တစ်ယောက်နဲ့တစ်ယောက်ကလည်း မင်းသမီးတောင် ဒီလောက်အရေးမကြီးဘူး။

**ဦးပြည့်စုံ** ။ ။ တော်ကီ ခေတ်မှာ "စောင်းတော်ရှင်" က တော်တော်ကောင်းတာ။ နတ်သမိုင်းကားပဲ။

**ကြည်စိုးထွန်း** ။ ။ အဲဒါဆို Camera Tricks နဲ့ ပတ်သက်လို့ရှိရင် ဦးလွန်းဖေက ချန်ပီယံပဲပေ့ါနော် ဆရာ။ ဦးလွန်းဖေက ကုမ္ပဏီထောင်တယ်နော် ဆရာ။ ကြီးကြည့်ဖူးတယ် ဆရာ။ ဆွေဗမာက ဒေါ်ခင်လေးဆွေတို့ ကားတွေပေ့ါနော်။

**ဦးပြည့်စုံ** ။ ။ ခင်လေးဆွေက မင်းသမီး သူ တင်ခဲ့တာပေ့ါ။ တိတ်ခေတ်မှာ နာမည်ကြီးတဲ့ ကုမ္ပဏီတစ်ခု ရှိတယ် ဆရာ။ အဲဒါကတော့ ပဲရော့ရုပ်ရှင် ဆရာ။

**ဦးပြည့်စုံ** ။ ။ ပဲရော့ကခင်မေလေးတို့ လက်စွဲပေ့ါ။

**ကြည်စိုးထွန်း** ။ ။ ပဲရော့ ရုပ်ရှင် အကြောင်းနဲ့ အဲဒီက ဒါရိုက်တာတွေအကြောင်း ပြောပါဦး ဆရာ။

**ဦးပြည့်စုံ** ။ ။ ပဲရော့ကတော့နိုင်ငံရေး ကားရိုက်တာ များတာကိုး။ (၃၆)ကောင်ကို အရင်ရိုက်တာ။ တစ်ပြည်လုံးက (၃၆)ကောင်ကို ထိုးကြတော့ "ထမင်းအိုးပေါင်၊ ဟင်းအိုးပေါင် (၃၆) ကောင် ထိုးရအောင်"ဆိုတာ ဟုတ်လား။ ဒါက ဘုရင်ခံက လုပ်သွားတာ။

စာမျက်နှာ ၉ သို့ ❖





❖ စာမျက်နှာ ၈ မှ

ကောလိပ်ကြီးကိုဆောက်ဖို့ ရန်ပုံငွေမရှိတော့ ရန်ပုံငွေရှာတာ။ တရုတ်တွေခေါ်ပြီးတော့ လောင်းကစားဝိုင်းတွေ လုပ်ခိုင်းတာ။ တစ်ပြည်လုံးအနှံ့လုပ်တယ်။ အဲဒါနဲ့ ဦးဆန်နီ ကနေစပြီးတော့ (၃၆) ကောင် ရိုက်တော့ ဒီဦးဘသာက ဒါရိုက်တာဆားဘထွန်းရဲ့ သူငယ်ချင်း၊ ဒါပေမယ့် သူက မက္ကင်းနစ်ဗျ၊ အမှန်မော်တော်ကားပြင်တဲ့လူ။ ဦးဆန်နီက လည်း ကားတွေထောင်ထားတော့ အဲဒီကနေ ဒါရိုက်တာ သူလုပ်တတ်ပါတယ်ဆိုပြီး စလုပ်တာ။ မက္ကင်းနစ်ကနေ ဒါရိုက်တာ လုပ်တာ၊ ဖြစ်တာပဲ။ သူကလည်း နတ်ကား ရိုက်တာ၊ ဗျတ်ဝိဗျတ္တဆို အင်မတန် ကောင်းတာပေါ့။

**ကြည်စိုးထွန်း ။** ။ ဦးကျော်ဖေ တို့လား မသိဘူး။

**ဦးပြည့်စုံ ။** ။ မဟုတ်ဘူးလေ။ ကျော်ဖေတို့ မဟုတ်တော့ဘူး။ ဟိုတုန်းက တင်ဆွေနဲ့ တင်ဖေ ထင်တယ် ဗျတ်ဝိဗျတ္တက။ သူကလည်း လွယ်တယ်လေ။ ဘုရားဈေးမှာ ဂူတာဂူရီ ဆိုတာ ခြောက်ပြားခြောက်ပြားနဲ့ ရောင်းတာ၊ သွားဝယ်ပြီးတော့ ဒါကြည့်လိုက်တာ။

**ကြည်စိုးထွန်း ။** ။ ဪ ဇာတ်လမ်း ဇာတ်လမ်း။

**ဦးပြည့်စုံ ။** ။ ဇာတ်လမ်းကို အဲဒီလို လုပ်တာ။ သူတို့ခေတ်ကလည်း Genius ပဲ။ ဦးဘရှင်တို့ဆို Playback တိုက်တာလေ။ တောင်တောင်တောင်နဲ့ ဒီလိုလုပ်လိုက်ရင် ကိုက်သွားရော။ အဲလောက်တော်တာ။



**ကြည်စိုးထွန်း ။** ။ ပါးစပ်ပေါက်နဲ့ အရုပ်နဲ့ ကိုက်တာ။ နောက် ပဲရော့ရုပ်ရှင်ရဲ့ ထူးခြားချက်ပေါ့ဆရာ။ ကျွန်တော်သိရတာ သူ့ရဲ့သားက ပဲရော့ဦးဖေကြိုင်။

**ဦးပြည့်စုံ ။** ။ ဦးဖေကြိုင်က တော်တော်နောက်ကျတယ်။ စစ်ဖြစ်ခါနီးကျမှ တစ်ကားပဲ ထွက်တယ်။ မေမြနဲ့ ဘမြင့်။

**ကြည်စိုးထွန်း ။** ။ နောက် ထူးခြားတာက ပဲရော့ဖေကြိုင်ရဲ့ ဇနီးနဲ့ တူတယ်။ အမျိုးသမီးဒါရိုက်တာ ဒေါ်မြမြဆိုတာ မင်းသား စိုးနိုင်တို့ရဲ့ အမေပေါ့။ ပဲရော့ရုပ်ရှင်နဲ့ပတ်သက်ပြီး ထူးခြားချက်ပေါ့လေ။ နောက်ပိုင်းကျတော့ ပဲရော့ရုပ်ရှင်က ပြည်ကျော်ရုပ်ရှင်ဆိုပြီး ပြောင်းသွားတယ်။ အဲဒါကတော့ အသံတိတ်ခေတ်မှာ ကြီးစိုးခဲ့တဲ့ ကုမ္ပဏီကြီးတွေပေါ့နော် ဆရာ။ နောက်တစ်ခါ ထူးထူးခြားခြား ကုမ္ပဏီတစ်ခု ကျွန်တော်သွားတွေ့တယ် ဆရာ။ ဘာဖြစ်လို့တုံးဆိုတော့ အဲဒီကုမ္ပဏီကတော့ ကျွန်တော်တို့ ဒီရုပ်ရှင်လောကကို ဆေးရောင်စုံတွေဖြစ်အောင်၊ မြင်ကွင်းကျယ်တွေဖြစ်အောင် ဦးဆောင်ခဲ့တဲ့ ကုမ္ပဏီပါဆရာ။ ဆရာသိပါတယ် အဲဒါဆိုရင်။ ရန်ကုန်ရုပ်ရှင်ပေါ့။



**ဦးပြည့်စုံ ။** ။ ဒါပေမယ့် သူ့ထက်စောတာက ရန်အောင်ဖလင်ဆိုတာက ၁၆ မီလီမီတာကို ဆေးရောင်စုံနဲ့ တင်ဖေတို့ ဘာတို့ လုပ်ကြတယ်။ အဲဒါ အရင်လာတာ၊ နောက်မှ ရန်ကုန်ရုပ်ရှင်က (၃၅) သွင်းတာ။

**ကြည်စိုးထွန်း ။** ။ ရန်ကုန်ရုပ်ရှင်က ၁၆ မီလီမီတာနဲ့ ဖိုးပါကြီး၊ ဖိုးပါလေး ကားတစ်ကား ကျွန်တော်ရတယ် ဆရာ။ "ပျို့ချစ်လင်" ဆရာ။

**ဦးပြည့်စုံ ။** ။ ပျို့ချစ်လင် ကလည်း အသံတိတ် ဆေးရောင်စုံပဲ။

**ကြည်စိုးထွန်း ။** ။ အသံတိတ် ဆေးရောင်စုံ (၁၆) ဆရာ။ အဲဒါလေး နည်းနည်းထူးခြားတာပေါ့နော်။ နောက်တစ်ခါကျတော့ "ချစ်ခဲ့တာအမှန်ပါပဲ" ။

**ဦးပြည့်စုံ ။** ။ အဲဒါကတော့ (၃၅) ဖြစ်သွားပါပြီ။ ရန်ကုန်ရုပ်ရှင်က ကိုစံလွင်တို့ ညီအစ်ကိုတွေက တော်တယ်။ ကိုစံလွင်က ကင်မရာမန်း၊ ရုပ်ချောတယ် သူက။ ဦးမြဟန်က ပလေဒီယမ်ရုံ မန်နေဂျာ။

**ကြည်စိုးထွန်း ။** ။ ညီအစ်ကို လေးယောက် ထင်တယ်ဆရာ။ သူတို့အမေက ဦးစီးတာ ထင်တယ်။


**ဦးပြည့်စုံ ။** ။ သူတို့အမေ ဒေါ်ခင်မမက မစ္စတာကုံးဆိုတာ မြူနီစီပယ်က အခွန်ဝန်ပေါ့ဗျာ။ အဲဒါ အေဝမ်းနဲ့ အမျိုးတွေပဲ သူတို့က။ ဒေါ်ခင်ခင်က အဲဒီကို ရောက်သွားလို့ ဦးညီပုက စိတ်ဆိုးတာပေါ့။

**ကြည်စိုးထွန်း ။** ။ ပထမဆုံး အမျိုးသမီး ကင်မရာမန်း ဒေါ်ခင်ခင်။ သူက ဘယ်လိုကြောင့် ကင်မရာမန်း ဖြစ်သွားရတာလဲ ဆရာ။

**ဦးပြည့်စုံ ။** ။ အဲဒီတုန်းက အေဝမ်းမှာ အလုပ်သမားတွေသပိတ်မှောက်တော့။

**ကြည်စိုးထွန်း ။** ။ အေဝမ်း မဖြစ်သေးဘူးပေါ့ ဆရာ။ မြန်မာအဆွေဖြစ်မှာပေါ့။

**ဦးပြည့်စုံ ။** ။ မြန်မာအဆွေမှာ သပိတ်မှောက်တော့ ဦးညီပုက ထုံးစံအတိုင်းလေ။ ညီအစ်ကိုမောင်နှမတွေ ဦးစီးပြီး လုပ်ကြဆိုပြီး လုပ်ကြတာ။



**ကြည်စိုးထွန်း ။** ။ လုပ်တော့ အဲဒီမှာ ဒေါ်ခင်ခင်ကကင်မရာမန်းလုပ်ရော၊ အရပ်က ပုတယ်ဆို ဆရာ။

**ဦးပြည့်စုံ ။** ။ သူက တော်တော်ပုတာ ဒေါ်ခင်ခင်က။ ပုတော့ ခုံလေးခုပြီးတော့ နောက် မော်တာတပ်ပေးတာ။

**ကြည်စိုးထွန်း ။** ။ ဪ မော်တာနဲ့လား။ လက်လှည့် မဟုတ်တော့ဘူးလား ဆရာ။

**ဦးပြည့်စုံ ။** ။ လက်နဲ့ဆို အပတ်က မမီရင် ခုန်ဆွ ခုန်ဆွ ဖြစ်နေမယ်။

**ကြည်စိုးထွန်း ။** ။ သူကဦးဘကလေးရဲ့ဇနီးနော် ဆရာ။

**ဦးပြည့်စုံ ။** ။ ဦးဘကလေးရဲ့ ဇနီး ဟုတ်တယ်။ ဦးဘကလေးဆိုတာက ပုသိမ်က။ ဦးဘကြီးဆိုတာက မြန်မာအဆွေက။ ကျွန်တော့်ညီတစ်ယောက်ရှိတယ်။ ပုံဆွဲတတ်တယ် ခေါ်လာမယ်ဆိုပြီး သူ့ကို ကြော်ငြာဘက်ကို ပေးတာ။ အဲဒါ နောက်တော့ ဒေါ်ခင်ခင်နဲ့ ကြိုက်သွားတာပေါ့ဗျာ။ ဦးဘကလေးက တော်ပါတယ်။ လူချောလည်းလူချော။ နောက်ဖေးအိမ် ပြိုကျရာကနေပြီးတော့ ခါးရိုးကျိုးသွားတယ်။ နောက်တော့ ရှုံးသွားတယ်။

**ကြည်စိုးထွန်း ။** ။ ဇာတ်သိမ်းမကောင်းဘူးပေါ့ ဆရာ။ အသံတိတ်ခေတ်မှာ ထူးခြားတဲ့ကားတွေ၊ ဆရာ ငယ်ငယ်တုန်းက စွဲတဲ့ကားတွေရှိရင် ပြောပြပေးပါဦး ဆရာ။



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၆**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်ဟွာအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ကိုရီးယားနိုင်ငံနှင့် အာဆီယံနိုင်ငံများ ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံမူအတိုင်း လက်ခံဆောင်ရွက်သွားမည်ဖြစ်ပြီး အာဆီယံအနေဖြင့် အာရှနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် တပ်မတော်မှ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအခြေအနေနှင့် တိုးမြှင့်ဆောင်ရွက်နိုင်မည့် အလားအလာများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးများတိုးမြှင့်ဆောင်ရွက်ရေးနှင့် နည်းပညာပိုင်းဆိုင်ရာ၊ လေ့ကျင့်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများအား ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) အား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၆**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (People's Alliance for Credible Elections–PACE)မှ အမှုဆောင်ဒါရိုက်တာ ဦးစိုင်းရဲကျော်စွာမြင့်နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမဆောင်၌ လက်ခံတွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ချမှတ်ထားသည့် စံ (၅)ချက်နှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုပြီးစီးမှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများက အကြံပြုဖြည့်စွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၆**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းလေ့လာစိစစ်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးဇော်မင်း၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးလင်း၊ ပူးပေါင်းကော်မတီဝင်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# စစ်ကိုင်းတွင် အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၆**
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် စစ်ကိုင်းခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(SDCCI) တို့ပူးပေါင်း၍ စစ်ကိုင်းမြို့ မြို့တော်ခန်းမတွင် အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပြခန်းပေါင်း ၆၀ ကျော် ခင်းကျင်းပြသသွားမည်ဖြစ်ပြီး တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်(တိုင်ပေ)တို့မှ လုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရေးအတွက် စီစဉ်လျက်ရှိကြောင်း သိရသည်။

ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ နေပြည်တော် ဖုန်း–၀၆၇–၄၃၀၄၄၆၊ ၀၆၇–၄၃၀၄၄၇၊ ဖက်(စ်) ၀၆၇–၄၃၀၁၂၈၊ email- moctradefair@gmail.com ကိုလည်းကောင်း၊ မြန်မာကုန်သွယ်မှုဗဟိုဌာန(ရန်ကုန်) ဖုန်း–၀၁–၂၅၄၀၂၄၊ email-itpic.moc@gmail.com ကိုလည်းကောင်း၊ ဓေယျာကုန်သွယ်မှုဗဟိုဌာန(မုံရွာ) ဖုန်း–၀၉–၄၂၀ ၇၁၅၃၅၉၊ email-monywamyantrade @gmail.com ကိုလည်းကောင်း၊ စစ်ကိုင်းခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဖုန်း–၀၇၂–၂၂၀၂၄၊ ၀၉ – ၅၅၅၆၆၇၇၊ email-sdcci2018@gmail.com ကိုလည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

အဆိုပါပြပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ထွက်ကုန်များ ဈေးကွက်ရရှိလာစေရန်၊ ကုန်သွယ်မှုပမာဏတိုးတက်လာစေရန်၊ ကုန်ထုတ်လုပ်ငန်းရှင်များ အချင်းချင်းရင်းနှီးချစ်ကြည်၍ နည်းပညာများ ဖလှယ်နိုင်ရန်နှင့် မြန်မာနိုင်ငံ၏ အသေးစား၊ အလတ်စားထုတ်ကုန်ပစ္စည်းများကို ပြည်တွင်း၊ ပြည်ပဈေးကွက် တင်ပို့နိုင်ရေး အမည်သစ် ပို့ကုန်အသစ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **ဝင်းဝင်း**




City College Yangon
PEARSON BTEC Center No: 96045
Diamond Condo, Tower (A), 1st Floor, Hledan, Pyay Road, Yangon.

ရန်ကုန်မှာတက်ရင်း သုံးနှစ်ခွဲအတွင်း UK Degree ရယူနိုင်မည့် အခွင့်အရေး

UK Degree & Diploma
ENGINEERING (Civil, Mechanical, Electrical & Electronic)
COMPUTING & IT (Including CompTIA, CCNA)
BUSINESS (Management, Marketing, Human Resources, Finance & Accounting)

ENROLL NOW!
INTAKES
November - December - January

City College ကိုဘာကြောင့်ရွေးချယ်သင့်သလဲ
ဘယ်သူတွေတက်ရောက်သင်ကြားနိုင်ပါသလဲ
UK Degree ရယူနိုင်မည့်
IGCSE
Internship Program
facebook.com/citycollegeyangon
09 450 634 402~3~4
Ferry နှင့် အဆောင်ကိစ္စများ ကူညီစီစဉ်ပေးသည်။

# ထာဝရငြိမ်းချမ်းရေးစေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များ စေတီတော်သာသနာ့ဗိမာန်၌ အပူဇော်ခံထားရှိ



**နေပြည်တော် နိုဝင်ဘာ ၆**

ထာဝရငြိမ်းချမ်းရေးစေတီတော်၏ ရတနာစိန်ဖူးတော်၊ ရွှေစင်ရွှေသားငှက်မြတ်နားတော်နှင့် ရွှေထီးတော်များကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ သီရိမင်္ဂလာကမ္ဘာအေးစေတီမှပင့်ဆောင်၍ ညနေပိုင်းတွင် နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေးစေတီပရိဝုဏ်ရှိ သာသနာ့ဗိမာန်တော်၌ အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်ရန် အပူဇော်ခံထားရှိသည်။

ထာဝရငြိမ်းချမ်းရေးစေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲအကြို အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းမှစတင်၍ ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များက လည်းကောင်း၊ ပဋ္ဌာန်းသိမ်းအောင်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းတွင် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များက လည်းကောင်း ရွတ်ပွားသရဇ္ဈာယ်ကြမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိရန် ရည်သန်လျက် ခုနစ်ရက်သားသမီးအလှူရှင်များ၏ စုပေါင်းအင်အားဖြင့် တည်ထားကိုးကွယ်သည့် ထာဝရငြိမ်းချမ်းရေးစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများကို နိုဝင်ဘာ ၁၁ ရက် (တန်ဆောင်မုန်းလပြည့်နေ့) နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး အခမ်းအနားကျင်းပနေမှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဟိန်းမင်းစိုး**

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အလှူငွေများ ပေးအပ်လှူဒါန်း




**နေပြည်တော် နိုဝင်ဘာ ၆**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာစွန်းဂေါ်ရှန်းအား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန၌ လက်ခံတွေ့ဆုံသည်။

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ လေးသိန်း ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းက အလှူငွေများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းက အလှူငွေ အမေရိကန်ဒေါ်လာ လေးသိန်းကို ပေးအပ်လှူဒါန်းရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်မည့် တိုင်းရင်းသားလူငယ်များနှင့်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ကြမည့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) တို့တွင် ပညာသင်ယူခဲ့သော ဘွဲ့ရတိုင်းရင်းသားလူငယ်များနှင့် ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး ပြည်သူကို တိုက်ရိုက်အကျိုးရှိမည့်လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပြည်သူ၏ ချစ်ခင်လေးစားမှုကို ရရှိသော ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများက နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)တို့မှ ၂၀၁၈ – ၂၀၁၉ ပညာသင်နှစ် ဘွဲ့ရတိုင်းရင်းသားလူငယ် ၂၅ ဦးက အဆိုပါဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






# ရွှေသွေးဂျာနယ်ထွက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

နိုဝင်ဘာ ၁၁ ရက် (စနေနေ့) တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ကာတွန်းကျော်ထွဏ်း၏ တန်ဆောင်တိုင် မင်းသားကြီး ဦးပေတလူ၊ သားပိုက်ကောင်အကြောင်း သိကောင်းစရာ၊ ကောင်းမှုကုသိုလ်အကျိုး၏ဝမ်းသာကြည်နူးပီတိထူး ခံစားရပုံအကြောင်း ရေးဖွဲ့ထားသည့် ကလေးဝတ္ထုတို၊ သုတ၊ ပျော်စရာ၊ ရွှေသွေး အင်္ဂလိပ်သဒ္ဒါ၊ ကဗျာ စသည့် ဖတ်စရာ၊ မှတ်စရာများပါရှိကြောင်း သိရသည်။


**သတင်းစဉ်**



# ရာသီဥတုအရေး တစ်ဖက်သတ်ဆန်တော့မှာလား

အမေရိကန်နိုင်ငံက ၂၀၁၅ ပါရီရာသီဥတုဆိုင်ရာသဘောတူစာချုပ်ကနေ နုတ်ထွက်တော့မယ့်အစီအစဉ်ကို စတင်အကောင်အထည်ဖော်ဆောင်နေပါပြီ။

နိုဝင်ဘာ ၄ ရက်က နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက ၂၀၁၅ ပါရီရာသီဥတုဆိုင်ရာသဘောတူစာချုပ်ကနေ အမေရိကန်နုတ်ထွက်တော့မယ်ဆိုပြီး ကုလသမဂ္ဂအဖွဲ့ထံ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ပါတယ်။ အမေရိကန်က ဒီလိုနုတ်ထွက်မယ်ဆိုတာကို ၂၀၁၇ ခုနှစ်ကတည်းက စတင်အသိပေးကြေညာခဲ့ပါတယ်။ နုတ်ထွက်ရတဲ့ခိုင်လုံတဲ့အကြောင်းကတော့ ပါရီစာချုပ်ချုပ်ဆိုတာဟာ အမေရိကန်နိုင်ငံရဲ့ ကာဗွန်ဒိုင်အောက်ဆိုက်လျှော့ချထုတ်လုပ်ခြင်း ရှိ၊ မရှိကို စောင့်ကြည့်ခြင်းခံနေရတဲ့အပြင် အမေရိကန်ရဲ့စီးပွားရေးကိုပါ ထိခိုက်စေပြီး ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်စေတယ်လို့ ဝန်ကြီး မိုက်ပွန်ပီယိုရဲ့ အစီရင်ခံစာထဲမှာ ရေးသားထားပါတယ်။




### အတိအလင်းကြေညာ

၂၀၁၅ ခုနှစ်မှာ နိုင်ငံပေါင်း ၂၀၀ နီးပါးက ပါရီစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပါတယ်။ စာချုပ်ပါနိုင်ငံတွေက ရာသီဥတုပြောင်းလဲမှုကို အဓိကဖြစ်စေတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လုပ်မှုကို ဘယ်လောက်အတိုင်းအတာအထိ လျှော့ချပစ်မလဲဆိုတဲ့ ပမာဏနဲ့ ကာလသတ်မှတ်ချက်တွေကို အတိအလင်းကြေညာရပါတယ်။

နိုင်ငံတကာ ရာသီဥတုဆွေးနွေးပွဲတွေမှာ အမေရိကန်နိုင်ငံက ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လုပ်မှုကို လျှော့ချတဲ့အနေနဲ့ ကမ္ဘာကြီးရဲ့ စွမ်းအင်အရင်းအမြစ်တွေကို ခြိုးခြံချွေတာသုံးစွဲပြီး ကမ္ဘာ့နိုင်ငံတွေရဲ့ အလယ်မှာ စံပြနိုင်ငံအဖြစ် ရပ်တည်သွားမယ်ဆိုတာကို ဝန်ကြီး မိုက်ပွန်ပီယိုက ထုတ်ပြန်ချက်တစ်ရပ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။

### မယုံနိုင်စရာ

အခုအချိန်မှာ အမေရိကန်က ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွေရဲ့ အဓိက တရားခံဖြစ်တဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လုပ်မှုလျှော့ချရေးအတွက် ရည်ရွယ်ပြီး ကမ္ဘာ့နိုင်ငံတွေ သဘောတူညီထားတဲ့ ပါရီစာချုပ်ကနေ နုတ်ထွက်ဖို့ စတင်နေပြီဆိုတာ မယုံနိုင်စရာပါပဲ။

အမေရိကန်ရဲ့ ပါရီစာချုပ်ကနေ နုတ်ထွက်စာကို ကုလသမဂ္ဂအဖွဲ့က လက်ခံရရှိပြီးတဲ့နောက်မှာ နောင်အနာဂတ်မှာ ဖြစ်ပေါ်လာမယ့် ရာသီဥတုပြောင်းလဲရေးဖြစ်စဉ်တွေကို အမေရိကန်နိုင်ငံ မပါတော့ဘဲ ဘယ်လို ကိုင်တွယ်ဖြေရှင်းမလဲဆိုတဲ့ အသေးစိတ် လုပ်ထုံးလုပ်နည်းတွေကို မကြာခင်အချိန်မှာ ကြေညာသွားမယ်လို့ ကုလသမဂ္ဂအဖွဲ့ ဒုတိယပြောရေးဆိုခွင့်ရှိသူ ဖာဟန်ဟက်က ပြောကြားခဲ့ပါတယ်။

ပါရီသဘောတူညီချက်အရ လက်မှတ်ရေးထိုးတဲ့နိုင်ငံတွေဟာ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၄ ရက် နောက်ပိုင်း သုံးနှစ်အတွင်း စာချုပ်ကနေ နုတ်ထွက်ခွင့်မရှိပါဘူး။ အမေရိကန်အနေနဲ့ စာချုပ်ကနေ နုတ်ထွက်ဖို့ဆိုတာဟာ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကျင်းပပြီးတဲ့အချိန်ထိတိုင်အောင် အဆုံးသတ်ဦးမှာ မဟုတ်ပါဘူး။

### အဆက်မပြတ်အားထုတ်

သမ္မတထရန့်က ပါရီစာချုပ်ကနေ အမေရိကန်နုတ်ထွက်ဖို့ကို ၂၀၁၇ ခုနှစ်ကတည်းက အဆက်မပြတ် အားထုတ်နေခဲ့တာဟာ အခုအချိန်မှာ လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ပါပြီ။

သမ္မတထရန့်ရဲ့ ဆုံးဖြတ်ချက်ကို ရှုတ်ချဝေဖန်တဲ့ ရာသီဥတုပညာရှင်တွေ အများကြီးထဲမှာ နယူးယောက်မြို့တော်ဝန် မိုက်ကယ်ဘလွမ်းဘတ်ဂ်လည်း တစ်ဦးအပါအဝင်ဖြစ်ပါတယ်။

ဒေါ်နယ်ထရန့်ဟာ ကျွန်တော်တို့ရဲ့ သန့်ရှင်းတဲ့ရေ၊ သန့်ရှင်းတဲ့လေတွေကို ရရှိအောင် ဖန်တီးပေးနေတဲ့ ကျွန်တော်တို့ရဲ့ ရာသီဥတုဖြစ်စဉ်တွေကို ဖျက်ဆီးလိုက်တဲ့ သမိုင်းမှာ နာမည်ဆိုးတွင်စေမယ့် သမ္မတတစ်ဦးပဲဖြစ်ပါတယ်။ သူ့ရဲ့ဆုံးဖြတ်ချက်ဟာ မဟာအမှားကြီးဖြစ်နေမယ်ဆိုတာ အနာဂတ်တစ်ချိန်ချိန်မှာ သူ့အနေနဲ့နောင်တရနေမှာပါဆိုပြီး အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့မှာ အခြေစိုက်တဲ့ ရာသီဥတုဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ဆီရာကလပ်ရဲ့ အမှုဆောင်အရာရှိချုပ် မိုက်ကယ် ဘရုနီက ပြောကြားခဲ့ပါတယ်။

### ကမ္ဘာကြီးပူနွေးလာ

ကမ္ဘာ့နိုင်ငံတွေ နေ့စဉ်သုံးစွဲနေတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လုပ်မှု များပြားတဲ့အတွက်ကြောင့် နေရောင်ခြည်တိုက်ရိုက်ကျရောက်မှုဒဏ်ကို ကာကွယ်ပေးတဲ့ အိုဇုန်းလွှာတွေ ပါးလွှာပြီး တစ်နေ့တခြား သိသိသာသာ ပူနွေးလာပါတယ်။ ဒီဖြစ်စဉ်တွေကို ကာကွယ်သွားဖို့ ပါရီစာချုပ်ကို ကမ္ဘာ့နိုင်ငံတွေ ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။ စာချုပ်ရဲ့ အဓိက မျှော်မှန်းချက်တွေကတော့ လက်ရှိဖြစ်ပေါ်နေတဲ့ ကမ္ဘာကြီးပူနွေးမှုအဆင့်ကို သုည ဒသမ ၉ ဒီဂရီကနေ ၁ ဒသမ ၈ ဒီဂရီအထိ ရောက်ရှိသွားခြင်းမရှိအောင် ကာကွယ်ပေးဖို့ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ပါရီစာချုပ်မှာ ဒီလိုမျှော်မှန်းချက်တွေ သတ်မှတ်ထားတာတောင် ကမ္ဘာကြီးပူနွေးမှုအဆင့်ကို ပြည့်ဝစွာ ထိန်းချုပ်နိုင်မှု မရှိပါဘူး။

ဒါကြောင့် ပါရီစာချုပ်မှာ လက်မှတ်ရေးထိုးထားတဲ့ နိုင်ငံတွေအနေနဲ့ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလကစပြီး ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လုပ်မှုလျှော့ချရေး လုပ်ငန်းစဉ်တွေကို ပိုမိုတိုးမြှင့်လုပ်ဆောင်ဖို့ ကြိုးပမ်းအားထုတ်ကြရပါတယ်။ အမေရိကန်က နုတ်ထွက်ဖို့ ပြောကြားခဲ့တဲ့နောက်ပိုင်းမှာတော့ ရာသီဥတုဖြစ်စဉ်တွေနှင့်ပတ်သက်ပြီး အမေရိကန်နဲ့ ဆွေးနွေးညှိနှိုင်းမှုတွေကို စာချုပ်ပါနိုင်ငံတွေက လျှော့ချလုပ်ဆောင်ခဲ့ကြတာကို တွေ့မြင်ရပါတယ်။

### လူသားတွေခံစားလာ

ကျောက်မီးသွေး၊ လောင်စာဆီနဲ့ ဂက်စ်လောင်ကျွမ်းမှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဟာ ၁၈၀၀ ပြည့်နှစ်နှောင်းပိုင်းကစပြီး ကမ္ဘာကြီးကို အပူချိန် ၁ ဒသမ ၈ ဒီဂရီအထိ မြင့်တက်လာစေခဲ့ပါတယ်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရေခဲတုံးကြီးတွေ အရည်ပျော်လာတယ်။ ရာသီဥတုဖောက်ပြန်မှုတွေ ဖြစ်ပေါ်လာပါတယ်။ နောက်ဆက်တွဲ သဘာဝဘေးအန္တရာယ်တွေကို လူသားတွေ ခံစားလာကြရပါတယ်။

ဒါကြောင့် သိပ္ပံပညာရှင်တွေက ကျွန်တော်တို့ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လုပ်တဲ့ ပမာဏများလေလေ ကမ္ဘာကြီးပူနွေးလေလေဖြစ်ပြီး အပူချိန်တွေ မြင့်တက်မှုနဲ့ ရာသီဥတုဖောက်ပြန်မှုရဲ့ ဆိုးရွားတဲ့ဒဏ်တွေကို ကျွန်တော်တို့ ခံစားရမှာပဲဖြစ်တယ်လို့ ဆိုပါတယ်။

အမေရိကန်သမ္မတ အိုဘားမားလက်ထက်မှာ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လုပ်မှုပမာဏကို ၂၀၂၅ ခုနှစ် မတိုင်မီမှာ ၂၆ ရာခိုင်နှုန်းလျှော့ချသုံးစွဲဖို့ မျှော်မှန်းခဲ့ပါတယ်။

ဥရောပသမဂ္ဂရဲ့ မျှော်မှန်းချက်ကတော့ ၂၀၃၀ ပြည့်နှစ်မတိုင်မီမှာ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လုပ်မှုကို ၄၀ ရာခိုင်နှုန်း လျှော့ချသွားဖို့ပဲဖြစ်ပါတယ်။ ဒီပမာဏဟာ အမေရိကန်နဲ့ နှိုင်းယှဉ်ရင် အများကြီးသာလွန်မှုရှိတယ်ဆိုတာ တွေ့ရပါတယ်။

### လွဲမှားနေပြီဖြစ်

အမေရိကန်ဟာ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လုပ်မှုလျှော့ချရာမှာ ဦးဆောင်စံပြဖြစ်ရမယ်လို့ အမေရိကန်ထိပ်တန်းအရာရှိတွေရဲ့ ပြောကြားချက်ဟာ အခုချိန်မှာ လွဲမှားလို့နေပြီဖြစ်ပါတယ်။

အတိတ်အချိန်တွေကို ပြန်ကြည့်ရင်လည်း အမေရိကန်နိုင်ငံက ၂၀၀၅ ခုနှစ်ကစပြီး ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လုပ်မှု လျှော့ချမှုအများဆုံး ထိပ်ဆုံး ၁၀ နိုင်ငံထဲမှာ ပါဝင်ခဲ့ခြင်း မရှိပါဘူး။ ဗြိတိန်၊ ပြင်သစ်၊ ဆွီဒင်၊ စပိန်၊ ပေါ်တူဂီ၊ အီတလီ၊ အိုင်ယာလန်၊ ဟန်ဂေရီ၊ ဂရိ၊ ချက်သမ္မတနိုင်ငံနဲ့ အခြားနိုင်ငံတွေသာ အင်တိုက်အားတိုက် ကြိုးပမ်းခဲ့တာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

ပါရီစာချုပ်ကို လိုက်နာခြင်းဟာ အမေရိကန်ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုမဟုတ်သလို ဥစ္စာခနေ ပျက်စီးဆုံးရှုံးသွားစရာအကြောင်းလည်း မရှိပါဘူးလို့ ကလင်တန်နဲ့ ဂျော့ဒဗလျူဘုရှ် အစိုးရအဖွဲ့တွေမှာ ရာသီဥတုဆိုင်ရာ အကြံပေးဖြစ်သူ နီဂျယ်လ် ပါဗစ်က ပြောကြားခဲ့ပါတယ်။

အမေရိကန်အနေနဲ့ ၂၀၀၅ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အတွင်း ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုပမာဏကို ၁၃ ရာခိုင်နှုန်းခန့် လျှော့ချခဲ့တယ်လို့ ဝန်ကြီး မိုက်ပွန်ပီယိုက ပြောကြားခဲ့ပါတယ်။

၂၀၁၈ ခုနှစ်မှာတော့ အမေရိကန်ရဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လုပ်မှုဟာ ၂ ဒသမ ၇ ရာခိုင်နှုန်း တိုးမြင့်လာတာကို တွေ့ရပါတယ်။

အကြောင်းကတော့ ကျောက်မီးသွေးတွေကို ယခင်ကထက် ပိုမိုသုံးစွဲလာပြီး လေထုအရည်အသွေး အဆင့်ထိန်းသိမ်းထားရှိမှုတို့ကို မျက်ကွယ်ပြုလာတဲ့ သမ္မတထရန့်ရဲ့ တွန်းအားပေးမှုတွေကြောင့်ပဲ ဖြစ်ပါတယ်လို့ ကိုလံဘီယာဥပဒေကျောင်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ် လေ့လာရေးစင်တာမှ မိုက်ကယ် ဂျာရက်ဒ်က ပြောကြားခဲ့ပါတယ်။

ဒ့ါအပြင် ပါရီစာချုပ်မှာ အမေရိကန်အနေနဲ့ ဆက်လက်ရှိနေဦးမယ်ဆိုရင် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လုပ်မှုလျှော့ချမှုပမာဏကို ၈၀ ရာခိုင်နှုန်းအထိ လျှော့ချသုံးစွဲရမှာ ဖြစ်ပါတယ်။ ဒါဟာ သမ္မတထရန့် လိုလားမှုမရှိတဲ့အရာပဲဖြစ်ပါတယ်လို့ မိုက်ကယ် ဂျာရက်ဒ်က ဆက်လက်ပြောကြားခဲ့ပါတယ်။

### လျော့ကျသွားစေ

သမ္မတထရန့်ရဲ့ ပါရီစာချုပ်ကနေ နုတ်ထွက်ဖို့ ဆုံးဖြတ်ချက်ဟာ အခြားလက်မှတ်ရေးထိုးထားတဲ့ နိုင်ငံတွေကိုပါ စာချုပ်ပါအချက်အလက်များကို လိုက်နာဆောင်ရွက်ဖို့ လျော့ကျသွားစေနိုင်ပါတယ်။ ကမ္ဘာ့အချမ်းသာဆုံး နိုင်ငံကတောင် လိုက်နာမှုမရှိဘူးဆိုရင် ငါတို့လိုနိုင်ငံတွေက လိုက်နာစရာ လိုသေးလို့လားဆိုပြီး စာချုပ်ပါအချက်အလက်များကို ဖီဆန်သွားကြမှာကို စိုးရိမ်မိပါတယ်ဟု မိုက်ကယ် ဂျာရက်ဒ်က ပြောကြားခဲ့ပါတယ်။

အမေရိကန်ရွေးကောက်ပွဲမှာ အခြားတစ်ဦးတစ်ယောက် အနိုင်ရရှိမည်ဆိုပါက သူ့အနေနဲ့ပါရီစာချုပ်မှာ ပြန်လည်ပါဝင်လာမယ်ဆိုတာ သေချာပါတယ်လို့လည်း မိုက်ကယ် ဂျာရက်ဒ်က ဆိုပါတယ်။

အမေရိကန် ဒုတိယသမ္မတဟောင်း အယ်လ်ဂိုးကလည်း သမ္မတထရန့်ရဲ့ ပါရီစာချုပ်ကနေ နုတ်ထွက်မယ့်ဆုံးဖြတ်ချက်ဟာ အမှားတစ်ခု ကျူးလွန်လိုက်ခြင်းပဲဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

### အမြဲအမှတ်တရရှိနေ

ရာသီဥတုဖောက်ပြန်မှုတွေကို ဖြေရှင်းဖို့ ကျွန်တော်တို့လူသားတွေရဲ့ ကြိုးပမ်းမှုတွေကို ဘယ်လိုအရာမျိုးကမှ ကာကွယ်တားဆီးနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် မလိုလောဘအတွက် ကမ္ဘာကြီးကို ခုတုံးလုပ်ပြီး ကိုယ်ကျိုးရှာတဲ့သူတွေကိုတော့ သူတို့ရဲ့လုပ်ရပ်တွေအတွက် လူသားတွေရဲ့ရင်ထဲမှာ အမြဲအမှတ်တရရှိနေမှာပါလို့ ဒုတိယသမ္မတဟောင်း အယ်လ်ဂိုးက ပြောကြားခဲ့ပါတယ်။

ပါရီစာချုပ်က နုတ်ထွက်ရေးဆုံးဖြတ်ချက်ဟာ အမေရိကန်သမ္မတ ရွေးကောက်ပွဲမှာ သမ္မတထရန့်အတွက် ပြင်းထန်တဲ့ ထိုးနှက်ချက်တစ်ခုဖြစ်မလား၊ အရေးပါတဲ့ လုပ်ဆောင်ချက်တစ်ခုဖြစ်မလားဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

**ကိုးကား – ဘန်ကောက်ပို့စ်**
**ဘာသာပြန်–အောင်ကျော်ကျော်**



## တောင်ကိုရီးယားနိုင်ငံက ၂၀၂၂ ခုနှစ်တွင် တပ်ဖွဲ့ဝင်အင်အား ငါးသိန်းအထိ လျှော့ချမည်

**ဆိုးလ် နိုဝင်ဘာ ၆**

တောင်ကိုရီးယားနိုင်ငံသည် မွေးစာရင်း သေစာရင်းဆိုင်ရာပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းမှုများ၏ တစ်စိတ်တစ်ဒေသအဖြစ် ၂၀၂၂ ခုနှစ်တွင် တပ်ဖွဲ့ဝင်အရေအတွက်ကို ငါးသိန်းအထိ လျှော့ချသွားရန် စီစဉ်ထားကြောင်း စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၆ ရက်တွင် ပြောကြားခဲ့သည်။

တောင်ကိုရီးယားတပ်မတော်တွင် တာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များ လျှော့ချခြင်းနှင့် ခေတ်သစ်စစ်ပွဲပဋိပက္ခများတွင် ဖြစ်ပေါ်သည့် ပြောင်းလဲမှုများအတွက် ပြင်ဆင်ရန် ၂၀၂၂ ခုနှစ်တွင် တပ်ဖွဲ့ဝင်အင်အားကို ငါးသိန်းခန့်အထိ လျှော့ချသွားမည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာနက ထုတ်ပြန်သည့် အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။

၂၀၁၈ ခုနှစ် ကာကွယ်ရေးဆိုင်ရာစက္ကူစာတမ်းအရ တောင်ကိုရီးယားနိုင်ငံတွင် လွန်ခဲ့သည့်နှစ်က တပ်ဖွဲ့ဝင်အင်အား ၅၉၉၀၀၀ ရှိခဲ့သည်ဟု ဆိုသည်။ တောင်ကိုရီးယားတပ်မတော်တွင် စာရင်းသွင်းထားသော တပ်ဖွဲ့ဝင်အရေအတွက်သည် ၂၀၁၆ ခုနှစ်တွင် တပ်ဖွဲ့ဝင်အင်အား ၃၆၀၀၀၀ ရှိခဲ့ကာ ၂၀၂၅ ခုနှစ်တွင် ၂၂၅၀၀၀ သို့လည်းကောင်း၊ ၂၀၃၈ ခုနှစ်တွင် တပ်ဖွဲ့ဝင်အင်အား ၁၆၁၀၀၀ အထိ ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း ယွန်ဟက်သတင်းအေဂျင်စီ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံတွင် အသက်ကြီးလူဦးရေနှင့် မွေးဖွားမှုနှုန်းလျော့ကျခြင်းတို့ကြောင့်ဖြစ်သော မွေးစာရင်းသေစာရင်းဆိုင်ရာပြောင်းလဲမှုဖြစ်ပေါ်နေစဉ်ကာလအတွင်း တပ်ဖွဲ့ဝင်အင်အား လျှော့ချမည့်လှုပ်ရှားမှုဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။ **ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

# အရှေ့အာရှရေးရာ အမေရိကန် ထိပ်တန်းသံတမန်နှင့် တောင်ကိုရီးယား အဆင့်မြင့်အရာရှိများ တွေ့ဆုံဆွေးနွေး

**ဆိုးလ် နိုဝင်ဘာ ၆**

အရှေ့အာရှဒေသရေးရာ အမေရိကန် ထိပ်တန်း သံတမန်နှင့် တောင်ကိုရီးယား အဆင့်မြင့် အရာရှိများသည် တောင်ကိုရီးယားနိုင်ငံ မြို့တော် ဆိုးလ်တွင် ယနေ့ တွေ့ဆုံဆွေးနွေး ခဲ့ကြကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေး ဝန်ကြီးဌာနက ပြောကြားသည်။

အရှေ့အာရှဒေသရေးရာ အမေရိကန် လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ် စတီးလ်ဝဲလ်သည် ယမန်နေ့က တောင်ကိုရီး ယား နိုင်ငံမြို့တော် ဆိုးလ်မြို့သို့ ရောက်ရှိခဲ့ခြင်း ဖြစ်ပြီး ယနေ့ အစောပိုင်းတွင် တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ကန်ကျုံဟွာနှင့် တွေ့ဆုံခဲ့ သည်။

ကန်ကျုံဟွာနှင့် စတီးလ်ဝဲလ်တို့သည် တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေး ဆိုင်ရာ နည်းလမ်းများ၊ ဒေသဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုနှင့် ကိုရီးယား-ဂျပန် ဆက်ဆံရေး အပါအဝင် အမျိုးမျိုးသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် တောင်ကိုရီးယား နိုင်ငံ ခြားရေးဝန်ကြီး ကန်ကျုံဟွာက ညှိနှိုင်း ဆွေးနွေးခြင်းမှတစ်ဆင့် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံအကြားရှိနေသော ပြဿနာများအား ကိုင်တွယ်ဖြေရှင်းရန် တောင်ကိုရီးယား အစိုးရ ၏ ကြိုးပမ်းလုပ်ဆောင်မှုများကို အမေရိကန် သံတမန်အား ရှင်းလင်းပြောကြားခဲ့သည်။

တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးနှင့် အရှေ့အာရှဒေသရေးရာ အမေရိကန် သံတမန်တို့ သည် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ အကြား စစ်ဘက်သတင်းအချက်အလက် ဖလှယ်ရေးဆိုင်ရာ သဘောတူစာချုပ် သက်တမ်း မကုန်ဆုံးမီ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခဲ့ခြင်း ဖြစ်သည်။ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ အကြား စစ်ဘက် သတင်းအချက်အလက် ဖလှယ်ရေးဆိုင်ရာ သဘောတူစာချုပ်သည် ယခုလ ၂၃ ရက်တွင် သက်တမ်းကုန်ဆုံးတော့ မည်ဖြစ်သည်။

တောင်ကိုရီးယားနှင့် ဂျပန်အစိုးရတို့သည် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယား လက်နက်အစီအစဉ်နှင့် ပတ်သက်၍ နှစ်နိုင်ငံ အကြား စစ်ဘက်သတင်း အချက်အလက် ဖလှယ်ရန် အဆိုပါ သဘောတူစာချုပ်ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလက လက်မှတ်ရေးထိုးခဲ့သည်။

စတီးလ်ဝဲလ်သည် တောင်ကိုရီးယား နိုင်ငံ ခြားရေးဝန်ကြီးဌာနမှ ဒုတိယနိုင်ငံခြားရေး ဝန်ကြီး ချိုဆေယောင်နှင့် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ချုံဆုခ်ဟွန်တို့နှင့် လည်း တွေ့ဆုံခဲ့သည်။ ထို့အပြင် စတီးလ်ဝဲလ် သည် တောင်ကိုရီးယား သမ္မတရုံးတော်မှ အရာရှိကြီးများနှင့်လည်း တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – ဂျေတီ**



ဒေးဗစ် စတီးလ်ဝဲလ်နှင့် ကန်ကျုံဟွာ။



# ပန့်ဆာ-အက်စ် လေကြောင်းရန် ကာကွယ်ရေး စနစ်များ ဆားဘီးယားသို့ ရုရှားပေးပို့မည်

**မော်စကို နိုဝင်ဘာ ၆**

ရုရှားနိုင်ငံသည် ပန့်ဆာ-အက်စ် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ဆားဘီးယားသို့ လာမည့်လအနည်းငယ်အတွင်း ပေးပို့မည်ဖြစ်ကြောင်း ရုရှားနိုင်ငံပိုင် လက်နက် တင်ပို့သည့် ကုမ္ပဏီ ရိုဆိုဘိုရိုနစ်ပို့၏ ညွှန်ကြားရေးမှူးချုပ် အလက်ဇန္ဒားမီခေးဗ်က ဗုဒ္ဓဟူးနေ့က ပြောကြား သည်။ ကန်ထရိုက်စာချုပ်ကို လာမည့်လအတွင်း အပြီးသတ်မည်ဟု အလက်ဇန္ဒား မီခေးဗ်က ပြောကြားကြောင်း တက်စ်သတင်းအေဂျင်စီက ဖော်ပြသည်။

ပန့်ဆာ-အက်စ် လေကြောင်းရန်ကာကွယ်ရေးစနစ်ကို အရပ်ဘက်နှင့် စစ်ဘက် အရာဝတ္ထု များကို ရာသီဥတုမရွေး ၂၄ နာရီပတ်လုံး လေကြောင်းတိုက်ခိုက်မှုမှ ကာကွယ်ရန်အတွက် ထုတ်လုပ်ထားခြင်း ဖြစ်သည်။ ၎င်းစနစ်သည် မြေပြင်မှ ခြိမ်းခြောက်တိုက်ခိုက်မှုများကိုလည်း ကာကွယ်ပေးနိုင်သည်။

ပန့်ဆာ-အက်စ် လေကြောင်းရန် ကာကွယ်ရေးစနစ်တစ်ခုတွင် အမြင့်ဆုံး ကီလိုမီတာ ၃၀ အထိ ပစ်ခတ်နိုင်သည့် မြေပြင်မှဝေဟင်ပစ် ဒုံးကျည် ၁၂ ခု နှင့် မီတာ ၄၀၀၀ အထိ ပစ်ခတ်နိုင်သည့် ၃၀ မီလီမီတာ သေနတ်ပြောင်း နှစ်ခုပါ သေနတ်တစ်လက်ပါဝင်ကြောင်း သိရသည်။

**ကိုးကား– ဆင်ဟွာ၊ ဘာသာပြန်– အောင်ဇော်လင်း**

# ဒေသတွင်း ပြဿနာများနှင့် ပတ်သက်၍ မိုက်ပွန်ပီယိုနှင့် ကာတာကာကွယ်ရေးဝန်ကြီး ဆွေးနွေး

**ဝါရှင်တန် နိုဝင်ဘာ ၆**

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုနှင့် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိနေသော ကာတာကာကွယ်ရေးနှင့် လုံခြုံရေးရာဝန်ကြီး ခါလစ်ဘင် မိုဟာမက် အယ်လ်အတ်တီယတို့သည် နှစ်နိုင်ငံဆက်ဆံရေး၊ ဒေသတွင်း ပြဿနာရပ်များနှင့် ပတ်သက်၍ ယမန်နေ့က တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ပွန်ပီယိုနှင့် အယ်လ်အတ်တီယတို့သည် တွေ့ဆုံစဉ် အီရန်နိုင်ငံအား ဆန့်ကျင်ရာ၌ ပင်လယ်ကွေ့ဒေသ ပူးပေါင်းဆောင်ရွက်မှု ကောင်စီ၏ အရေးပါပုံကို ဆွေးနွေးခဲ့ကြသလို အီရတ်၊ ဆီးရီးယားနှင့် လက်ဘနွန်ပြဿနာ အပါအဝင် နှစ်နိုင်ငံ ဆက်ဆံရေးနှင့်ဒေသဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြ ကြောင်း သိရသည်။

ထို့အပြင် အမျိုးမျိုးသော ကိစ္စရပ်များတွင် ကာတာအစိုးရအနေဖြင့် အမေရိကန်အစိုးရအား ရင်းရင်းနှီးနှီး ပူးပေါင်းဆောင်ရွက်နေမှုအပေါ် မိုက်ပွန် ပီယိုက ကာတာကာကွယ်ရေးဝန်ကြီးအား ကျေးဇူးတင်စကား ပြောကြားခဲ့ ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုသည် ၎င်း၏ တပ်ဖွဲ့ဝင် ၁၀၀၀၀ ခန့်နှင့် စစ်လက် နက်အများအပြားကို ကာတာနိုင်ငံဆိုင်ရာ အမေရိကန်၏ လေတပ်အခြေပြု စခန်းဖြစ်သည့် ကာတာရီအယ်လ်ကူဒိတ်စခန်းတွင် ဖြန့်ကြက်ထားသည်။ အဆိုပါ လေတပ်စခန်းသည် အရှေ့အလယ်ပိုင်းဒေသရှိ အမေရိကန်၏ လေတပ် စခန်းများအနက် အကြီးမားဆုံး လေတပ်စခန်းဖြစ်မည်ဟု ယူဆရသည်။

ဆော်ဒီအာရေဗျ၊ ယူအေအီး၊ ဘာရိန်းစသည့် ပင်လယ်ကွေ့ဒေသ ပူးပေါင်း ဆောင်ရွက်မှု ကောင်စီအဖွဲ့ဝင် သုံးနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့က ၂၀၁၇ ခုနှစ် ဇွန်လ တွင် ကာတာနိုင်ငံနှင့် သံတမန်ဆက်ဆံရေးကို ဖြတ်တောက်ခဲ့ပြီးနောက် ပင်လယ်ကွေ့ဒေသတွင် ပဋိပက္ခများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**

# ပါရှန်ပင်လယ်ကွေ့ နိုင်ငံတကာ ရေကြောင်းလေ့ကျင့်မှုတွင် မီဒီယာများကို သတင်းရယူခွင့်ပြု

**တိုကျို နိုဝင်ဘာ ၆**

ရေနံတင်ပို့မှုအတွက် အရေးပါသော လမ်းကြောင်းတစ်ခု ဘေးကင်းလုံခြုံစေရန် ရည်ရွယ်သည့် ပါရှန်ပင်လယ်ကွေ့အတွင်း အမေရိကန်ဦးဆောင်သော ရေကြောင်း လေ့ကျင့်မှုအတွက် မီဒီယာများကို သတင်းရယူခွင့် ပြုလိုက်ပြီဖြစ်သည်။ အောက်တိုဘာလနှောင်းပိုင်းက စတင်ခဲ့သည့် နိုင်ငံတကာရေကြောင်း လေ့ကျင့် မှုတွင် ကမ္ဘာ့နိုင်ငံပေါင်း ၅၀ ခန့် ပါဝင်လေ့ကျင့်လျက်ရှိသည်။

အဆိုပါ ရေကြောင်းလေ့ကျင့်မှုနှင့်ပတ်သက်၍ ယမန်နေ့က မီဒီယာများသို့ သတင်းရယူခွင့်ပြုခဲ့သည်။ ဂျပန်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ မိုင်းရှင်းတပ်ဖွဲ့များ၊ အမေရိကန်နှင့် ပြင်သစ်ရေတပ်ဖွဲ့များသည် ဘာရိန်း ကမ်းလွန်ရှိ ဗြိတိန်ကုန်းရေနှစ်သွယ်သုံး တိုက်ခိုက်ရေးသင်္ဘောတစ်စင်းပေါ် တက်ရောက်ခဲ့သည်။ တပ်ဖွဲ့ဝင်များက မိုင်းရှာဖွေရေးနှင့် ရှင်းလင်းရေးအတွက် ကိရိယာများအသုံးပြု၍ ကျွမ်းကျင်မှုများ မျှဝေခဲ့ကြသည်။ ရေကြောင်း လေ့ကျင့်မှုမှာ နိုင်ငံအသီးသီးမှ တပ်ဖွဲ့ဝင်များကို အတူတကွ လေ့ကျင့်စေပြီး ပင်လယ်ကွေ့အတွင်း လွတ်လပ်စွာ ရေကြောင်းမောင်းနှင်မှုကို ဖြစ်စေကြောင်း ဂျပန် အရာရှိတစ်ဦးက ပြောကြားသည်။ ယခုနှစ်အတွင်း ဟော်မုတ်ဇ်ရေလက် ကြားအနီး ဖြစ်ပွားခဲ့သည့် ရေနံတင်သင်္ဘောများ ဆက်တိုက်တိုက်ခိုက်ခံရမှုများ မှာ အီရန်နိုင်ငံ၏ လက်ချက်ဖြစ်ကြောင်း အမေရိကန်နိုင်ငံက စွပ်စွဲသည်။

အမေရိကန်နိုင်ငံက ပင်လယ်ကွေ့ဒေသ၌ ရေယာဉ်များကို လိုက်ပါစောင့် ရှောက်မည့် နိုင်ငံတကာညွန့်ပေါင်းအဖွဲ့တစ်ခုဖွဲ့စည်းရန် မျှော်လင့်သော်လည်း ကမ္ဘာ့နိုင်ငံခြောက်နိုင်ငံကသာ ပါဝင်လိုသည့်ဆန္ဒကို ပြောကြားခဲ့သည်။ အမေရိ ကန်နိုင်ငံက ပင်လယ်ကွေ့ဒေသ၌ သင်္ဘောများ ဘေးကင်းလုံခြုံရေးအတွက် ယင်း၏ ကတိကဝတ်ကို ပြသလိုသည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – ကျော်ထိုက်စိုး**

# အီတလီက ကျောင်းသင်ရိုးညွှန်းတမ်း၌ ရာသီဥတုပြောင်းလဲမှု သင်ခန်းစာ ထည့်သွင်းမည်

**ရောမ နိုဝင်ဘာ ၆**

အီတလီနိုင်ငံမှာ စာသင်ကျောင်း သိပ္ပံ သင်ခန်းစာများ၌ ရာသီဥတုပြောင်း လဲမှုအကြောင်း ထည့်သွင်းဖော်ပြ သည့် ကမ္ဘာ့ပထမဆုံး တိုင်းပြည် ဖြစ်လာတော့မည်ဟု အီတလီ ပညာ ရေးဝန်ကြီးက နိုဝင်ဘာလ ၅ ရက်တွင် ပြောကြားခဲ့သည်။

သီတင်းပတ် တစ်ပတ်လျှင် တစ်နာရီ ခန့် လေ့လာရမည့် အဆိုပါအစီအစဉ် မှာ လာမည့်နှစ်မှစတင်၍ အကျိုး သက်ရောက်မည်ဟု အီတလီ ပညာရေး ဝန်ကြီး လော်ရန်ဇိုဖီယိုရာမွန်တီက လူမှုမီဒီယာမှတစ်ဆင့် ပြောကြား ခဲ့သည်။ လော်ရန်ဇို၏ စိတ်ကူးဉာဏ် တစ်ခုဖြစ်သည့် ယခုအစီအစဉ်မှာ ရာသီဥတုပြောင်းလဲမှုနှင့် ဆက်နွယ် သည့် အကြောင်းရင်းများ၊ အန္တရာယ် များကို မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများ အကျွမ်းတဝင်ရှိစေ ရန်ဖြစ်သည်။ လာမည့်နှစ် စက်တင် ဘာလတွင် စတင်သည့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် စဉ်ဆက်မပြတ်သော ဖွံ့ဖြိုးတိုးတက်မှုကို မီးမောင်းထိုးပြ သည့် နည်းလမ်းတစ်ရပ်အဖြစ် ပထဝီ နှင့် ရူပဗေဒကဲ့သို့သော သမားရိုးကျ ဘာသာရပ်များကိုလည်း သင်ကြား သွားမည်ဟု ၎င်းကဆိုသည်။ ကမ္ဘာ့ ကျန်းမာရေး အဖွဲ့အစည်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့များ ၏အဆိုအရ အီတလီနိုင်ငံမှာ ရာသီဥတုပြောင်းလဲမှု အကျိုး သက်ရောက်မှုကို အများဆုံး ခံရဖွယ် ရှိသော တိုင်းပြည်တစ်ပြည် ဖြစ် သည်။



**မကြာခဏ ကြုံတွေ့ခဲ့**

ရာသီဥတုပြောင်းလဲမှုကြောင့် အီတလီနိုင်ငံ၏ လယ်ယာစိုက်ပျိုး ရေးကဏ္ဍကို ကြီးမားစွာထိခိုက်စေပြီး မြောက်ပိုင်းရှိ ရေခဲမြစ်များ အရည် ပျော်ကျကာ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်စေခဲ့သည်။ ထို့အပြင် ဗင်းနစ်မြို့နှင့် ပင်လယ် ကမ်းခြေရှိ အခြားမြို့ကြီးများမှာ ဆိုးရွားသော ရေကြီးရေလျှံမှုများ မကြာခဏ ကြုံတွေ့ခဲ့ရသည်။

**ကိုးကား–ဆင်ဟွာ**

**ဘာသာပြန် – ကျော်ထိုက်စိုး**



## ဒီးမော့ဆို၊ လွိုင်လင်၊ မိုင်းကိုင်၊ နမ့်စန်နှင့် လဲချားမြို့နယ်တို့၌ ဘိန်းစိုက်ခင်း ၂၉ ဧကခန့် ဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၆**
ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်းဦးစီးသည့် ပူးပေါင်းအဖွဲ့က နိုဝင်ဘာ ၅ ရက်တွင် ဒီးမော့ဆိုမြို့နယ် ဆောင်ဒူကျေးရွာ၏မြောက်ဘက် သုံးမိုင်ခန့်အကွာ၌ ဘိန်းပင်ပေါက်စိုက်ခင်း တစ်ဧကခန့်အား ဖျက်ဆီးခဲ့သည်။

အလားတူ နိုဝင်ဘာ ၅ ရက်တွင် လွိုင်လင်မြို့နယ် ထန်းဖြားကျေးရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခွဲခန့်အကွာ၌ သီးပွင့်ဆဲဘိန်းစိုက်ခင်း တစ်ဧကခန့်၊ ကျူနိမ့်ကျေးရွာ၏မြောက်ဘက် တစ်ဖာလုံခန့်အကွာ၌ သီးပွင့်ဆဲဘိန်းစိုက်ခင်း ငါးဧကခန့်နှင့် ကျိုင်းခမ်းကျေးရွာ၏ အနောက်တောင်ဘက် တစ်မိုင်ခွဲခန့်အကွာ၌ သီးပွင့်ဆဲဘိန်းစိုက်ခင်း လေးဧကခန့်အား လည်းကောင်း။

မိုင်းကိုင်မြို့နယ် ဝမ်တုံကျေးရွာအနီး၌ ဘိန်းပင်ပေါက်စိုက်ခင်း သုံးဧကခန့်၊ ကောင်းဖယ်ကျေးရွာ၏ အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာနှင့် နောင်ဟွယ်ကျေးရွာ၏ အနောက်တောင်ဘက် လေးမိုင်ခန့်အကွာ၌ ဘိန်းစိုက်ခင်း လေးဧကခန့်အား လည်းကောင်း။

နမ့်စန်မြို့နယ် တွန်ကျိုင်းကျေးရွာ၏ အနောက်တောင်ဘက် ရှစ်မိုင်ခန့်အကွာ၌ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၁၀ ဧကခန့်အား လည်းကောင်း၊ လဲချားမြို့နယ် ပါနော်ကျေးရွာ၏ အနောက်တောင်ဘက်၌ ဘိန်းပင်ပေါက်စိုက်ခင်း တစ်ဧကခန့်အားလည်းကောင်းသက်ဆိုင်ရာရဲတပ်ဖွဲ့များက ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## ရန်ကုန်-နေပြည်တော်အမြန်လမ်းတွင် ပွိုင့် ၃၀ ကျည် အတောင့် ၃၀၀ တွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၆**
ရန်ကုန်-နေပြည်တော် အမြန်လမ်းတွင် ကျည်ဆန်များ တွေ့ရှိခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့က နိုဝင်ဘာ ၅ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၅ ရက် ညနေပိုင်းက ရန်ကုန်-နေပြည်တော်လမ်း မိုင်တိုင် ၁၄၃/၆-၁၄၃/၇ အကြား တံတားအောက် လက်ယာရေထုတ်မြောင်းအတွင်း ဒေသခံတစ်ဦးက ရေမြောင်းအတွင်း ခုံးစမ်းစဉ် ကျည်ဆန်များ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းနောက် ရဲတပ်ဖွဲ့က သွားရောက်စစ်ဆေးရာ ပွိုင့် ၃၀ ကျည် အတောင့် ၁၀၀ ပါ ကျည်အိတ် သုံးအိတ် စုစုပေါင်း ကျည်အတောင့် ၃၀၀ တွေ့ရှိခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**



## ရိဒ်ခေါဒါရ်မြို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ရိဒ်ခေါဒါရ် နိုဝင်ဘာ ၆**
ချင်းပြည်နယ် ရိဒ်ခေါဒါရ်မြို့ အမှတ် (၂) ရပ်ကွက်၌ နိုဝင်ဘာ ၅ ရက်က မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရိဒ်ခေါဒါရ်မြို့ နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်အောင်ဆန်းလင်းနှင့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရိဒ်ခေါဒါရ်မြို့ အမှတ်(၂)ရပ်ကွက် ဗိုလ်ချုပ်လမ်းနေ လားလ်တန်ပွီးရာ၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ လားလ်တန်ပွီးရာ၏ နေအိမ်အိပ်ခန်းအတွင်း ကော်ဘူးဖြင့် ထည့်ထားသည့် စိတ်ကြွဆေးပြား ၃၅၀ ( ၃၅ ဂရမ်ခန့်)၊ ပလတ်စတစ်အိတ်ဖြင့် ထုပ်ထားသည့် စိတ်ကြွဆေးပြား ၅၉၅ ပြား (၅၉ ဒသမ ၅ ဂရမ်ခန့်)၊ ဘိန်းဖြူ သုည ဒသမ ၃ ဂရမ်ခန့်ပါ ပင်နယ်ဆလင်ပုလင်း နှစ်လုံး စုစုပေါင်း ၉၅ ဒသမ ၁ ဂရမ်ခန့်နှင့် မူးယစ်ဆေးဝါး သုံးစွဲရာတွင် အသုံးပြုသည့် ဆေးထိုးပိုက်လေးချောင်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ လားလ်တန်ပွီးရာအား ရိဒ်ခေါဒါရ်မြို့နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုပက်(ရိဒ်မင်းသား)**

## နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တစ်ပတ်အတွင်း တရားမဝင်သစ် ၄၄၂ တန်ကျော် သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၆**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အောက်တိုဘာ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ တစ်ပတ်အတွင်း တရားမဝင်သစ် ၄၄၂ ဒသမ ၀၉၅၇ တန်ကို သိမ်းဆည်းရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ထို့ပြင် ပြစ်မှုကျူးလွန်သူ ၅၅ ဦးနှင့် ယာဉ်ယန္တရား ၄၁ စီးကိုလည်း ဖမ်းဆီးရမိခဲ့ပြီး အများဆုံးသိမ်းဆည်းရမိသည့်ဖြစ်စဉ်မှာ ကယားပြည်နယ် မယ်စဲ့မြို့နယ် နမ့်ပိန်းလိန်ကြိုးပြင်ကာကွယ်တော အကွက်အမှတ် (၆၂) ၌ တရားမဝင်သစ် ၈၃ ဒသမ ၁၆၄ တန်ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုမျိုး**

## အောင်မြေသာစံမြို့နယ်၌ ပိုက်ဆံအိတ်လုယူသူအား ဖမ်းမိ



**မန္တလေး နိုဝင်ဘာ ၆**
မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ၃၃ လမ်းတွင် အမျိုးသမီးတစ်ဦးထံမှ ပိုက်ဆံအိတ်လုယူသူအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ်မျိုးကျော်သူ ဦးစီးအဖွဲ့နှင့် အမှတ် (၆) နယ်မြေရဲစခန်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သက်မင်းဦး ဦးစီးအဖွဲ့တို့သည် နယ်မြေမှုခင်း ကျဆင်းရေးအတွက် လှည့်ကင်းဆောင်ရွက်စဉ် အောက်တိုဘာ ၃၁ ရက် ညနေ ၄ နာရီခွဲခန့်တွင် ၃၃ လမ်းအတိုင်း မလှိုင်မာစန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ၈၅ လမ်းနှင့် ၈၆ လမ်းကြားတွင် အုံ့မောင်ဟိန်းက ဆိုင်ကယ်ဖြင့် ကျော်တက်မောင်းနှင်ကာ ဆိုင်ကယ်ရှေ့ခြင်းထဲ၌ ထည့်ထားသည့် ပိုက်ဆံအိတ်ပါ လက်ဆွဲခြင်းကို လုယူထွက်ပြေးသည်ကိုတွေ့ရှိသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ ၃၅ လမ်း၊ ၈၉ လမ်းနှင့် ဒေးဝန်းလမ်းမကြီးထောင့်တွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်းအား အမှတ် (၆) နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မန်း(ကိုယ်ပွား)**

## အမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှုများကြောင့် အောက်တိုဘာလအတွင်း ၁၅ ဦးသေဆုံး၊ ၁၃၀ ဒဏ်ရာရ

**နေပြည်တော် နိုဝင်ဘာ ၆**
ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှုများ ဖြစ်ပွားလျက်ရှိရာ အောက်တိုဘာလအတွင်း ၆၃ မှုဖြစ်ပွားခဲ့ပြီး အမျိုးသား ၁၂ ဦး၊ အမျိုးသမီး သုံးဦး ပေါင်း ၁၅ ဦး သေဆုံးခဲ့ကာ အမျိုးသား ၇၁ ဦး၊ အမျိုးသမီး ၅၉ ဦး ပေါင်း ၁၃၀ ဒဏ်ရာရရှိခဲ့ကြောင်း အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံး ထုတ်ပြန်ချက်များအရ သိရသည်။

သက်ဆိုင်ရာ တာဝန်ရှိသူများက အမြန်လမ်းမကြီးပေါ်၌ သွားလာနေသည့်ယာဉ်များ မလိုလားအပ်သည့် ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိရာ ပြည်သူများဘက်မှလည်း လိုက်နာရန်လိုအပ်ကြောင်း၊ ခရီးသွားပြည်သူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအပြင် မိမိမောင်းနှင်သည့်ယာဉ်၏ ကြံ့ခိုင်ရေးများကိုပါ စစ်ဆေးရန်လိုကြောင်း သိရသည်။ **ကျော်ကျော်(မလှိုင်)**

SME-Development Bank
Dependable Financial Partner

လေးစားအပ်ပါသော SME-Development Bank ၏ ပီတိတောင်းပီတိသစ် Customers များအား
SME-Development Bank ၏ (၂၁) ခုမြောက် ဘဏ်ခွဲဖြစ်သည့်
မြောက်ဒဂုံ ဘဏ်ခွဲသစ်ကို ဖွင့်လှစ်၍
ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို (၇.၁၁.၂၀၁၉) နေ့ မှစတင်
ဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။



မြောက်ဒဂုံဘဏ်ခွဲ
အမှတ်-၁၀ရ၈-၁၀၈၅ ၊ ပြည်ထောင်စုလမ်းမကြီး
(၃၈) ရပ်ကွက် ၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။

Tel : (+95) 01 80 11105
Fax : (+95) 01 80 11106
Email : admsmidb785@gmail.com
Hot Line : 01 2316036, 09 441202217

# လူထုသတင်းစာနှင့် တကယ့်ကာတွန်းဆရာ

ဆူးငှက်

၁၉၄၆ ခုနှစ် ဧပြီလ ၁၉ ရက်နေ့မှာ လူထုသတင်းစာကို စတင်ထုတ်ဝေပါတယ်။ မန္တလေးက ထုတ်ဝေခဲ့တဲ့ ပုဂ္ဂလိက လူထုသတင်းစာက ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ စာပေဂုဏ်ဒြပ်တွေလည်းဖြစ်တဲ့ အခြေခံလယ်သမား၊ အလုပ်သမားအရေး၊ အမျိုးသားအရေး၊ စာပေယဉ်ကျေးမှုအရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးစံတွေကို ကိုင်စွဲခဲ့တယ်။ လူထုသတင်းစာရဲ့ အယ်ဒီတာချုပ်များကတော့ ဆရာကြီးရွှေဥဒေါင်း၊ လူထုဦးလှ၊ လူထုဒေါ်အမာတို့ ဖြစ်တယ်။ လူထုသတင်းစာက အလုပ်သမား၊ လယ်သမားအရေး၊ အမျိုးသားရေး၊ စာပေယဉ်ကျေးမှုနဲ့ ငြိမ်းချမ်းရေးတွေကို ဆက်လက်သယ်ဆောင်ခဲ့ရင်း မြန်မာ့သတင်းစာသမိုင်းမှာ သိက္ခာရှိသော သတင်းစာအဖြစ် မတ်မတ်ကြီး ရပ်တည်ခဲ့တယ်။



ဆရာ ပေါ်ဦးသက်



ဆရာ ဝင်းဖေ



မေဒေးနေ့ထုတ် လူထုသတင်းစာ

### လူထုသတင်းစာကို မျက်မုန်းကျိုးတယ်

ဒီတော့ အလုပ်သမား၊ လယ်သမားတွေကို ဖိနှိပ်သတ်ဖြတ်၊ ခေါင်းပုံဖြတ် အမြတ်ထုတ်နေသူတွေ၊ ကိုယ်ကျိုးစီးပွားကိုပဲ ဖက်တွယ်ပြီး အမျိုးသားရေးကို လျစ်လျူရှုနေသူတွေ၊ စာပေယဉ်ကျေးမှုကို ချောင်ထိုးပြီး အဆန်းထွင် ဗိုလ်ကျချင်သူတွေ၊ စစ်ပွဲကို ဗန်းပြအာဏာယူ၊ လုပ်စားအနိုင်ကျင့်နေသူတွေက လူထုသတင်းစာကို မျက်မုန်းကျိုးတယ်။ အမျိုးမျိုးတံဆိပ်ကပ်ပြီး အယ်ဒီတာချုပ်တွေ၊ အယ်ဒီတာတွေကို ဖမ်းတယ်။ သတင်းစာတိုက်ကို ဒိုင်းနမိုက်နဲ့ ဖြိုခွဲတယ်။ နောက်ဆုံး ထုတ်ဝေခွင့်လိုင်စင်ကို ပိတ်သိမ်းလိုက်တယ်။ ဒါကြောင့်လည်း အဆက်ဆက်အစိုးရများရဲ့ မျက်စိစပါးမွေးစူးခံရကာ ဖိနှိပ်မှုတွေလည်း ဆက်တိုက်ခံခဲ့ရတယ်။ ၁၉၄၉ ခုနှစ်မှာ အစိုးရက သတင်းစာတိုက်ကို မိုင်းခွဲဖျက်ဆီးခဲ့တယ်။ ဆရာကြီးရွှေဥဒေါင်း၊ လူထုဦးလှတို့ကိုလည်း အကြိမ်ကြိမ် ဖမ်းဆီးထောင်ချခဲ့တယ်။ လူထုအယ်ဒီတာတွေ၊ လူထုနဲ့ပတ်သက်သူတွေကိုလည်း မျက်မုန်းကျိုးကာ အပြစ်မရှိအပြစ်ရှာ ဖမ်းဆီးခဲ့တယ်။ သတင်းစာကိုလည်း ၁၉၆၇ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့မှာ ဆက်လက် ထုတ်ဝေနိုင်ခြင်းမရှိအောင် လုပ်ငန်းလိုင်စင်ချထားမှု ရုပ်သိမ်းခဲ့တယ်။

### သတင်းစာရဲ့မူဝါဒအပေါ် ယုံကြည်လက်ခံသူမှန်ရင်

အစဉ်အလာကြီးမားခဲ့တဲ့ လူထုသတင်းစာမှာ အယ်ဒီတာတွေ၊ သတင်းထောက်တွေ၊ ဆောင်းပါးရှင်တွေသာမက ပန်းချီဆရာ၊ ကာတွန်းဆရာ လူငယ်လေးတွေကိုလည်း သတင်းစာရဲ့မူဝါဒအပေါ် ယုံကြည်လက်ခံသူမှန်ရင် လွတ်လွတ်လပ်လပ် လုပ်ကိုင်ခွင့်ပေးပြီး မြေတောင်မြှောက်ပေးတယ်။ အထူးသဖြင့် လူထုသတင်းစာရဲ့ အခါကြီးရက်ကြီးတွေဆိုရင် ထူးခြားဆန်းသစ်တဲ့ ပန်းချီကားမျက်နှာဖုံးတွေနဲ့ ထုတ်ဝေခဲ့တာ ပြောစမှတ်ဖြစ်လောက်အောင်ပါပဲ။ ဒီအထူးထုတ်သတင်းစာက ပန်းချီဆရာတွေထဲမှာ လူငယ်ပန်းချီဆရာလေးတွေဖြစ်တဲ့ ပေါ်ဦးသက်နဲ့ ဝင်းဖေလည်းပါတယ်။ သူတို့က လူထုသတင်းစာမှာ ပန်းချီသာမက ကာတွန်းလည်း ပင်တိုင်ဆွဲတယ်။

### တစ်ချိန်က ကာတွန်းဆရာဘဝကို ဖြတ်သန်းခဲ့သူ

ပေါ်ဦးသက်ဟာ တစ်ချိန်က ကာတွန်းဆရာဘဝကို ဖြတ်သန်းခဲ့သူ တစ်ယောက်ပါ။ အမေရိကန်ပြည် "Famous Artist School" ရဲ့ စာပေးစာယူ သင်တန်းသားတစ်ဦးဖြစ်ခဲ့ဖူးပြီး ဒီသင်တန်းရဲ့ သင်ခန်းစာတော်တော်များများဟာ "ကာတွန်းပညာ" တွေပဲ ဖြစ်ပါတယ်။ (၁၉၅၉) နောက်တော့ လူထုသတင်းစာမှာ ကာတွန်းတွေဆွဲခဲ့ပါတယ်။ နောက် ကြေးမုံမှာလည်း ရေးခဲ့ပါသေးတယ်။ လူထုမှာမရေးခင် မန္တလေးမှာ ကိုတင်ဝင်း (ဒါရိုက်တာဝင်းဖေညီ) တို့နဲ့ တွဲပြီး "ဂလိ" စာစောင်ထုတ်ကြသေးတာပေါ့။

"အဲဒီတုန်းက ပညာပေးသက်သက်သာ ဖော်ညွှန်းပြီး ဝင်းဖေနဲ့ လုပ်လိုက်ကြတာ အလုပ်ကောင်းလို့ ပြုတ်သွားပြီးမှ လူထုရောက်သွားကြတာ"လို့ ဆရာက ပြောပြဖူးပါတယ်။ လူထုသတင်းစာမှာ ကာတွန်းဆွဲတော့ ဆရာကိုယ်နှိုက်က တော်တော်ကြိုးစားခဲ့တယ်လို့လည်း ပြောပြတယ်။ တကယ်တမ်း သတင်းစာကာတွန်းသမားဆိုတာ ရောဂါရှိနေမှ ....။ ဒီရောဂါကို ကိုယ်တိုင်ခံစားနေရရုံတင်မက တခြားသူတွေကိုပါ ဝေမျှခံစားစေချင်တာ ....။ ကူးစက်စေချင်တာကိုး ....။

### ကာတွန်းကို ဦးစားပေးတဲ့နေရာမှာ

ပေါ်ဦးသက်ဟာ လူထုသတင်းစာမှာ "သူတော်" ဆိုပြီး စာမဲ့ကာတွန်းရေးပါတယ်။ "အောင်အောင်" ဆိုပြီးတော့လည်း ရှေးပုံစံ ဇာတ်တော်မျိုးလည်း ရေးတာပါပဲ။ သတင်းစာကာတွန်းဆိုတာ နေ့စဉ်ထုတ်ဆိုတော့ ကွင်းကွင်းကွက်ကွက် ချက်ချင်းလက်ငင်း ရေးနိုင်ရတယ်။ အကြိတ်အနယ်လုပ်ရတဲ့ နိုင်ငံရေးကာတွန်းမျိုးတွေပဲ မဟုတ်လား။ နံနက် ၁၁ နာရီ ၁ ချက်လောက် သတင်းစာတွေ စုံအောင်ရောက်လာရင် စုပြီးဖတ်လိုက်ကြတာ ညနေ ၃ နာရီလောက်ဆို ပြီးပြီတဲ့။ အရေးကြီးတဲ့ သတင်းကို ဟာသနှောပြီး ကာတွန်းရေးကြတာ။ ပေါ်ဦးသက်ရယ်၊ ဝင်းဖေရယ် တစ်ပုံစီပေါ့။

တကယ်တော့ ကာတွန်းကို ဦးစားပေးတဲ့နေရာမှာ လူထုသတင်းစာဟာ ထိပ်ဆုံးက ပါခဲ့ပါတယ်။ ကာတွန်းရဲ့ အနေအထား၊ တန်ဖိုးကို စေ့စေ့စပ်စပ်အကဲဖြတ်ပြီး နေရာပေးခဲ့ပါတယ်။ လတ်တလော အရေးကြီးတဲ့ ပြည်တွင်း၊ ပြည်ပအခြေအနေကို မီးမောင်းထိုးပြတဲ့ ကာတွန်းမျိုးကို မျက်နှာဖုံးမှာ တလေးတစား သုံးခဲ့ပါတယ်။

> "အစဉ်အလာကြီးမားခဲ့တဲ့ လူထုသတင်းစာမှာ အယ်ဒီတာတွေ၊ သတင်းထောက်တွေ၊ ဆောင်းပါးရှင်တွေသာမက ပန်းချီဆရာ၊ ကာတွန်းဆရာ လူငယ်လေးတွေကိုလည်း သတင်းစာရဲ့မူဝါဒအပေါ် ယုံကြည် လက်ခံသူမှန်ရင် . . ."

### ပေါ်ဦးသက်နဲ့ ဝင်းဖေတို့ရဲ့ ကာတွန်းသြဇာ

ပေါ်ဦးသက်နဲ့ ဝင်းဖေဟာ သတင်းစာရဲ့ အာဘော်၊ ရပ်တည်ချက်ကို ထင်းခနဲ ထင်းခနဲ မြင်နိုင်တဲ့ သတင်းကာတွန်းမျိုးကိုသာမက ပေါ်ဦးသက်က သူပင်တိုင်ရေးခဲ့တဲ့ "သူတော်" စာမဲ့ကာတွန်းမှာတောင် လေးလေးနက်နက် ဆွဲခဲ့ပါတယ်။ "သူတော်" ကာတွန်းတွေဟာ ဒီကနေ့အထိ ခေတ်မီ အဆင့်မြင့်တဲ့ "အတွေးအခေါ်ပါ" ကာတွန်းတွေပါ။ သာမန်အတွေးမျိုးမဟုတ်ဘဲ (သီးခြားသဘော)ကာတွန်းဆရာလိုင်စင်ကိုလိမ္မာပါးနပ်စွာအသုံးချခဲ့တဲ့ ကာတွန်းကွက်တွေပါ။ တော်လှန်ရေးကောင်စီတက်ချိန် နိုင်ငံရေးပေါ်လစီကို စောင့်ကြည့်ရမှာမို့ ရေးနေကျ သတင်းကာတွန်းတွေမဟုတ်ဘဲ ဟာသကဲတဲ့ ရေးသူမပင်တိုင် ကာတွန်းတွေပဲ ဝင်းဖေက ရေးတော့လည်း ပရိသတ်က အစိုးရကို ပညာသားပါပါ သရော်တယ်လို့ပဲ ယုံကြည်ကြပါတယ်။ အဲဒီလောက်အထိပင် ပေါ်ဦးသက်နဲ့ ဝင်းဖေတို့ရဲ့ ကာတွန်းသြဇာက ကြီးခဲ့ပါတယ်။

### ပေါ်လစီကာတွန်းတွေက ထိမိလွန်းတော့

အဲဒီခေတ်တုန်းက ပေါ်ဦးသက်တို့၊ ဝင်းဖေတို့ ပေါ်လစီကာတွန်းတွေက ထိမိလွန်းတော့ မြန်မာတစ်ပြည်လုံးက စောင့်ကြည့်နေကြတာပါ။ ကြေးမုံကဆို (အဲဒီခေတ်က) လခတစ်ထောင်တောင်ပေးခေါ်သတဲ့။ ကြေးမုံသတင်းစာက လခတစ်ထောင်ပေးခေါ်ရလောက်အောင် မြန်မာသတင်းစာတွေကလည်း လေးစားလိုလားမှုရှိတယ်။ မနက်လင်းရင် လူထုသတင်းစာတိုက်ကို တယ်လီဖုန်း တဂွမ်ဂွမ်ဆက်ပြီး ကာတွန်းပုံကို မေးကြ မြန်းကြ။ စာဖတ်ပရိသတ်က အလောင်းအစားလုပ်ရအောင် ပရိသတ်က စိတ်ဝင်စားမှုရှိနေတဲ့ ပေါ်ဦးသက်လို၊ ဝင်းဖေလို ကာတွန်းဆရာတစ်ယောက်အဖို့ အဲဒီခေတ်က စာနယ်ဇင်းစာမျက်နှာတိုင်းဟာ လက်ညှိုးညွှန်ရာ ကာတွန်းပုံ ဖြစ်စေနိုင်ခဲ့ပါတယ်။

ဒါပေမယ့် ဒီအရည်အချင်းဟာ ကာတွန်းဆရာတစ်ယောက်ရဲ့ တကယ့်အရည်အချင်းမဟုတ်ပါဘူး။ ကာတွန်းဆရာတစ်ယောက်ရဲ့ တကယ့်သတ္တိမဟုတ်ပါဘူး။ ယုံကြည်ချက်ကို ဆင်ခြေနဲ့လဲခဲ့တာ ကာတွန်းဆရာမှ မဟုတ်ဘဲ။ ထရံခတ်၊ သံကြိုးချိတ်၊ အုပ်စုစိတ်နဲ့နေတာ ကာတွန်းဆရာမှမဟုတ်ဘဲ။ လူတွင်ကျယ်လုပ်၊ နေရာယူ၊ စာဖတ်သူဝေဒနာကို ဥပေက္ခာပြုနိုင်သူဟာ ကာတွန်းဆရာမှ မဟုတ်ဘဲ ....။

### တကယ့်ကာတွန်းဆရာ

ပေါ်ဦးသက်နဲ့ ဝင်းဖေကို "တကယ့်ကာတွန်းဆရာ" လို့ ရဲရဲပြောနိုင်တာ ဟောဒီအချက်ကြောင့် ဖြစ်ပါတယ်။ ၁၉၆၁ ခုနှစ် မြန်မာ့နိုင်ငံရေးအပြောင်းအလဲ ကသောင်းကနင်းဖြစ်ချိန် ၁၉၆၁ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့ထုတ် လူထုသတင်းစာဟာ ဆရာပေါ်ဦးသက်နဲ့ ဝင်းဖေကို ဒါမှ ကာတွန်းဆရာလို့ ရဲရဲဝံ့ဝံ့ ကြေညာပေးလိုက်တာ ဖြစ်တယ်။

သတင်းစာရဲ့ ပထမစာမျက်နှာမှာပဲ ပေါ်ဦးသက်ဟာ သူ့လက်မှတ်ထိုးပြီး "သတင်းစာ လွတ်လပ်ခွင့်မရှိပါ၍ ယနေ့ကာတွန်းမရေးတော့ပါ။" ဆိုတဲ့ ကြေညာချက်ကို ရိုက်နှိပ်ထားတယ်။ အလားတူ လူထုရဲ့ ပင်တိုင်ကာတွန်းဆရာ ဝင်းဖေကလည်း "သတင်းစာတို့ လွတ်လပ်စွာရေးသားခွင့် မရှိ။ ထို့ကြောင့် ယနေ့ကာတွန်း မရေးဆွဲပါ။ ဝင်းဖေ"လို့ ကြေညာတယ်။

ဟုတ်ကဲ့ .... သတင်းစာ ပင်တိုင်ကာတွန်းဆရာတစ်ယောက်ရဲ့ ကြေညာချက်ကိုပဲ လူထုသတင်းစာဟာ သတင်းစာ ခေါင်းစီးကြီးရဲ့ အောက်တည့်တည့်မှာပဲ ထိုက်တန်စွာ နေရာပေးထားပါကြောင်း .....။

## ဧရာဝတီတိုင်းဒေသကြီးတွင်စပါးမျိုးစိတ်သစ်ဧက ၂၀၀၀ စမ်းသပ်စိုက်ပျိုး

**ရန်ကုန် နိုဝင်ဘာ ၆**

တရုတ်နိုင်ငံအတွင်း စားသုံးမှုများသည့် စပါးမျိုးစိတ်သစ်တစ်မျိုးကို ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လယ်ဧက ၂၀၀၀ တွင် စတင်စမ်းသပ်စိုက်ပျိုးနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်းချုပ်မှ သိရသည်။

တရုတ်နိုင်ငံအနေဖြင့် ဗီယက်နမ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့မှဆန်ကိုအများဆုံးတင်သွင်းလျက်ရှိရာ ယခုအခါ မြန်မာနိုင်ငံမှ တစ်နှစ်လျှင် ဆန်တန်ချိန်တစ်သိန်းခန့်ဝယ်ယူရန်တောင်းဆိုမှုဖြင့် ဆန်စက်များမှတစ်ဆင့် တောင်သူတို့ထံ မျိုးစိတ်ကိုပြန်လည် ဖြန့်ဖြူးပေးသွားမည်ဖြစ်၍ အဆိုပါမျိုးစိတ်အား မြန်မာအမည်ဖြင့် အသုံးပြုသွားမည်ဖြစ်သည်။

ထိုမျိုးစိတ်သစ်သည် နွေစပါးမျိုးရင်းဖြစ်ပြီး တရုတ်နိုင်ငံ၌ စိုက်ပျိုးရာတွင် တစ်ဧကလျှင်တင်း ၁၃၀ ထွက်ရှိ၍ ဧရာဝတီတိုင်းဒေသကြီးတွင် စိုက်ပျိုးပါကတင်း ၁၀၀ ထွက်ရှိရန်မျှော်မှန်းထားကာ ရာသီဥတုဒဏ်နှင့် ပိုးမွှားဒဏ်ကိုခံနိုင်သည့်အတွက် တရုတ်နိုင်ငံ၏ဈေးကွက်တွင် နေရာရရှိနေသောမျိုးစပါးဖြစ်သည်။ မြန်မာနိုင်ငံဆန်စပါးဈေးကွက်တွင်ပြည်ပပို့ကုန်ဆန်ဖြူတစ်တန်လျှင်ဒေါ်လာ၃၇၅/၃၈၅ကြားရရှိပြီး ယခုစိုက်ပျိုးမည့်မျိုးစိတ်သစ်သည်ဗီယက်နမ်နိုင်ငံမှ တစ်တန်လျှင်ဒေါ်လာ၄၇၀ ခန့်ဖြင့် တရုတ်နိုင်ငံမှ ဝယ်ယူလျက်ရှိရာ မြန်မာနိုင်ငံတွင် ထုတ်လုပ်ပါက တစ်တန်လျှင် ဒေါ်လာ ၄၀၀ ခန့်ရရှိမည်ဟု မျှော်မှန်းထားသည်။

“ ပထမဆုံး စတင်စမ်းသပ်စိုက်ပျိုးတဲ့အဆင့် ဆိုပေမယ့် ဈေးကွက်လည်းရှိတယ်။ မျိုးစေ့ဖြန့်ဖြူးပေးမယ့်ကုမ္ပဏီအနေနဲ့လည်း ထွက်သမျှစပါးကိုပြည်တွင်းဈေးထက် ပိုပြီးဝယ်ယူမယ်။ မျိုးစပါးအဖြစ်ထုတ်လုပ်မယ်ဆိုရင်လည်း ကုမ္ပဏီကဝယ်ယူမယ်လို့ နှုတ်ကတိရှိထားပါတယ်။ MoU ထိုးတာ၊ မျိုးစိတ်ဥပဒေပိုင်းဆိုင်ရာတွေ၊ ဒေသနဲ့ကိုက်ညီမှုရှိ-မရှိ စမ်းသပ်စိုက်ပျိုးမှုတွေလုပ်ဆောင်ဖို့လည်းရှိပါသေးတယ်။ စိုက်ကြည့်မှသိမှာဖြစ်တဲ့အတွက် စမ်းသပ်စိုက်ပျိုးမှုစတင်လုပ်ဆောင်ရမှာပါ။ အဓိကတောင်သူတွေအဆင်ပြေဖို့ပါ” ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးမြင့်လွင်က ပြောကြားသည်။

ဆန်အမျိုးအစားမှာဆန်ပျော့ဖြစ်၍ မွှေးပျံ့ပြီးပထမဆုံးစမ်းသပ်စိုက်ပျိုးမည့်မျိုးစိတ်သစ်စပါးမှာ အထွက်နှုန်းကောင်းသော်လည်း သွင်းအားစုများဈေးများခြင်း၊ မျိုးစေ့ဈေးနှုန်းမြင့်မားနေခြင်း၊ ဒေသနှင့်ကိုက်ညီသောမျိုးစိတ်ဖြစ်ရန်လိုအပ်ခြင်းတို့ကြောင့် စမ်းသပ်စိုက်ပျိုးမှုမှ ထွက်ပေါ်လာမည့်ရလဒ်ကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ မျှော်လင့်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးတွင်ရှိသော ဆည်ရေသောက်ဧရိယာတွင် ပထမဆုံးစမ်းသပ်စိုက်ပျိုးမည်ဖြစ်ရာ မြန်မာပြည်အထက်ပိုင်းသို့ တဖြည်းဖြည်းတိုး၍ စိုက်ပျိုးရန်မျှော်မှန်းထားကြောင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် တောင်သူများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သစ္စာ**



## (၆၄) နှစ်မြောက် ကရင်ပြည်နယ်နေ့ပွဲတော်အထိမ်းအမှတ်ကုန်စည်ပြပွဲဖွင့်

**ဘားအံ နိုဝင်ဘာ ၆**

(၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့ပွဲတော်ကို ကရင်ပြည်နယ် ဘားအံမြို့၌ နှစ်စဉ်ရိုးရာအစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်ထိ ကျင်းပသွားမည်ဖြစ်ရာ ကုန်စည်ပြပွဲကို နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီက ပွဲတော်ပြုလုပ်ရာ သီရိကွင်းတွင် ဖွင့်လှစ်သည်။

ကုန်စည်ပြပွဲကို ကရင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ပွဲတော်ကျင်းပရေးကော်မတီ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပြည်နယ်ဥပဒေချုပ် ဦးစောချစ်မြင့်လေး၊ ပြည်နယ်ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်နှင့် ကုန်စည်ပြပွဲတာဝန်ခံ Tin KoKo ကုမ္ပဏီမှ အုပ်ချုပ်မှုတာဝန်ခံ ဦးတင်ကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဈေးဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုသည်။

ကုန်စည်ပြပွဲတွင် ဈေးဆိုင်ခန်းပေါင်း ၂၅၀ ရှိပြီး လူသုံးကုန်များ၊ လျှပ်စစ်အသုံးအဆောင်ပစ္စည်း၊ စားသောက်ကုန်များ၊ အဝတ်အထည်များ၊ လယ်ယာသုံးစက်ကိရိယာများကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးသွားမည်ဖြစ်သည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ရွှေဘိုမြို့နယ်၌ ဒရုန်းဖြင့် ပိုးသတ်ဆေးပက်ဖျန်း

**ရွှေဘို နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် လိပ်ချင်းကျေးရွာအဆင့်မြင့်လယ်ယာ ကွင်းအမှတ် ၂၈၈၀ ရှိ တောင်သူ ဦးဝင်းဆွေ၊ ဦးဘိုသန်းနှင့် ဦးဇော်ကိုတို့၏ လယ် ၁၀ ဧကတွင် ဒရုန်းဖြင့် ပိုးသတ်ဆေးပက်ဖျန်းမှု ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီခွဲက ပြုလုပ်သည်။

ရွှေဘိုမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသောင်းဟိန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မာချိုက "ပိုးမွှားရောဂါကြောင့် သီးနှံများ အထွက်နှုန်းနှင့် အရည်အသွေးမကျဆင်းစေဖို့ ပိုးမွှားရောဂါထိန်းချုပ်နိုင်ရေးအတွက်ရော တောင်သူများအနေနဲ့ လယ်ယာလုပ်သားရှားပါးလာမှုနှင့် ပိုးမွှားကျရောက်မှုကို အချိန်နှင့်ငွေကြေးသက်သာစွာနဲ့ လျင်မြန်စွာထိန်းချုပ်နိုင်ရေးအတွက် ပြုလုပ်ရခြင်းဖြစ်ပါတယ်" ဟု ပြောကြားသည်။

ဆက်လက်၍ ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးအတွက် တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဒရုန်းဖြင့် ပိုးသတ်ဆေးဖျန်းခြင်းနှင့် ပတ်သက်၍ တောင်သူ ဦးဝင်းဆွေက "စပါးပင်အရှည်က လူတစ်ရပ်စာရှိလို့ ကိုယ်တိုင်ဆေးဖျန်းရတာ ခက်ခဲပါတယ်၊ ဆေးဖျန်းတဲ့အခါ နှာခေါင်း၊ ပါးစပ်နဲ့ မျက်စိတွေထဲဝင်နိုင်လို့ ကျန်းမာရေးအတွက် ထိခိုက်နိုင်ပါတယ်၊ အခုလိုခေတ်မီဒရုန်းနဲ့ ဆေးဖျန်းလို့ အချိန်၊ ငွေကြေး သက်သာပြီး ကျန်းမာရေးအတွက်ပါ လုံခြုံစိတ်ချမှုကို ဖြစ်စေပါတယ်" ဟု ပြောကြားသည်။ **မိုးသောက်(ရွှေဘို)**



## ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေး လုပ်ငန်းဆိုင်ရာဆွေးနွေး

**မုံရွာ နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ်ငါးမြို့နယ်နှင့် စိုက်ပျိုးရေးခြံခြောက်ခြံတွင် အကောင်အထည်ဖော်လုပ်ဆောင်မည့် ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းဆိုင်ရာ တန်ဖိုးကွင်းဆက်စီမံကိန်းဆွေးနွေးပွဲကို မုံရွာမြို့ ဝင်းယူနတီဟိုတယ်အစည်းအဝေးခန်းမတွင် နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေး လုပ်ငန်းဆိုင်ရာတန်ဖိုးကွင်းဆက်စီမံကိန်းကို မုံရွာ၊ ရွှေဘို၊ စစ်ကိုင်း၊ ယင်းမာပင်နှင့် ဆားလင်းကြီးမြို့နယ်များနှင့် စိုက်ပျိုးရေးခြံများဖြစ်သော ချီပါခြံ၊ ကန့်ဘလူခြံ၊ မြေမွန်ခြံ၊ ဝက်တိုးခြံ(၁)၊ဝက်တိုးခြံ(၂)နှင့်ငွေးကုန်းခြံစသည့် စိုက်ပျိုးရေးခြံခြောက်ခြံတို့တွင် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)ချေးငွေအမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်း၊ ကမ္ဘာလုံးဆိုင်ရာ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးအစီအစဉ်(GAFSP)၏ ထောက်ပံ့ငွေ အမေရိကန် ဒေါ်လာ ၂၇ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၅ သန်းဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၂၅ ခုနှစ် စက်တင်ဘာလအထိ စီမံကိန်းကာလခုနစ်နှစ်ကြာမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**



## ကာတွန်းမီးထွန်းပွဲတော် ၂၀၁၉ အတွက် ကာတွန်းများအပြီးသတ်ရွေးချယ်

**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် (၁၃) လမ်း (အောက်ဘလောက်) ကာတွန်းဦးဘဂျမ်းလမ်း၌ (၇၆) ကြိမ်မြောက် ကာတွန်းမီးထွန်းပွဲတော် ၂၀၁၉ ကို နိုဝင်ဘာ ၉ ရက်မှ ၁၃ ရက်အထိစည်ကားသိုက်မြိုက်စွာ ပြုလုပ်သွားမည်ဖြစ်ရာ ပွဲတော်အတွင်း ကာတွန်းပြိုင်ပွဲကိုပါ ထည့်သွင်းကျင်းပထားသောကြောင့် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ကာတွန်းဆရာများထဲမှ ဆုရွေးချယ်ခံရသော ကာတွန်းဆရာ ခြောက်ဦးအား နိုဝင်ဘာ ၅ ရက် မွန်းလွဲပိုင်းတွင် အပြီးသတ်ရွေးချယ်လိုက်ပြီဖြစ်ကြောင်း ဦးဘဂျမ်းလမ်း ကာတွန်းပြပွဲဖြစ်မြောက်ရေးကော်မတီမှ သိရသည်။

အဆိုပါ (၇၆) ကြိမ်မြောက် ကာတွန်းမီးထွန်းပွဲတော် ၂၀၁၉ တွင်ကာတွန်းပြပွဲနှင့် တန်ဆောင်တိုင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုပါ ပြုလုပ်မည်ဖြစ်ပြီး “ ပြည်သူ့ဆန္ဒ” ခေါင်းစဉ်ဖြင့် ကာတွန်းပြိုင်ပွဲကိုပါ ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်ကာ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြရန်အတွက် ပြိုင်ပွဲဝင်ကာတွန်းဆရာ ၈၆ ဦးက ကာတွန်း ၁၃၂ ပုံဖြင့် ဝင်ရောက်ပေးပို့ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

နိုဝင်ဘာ ၅ ရက် မွန်းလွဲပိုင်းတွင် ကာတွန်းဦးဘဂျမ်းလမ်း၌ ကာတွန်းဆရာများဖြစ်ကြသည့် အကဲဖြတ်ဒိုင်ငါးဦးဖြစ်သော ဆရာရွှေမင်းသား၊ ဆရာတင်အောင်နီ၊ ဆရာသစ်ထွဏ်း၊ ဆရာကိုရွှေထူးနှင့် ဆရာမောင်မောင်အောင်တို့က ဆုရွေးချယ်ခံရသော ကာတွန်းဆရာ ၁၀ ဦးအား ဆန်ခါတင်ရွေးချယ်ခဲ့ကြခြင်းလည်းဖြစ်ပြီးထို ၁၀ ဦးအနက် ဆုရကာတွန်းဆရာများဖြစ်ကြသည့် မိုးသွင်(ပထမဆု)၊ အီကွေတာ(ဒုတိယဆု)နှင့်စိုးစံဝင်း(တတိယဆု)အပါအဝင် နှစ်သိမ့်ဆုများအသီးသီးဆွတ်ခူးရရှိခဲ့ကြသော ကာတွန်းဆရာများဖြစ်ကြသည့် အောင်အောင်ထွေး၊ ရာကြီး(လက်ပံတန်း) နှင့် မင်းထက်လူတို့အား အပြီးသတ် စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ကာ ပွဲတော်နောက်ဆုံးရက်ဖြစ်သည့် နိုဝင်ဘာ ၁၃ ရက်ညနေ ၄ နာရီတွင်ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

''ဆရာကြီးနေထိုင်သွားတဲ့ ဒီလမ်းမှာ သူ့ကိုအထိမ်းအမှတ်ပြုပြီးဒီလမ်းထဲကလူတွေက တန်ဖိုးထားတဲ့အနေနဲ့ ကမကထပြုလုပ်ပြီး နှစ်စဉ်ကာတွန်းပြပွဲ၊ ကာတွန်းပြိုင်ပွဲနဲ့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ပြုလုပ်လာတာဆိုတော့ အခုနှစ်ဆိုရင် (၇၆) နှစ်မြောက်ရှိခဲ့ပြီဖြစ်ပါတယ်၊ နှစ်တိုင်း ပုံမှန်ပြုလုပ်ပြီး ပွဲတော်လာပြည်သူများအတွက် စတုဒိသာမုန့်ဟင်းခါးနဲ့ ဧည့်ခံသွားမှာဖြစ်သလို ပွဲတော်အတွင်းပါဝင်ပြသရေးဆွဲကြတဲ့ ကာတွန်းဆရာများကိုလည်း အမှတ်တရလက်ဆောင်များ ပေးအပ်သွားမှာဖြစ်ပါတယ်၊ ပြီးတော့ ကာတွန်းမီးထွန်းပွဲတော်ကိုလည်း လာရောက်လည်ပတ်ကြည့်ရှုဖို့ပြည်သူအားလုံးကို ဒီနေရာကနေဖိတ်ခေါ်ပါတယ်''ဟု နိုဝင်ဘာ ၅ ရက်ညနေပိုင်းတွင် ကာတွန်းဦးဘဂျမ်းလမ်း၌ပြုလုပ်သော ဆုရွေးချယ်ပွဲအပြီးတွင် ကာတွန်းဆရာမောင်မောင်အောင်က ပြောသည်။

အဆိုပါ (၇၆) ကြိမ်မြောက် ကာတွန်းမီးထွန်းပွဲတော်တွင် ကာတွန်းဆရာများပါဝင်ရေးဆွဲထားသည့် ကာတွန်းစုစုပေါင်း ပုံ ၄၀၀ နီးပါးအား ချိတ်ဆွဲပြသထားမည်ဖြစ်ပြီး ကာတွန်းမီးထွန်းပွဲတော်အားနှစ်စဉ် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ကာတွန်းပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော ဆုဆွတ်ခူးရရှိခဲ့ကြသည့် ကာတွန်းဆရာများအတွက် ပထမဆုငွေကျပ်သုံးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်း၊ တတိယဆု ငွေကျပ်တစ်သိန်းနှင့် နှစ်သိမ့်ဆုများအတွက် ဆုတစ်ဆုလျှင်ငွေကျပ်တစ်သိန်းစီကိုအသီးသီးပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း ဦးဘဂျမ်းလမ်း ကာတွန်းပြပွဲဖြစ်မြောက်ရေးကော်မတီမှ သိရသည်။

**သတင်း-ပွင့်သစ္စာ**

**ဓာတ်ပုံ-စိုးမြင့်အောင်**

## သွေးမတိတ်သည့်ရောဂါအား ခေတ်မီကုထုံးသစ်ဖြင့် ကုသမည်

**ရန်ကုန် နိုဝင်ဘာ ၆**

သွေးမတိတ်သည့်ရောဂါ ခံစားနေရသောဝေဒနာရှင်များအား ခေတ်မီကုထုံးသစ်ဖြင့် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကုသပေးမည်ဖြစ်ကြောင်းသိရသည်။

ကုထုံးသစ်နှင့်ပတ်သက်သည့် ဆွေးနွေးပွဲကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး သွေးမတိတ်ရောဂါ အပြင်းအထန်ခံစားနေရသည့် ဝေဒနာရှင်ငါးဦးကို နိုဝင်ဘာ ၈ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဏုမြူရောင်ခြည်ဌာန၌ ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုထုံးသစ်မှာ အောင်မြင်မှုအနေဖြင့် ၆၀ မှ ၈၀ ရာခိုင်နှုန်းရှိကာ နိုင်ငံတကာတွင်လည်းအသုံးပြုနေသည့် ကုထုံးဖြစ်ကြောင်း၊ ကုထုံးသစ်ဖြင့် တစ်ခါကုသပြီးပါက ခြောက်လကြာမှ ပြန်လည် ဆေးစစ်မှုပြုလုပ်ရမည်ဖြစ်ပြီး မလိုအပ်ပါက ထပ်မံကုသရန် မလိုကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဏုမြူရောင်ခြည်ဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာဝါဝါဝင်းမောင်က ပြောကြားသည်။

သွေးမတိတ်ရောဂါသည် မွေးရာပါရောဂါ တစ်မျိုးဖြစ်ပြီး မကြာခဏသွားသွေးယိုခြင်း၊ ထိခိုက်ဒဏ်ရာရရှိပါက သွေးမတိတ်ခြင်း၊ အသားကိုထိမိရုံဖြင့် အညိုကွက်၊ အမည်းကွက်များထလာခြင်း၊ ခြေဆစ်၊ လက်ဆစ်နှင့် ဒူးဆစ်များယောင်ယမ်းကာ ကိုက်ခဲခြင်း၊ လှုပ်ရှားသွားလာမှု မလွယ်ကူခြင်းစသည့် လက္ခဏာများ ဖြစ်ပေါ်တတ်ရာ ထိုသို့ဖြစ်ပေါ်ပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးလာရောက်ပြသသင့်ကြောင်း ရန်ကုန်ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်စုစုဒွေးက ပြောသည်။

မြန်မာနိုင်ငံတွင် သွေးမတိတ်ရောဂါ ခံစားနေရသည့် ဝေဒနာရှင်ပေါင်း ၆၀၀ ခန့်ရှိပြီး အဆိုပါ ဝေဒနာရှင်များထဲမှ ၅၀ ခန့်သည် ဆေးရုံ၌ ဆေးကုသမှု မပြတ်ခံယူနေရကြောင်း၊ World Federation of Hemophilia(WFH)အဖွဲ့ကြီး၏ တွက်ချက်မှုအရ မြန်မာနိုင်ငံတွင် သွေးမတိတ်ရောဂါရှင်ပေါင်း ၃၉၀၀ ခန့်ရှိနိုင်ကြောင်း၊ အများအားဖြင့် ရောဂါရှိမှုကို မသိဘဲ ခြေလက်များ ကိုက်ခဲလာပါက လေးဖက်နာရောဂါဟု ထင်မြင်တတ်ကြပြီး ထို ၃၉၀၀ ထဲမှ ၆၀၀ ခန့်သာ ဆေးရုံ၌ စနစ်တကျဆေးဝါးကုသမှု ခံယူနေကြကြောင်း ရန်ကုန်ကလေးဆေးရုံကြီး သွေးနှင့်ကင်ဆာဆောင်မှ ပါမောက္ခ ဒေါက်တာဒေါ်အေးအေးခိုင်က ပြောသည်။

မြန်မာနိုင်ငံ၌ သွေးမတိတ်ရောဂါ ကုသပေးနေသည့် ဆေးရုံကြီးလေးခုမှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး(သွေးရောဂါဆောင်)၊ ရန်ကုန်ကလေးဆေးရုံကြီး(သွေးရောဂါဆောင်)၊ မန္တလေးပြည်သူ့ဆေးရုံကြီး(သွေးရောဂါဆောင်)နှင့် မန္တလေးကလေးဆေးရုံကြီး(သွေးရောဂါဆောင်)တို့ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုထုံးသစ်ဖြင့် ကုသမှုအစီအစဉ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနနှင့် WFH(World Federation of Hemophilia), Kd:ht, The Rangoon General Hospital Reinvigoration Charitable Trust တို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး နောက်ထပ်ကုသမှုများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အေးမင်းသူ**

## ရုပ်ရှင်ရာပြည့်အကြို မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်အား ဒီဇင်ဘာလတွင် ဖွင့်လှစ်ပြသမည်

**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်အားပြုပြင်မွမ်းမံလျက်ရှိရာ မြန်မာ့ရုပ်ရှင်နှစ် ၁၀၀ ပြည့်ကို ဂုဏ်ပြုသောအားဖြင့် ရုပ်ရှင်သမိုင်းပြတိုက်ကို ဒီဇင်ဘာလတွင် ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှသိရသည်။

ရုပ်ရှင်သမိုင်းပြတိုက်မျက်နှာစာတွင် မြန်မာ့ရုပ်ရှင်၏ဖခင်ကြီးများဖြစ်သော လန်ဒန်အတ်ဦးအုန်းမောင်၊ မင်းသားဦးညီပု၊ ဓာတ်ပုံဆရာဦးမောင်မောင်တို့ရုပ်တုကို ပြသရန်ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး ပြတိုက်အောက်ထပ်တွင်မြန်မာရုပ်ရှင်၏ ပထမဆုံးဇာတ်ကားဖြစ်သည့် မေတ္တာနှင့်သူရာရုပ်ရှင်မှတ်တမ်းပြခန်းနှင့်အတူ ငွေရတုပြခန်း၊ ခေတ်အဆက်ဆက်ရိုက်ကူးခဲ့သောရုပ်ရှင်ပြစက်၊ ရိုက်ကူးစက်အမျိုးမျိုးတို့ပြသထားသည့် စက်မှုပြခန်းကို ပြသထားပြီး အပေါ်ထပ်တွင် ၁၉၆၉ ခုနှစ်မှ စတင်ပြသခဲ့သော ရုပ်ရှင်များပါဝင်သည့် ရုပ်ရှင်ရာပြည့်ပြခန်း၊ စိန်ရတုပြခန်းနှင့်မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပြခန်းတို့ဖြင့် အသီးသီးပြခန်းများဖွင့်လှစ်ထားရှိသည်။



"ရှင်ရှင်ဖခင်ကြီး ရုပ်တုသုံးရုပ်ပဲလုပ်နိုင်သေးတယ်။ ဦးအုန်းမောင်၊ ဦးမောင်မောင်နဲ့ ဦးညီပုတို့ရုပ်တုကို ရာပြည့်အကြို ရုပ်ရှင်သမိုင်းပြတိုက်မှာ ပြသဖို့ ဆောင်ရွက်နေပါတယ်။ ရာပြည့်ဆိုတာကြို တောင့်ကြိုခဲ့ဆိုတော့ ပွဲတော်အောင်မြင်အောင် အားလုံးဝိုင်းဝန်းပြီး ဆောင်ရွက်နေကြပါတယ်။ စိန်ရတုတုန်းကလည်း အထူးစည်ကားခဲ့တယ်ဆိုတော့ ရာပြည့်ပွဲက ပိုမြိုင်ဆိုင်ပြီး သမိုင်းတွင်ရစ်စေမှာပါ။ ရုပ်ရှင်သမိုင်းပြတိုက်ကို ဒီဇင်ဘာလဆိုရင် ဖွင့်လှစ်ပြသသွားမှာပါ"ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုဥက္ကဋ္ဌ(၁) ဦးအေးကြူလေးက ပြောသည်။

လက်ရှိဆောင်ရွက်နေသော ရုပ်ရှင်သမိုင်းပြတိုက်တွင် ငွေရတု၊ ရွှေရတုနှင့် စိန်ရတုပွဲတို့၏ မှတ်တမ်းများ ပြင်ဆင်ဆောင်ရွက်နေမှုမှာ အနည်းငယ်သာကျန်ရှိပြီး ရာပြည့်ပြခန်းနှင့် အကယ်ဒမီထူးချွန်ဆုပြခန်းတို့ပြင်ဆင်မှု ပြီးစီးလုနီးပါးဖြစ်၍ စက်မှုပြခန်းမှာ ပြီးစီးနေပြီဖြစ်ရာ ဒီဇင်ဘာလတွင် ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ သိရသည်။

**သန်းထိုက်**

# ကလေးစာပေပွဲတော်(အိမ်မဲမြို့) ရင်တွင်းစကားသံများ

**ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၂၆ မြို့နယ်တွင် ကလေးစာပေပွဲတော်များကို နိုဝင်ဘာ ၁ ရက်မှစတင်၍ ဧပြီလအထိ ကျင်းပလျက်ရှိပြီး ကလေးစာပေပွဲတော်(အိမ်မဲမြို့)ဖွင့်ပွဲကို နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ အဆိုပါ ကလေးစာပေပွဲတော် ကျင်းပမှုနှင့် ပတ်သက်သည့် ရင်တွင်းစကားသံများကို ဖော်ပြလိုက်ပါသည်။**

**ဒေါ်ညိုညိုသိမ်း၊ အထက(၁) ကျောင်းအုပ်ကြီး**

ကလေးတွေ ပျော်ပျော်ရွှင်ရွှင်နဲ့ သူတို့အိမ်မက်ထဲမှာ တစ်ခါမှ ဒီလိုမျိုး မရှိခဲ့ဘူးပါ။ အခုလိုတွေ့ကြုံရတဲ့အခါမှာ ကလေးတွေလည်း ပျော်ရွှင်ကြပါတယ်။ ကိုယ့်ကျောင်းတစ်ကျောင်းတည်းတင်မဟုတ်ဘဲ တစ်မြို့နယ်လုံးမှာရှိတဲ့ ကျောင်းသား ကျောင်းသူအားလုံးက ဖျော်ဖြေရေးကဏ္ဍတွေမှာ အားလုံး ပါဝင်ကြတဲ့အတွက် အားလုံးလည်း ပျော်ရွှင်နေကြပါတယ်။ ကလေးစာပေပွဲတော်မှာ သူတို့တွေရဲ့ အစွမ်းရှိသလောက် ပါဝင်ယှဉ်ပြိုင်ခွင့်တွေရရှိကြမှာဖြစ်ပါတယ်။ ကျပန်းစကားပြော ၊ ကဗျာရွတ်ပြိုင်ပွဲတွေမှာ ပါဝင်ခွင့်ရတဲ့အတွက် သူတို့တွေရဲ့ နှုတ်မှုစွမ်းရည်တွေ တိုးတက်လာမှာဖြစ်သလို မိမိကိုယ်ကိုယုံကြည်မှုတွေရှိလာပြီးတော့ လူပုံအလယ်မှာ ပြောရဲဆိုရဲစိတ်တွေ ကိန်းအောင်းသွားမှာဖြစ်တဲ့အတွက် သူတို့လေးတွေ အခြေခံကောင်းတစ်ခုခု ရရှိမယ်လို့ ယူဆပါတယ်။

**မအိမ့်ခြူးမေ၊ သတ္တမတန်း အထက(၁)**

ကလေးစာပေပွဲတော်မှာ ပြပွဲ ပြိုင်ပွဲတွေနဲ့ အခြားဗဟုသုတရစရာတွေ စီစဉ်ပေးထားတဲ့အတွက် သမီးတို့လူငယ်တွေ အများကြီးလေ့လာစရာ၊ ဗဟုသုတတွေ ရရှိပါတယ်။ စာအုပ်အရောင်းဆိုင်တွေကလည်း စာအုပ်တွေ စုံစုံလင်လင်နဲ့ ဈေးနှုန်းလည်းချိုသာလို့ စာအုပ်တွေဝယ်ဖို့လည်း စီစဉ်ထားပါတယ်။

**မောင်ရဲထက်၊ သတ္တမတန်း အထက(၁)**

စာပေပွဲတော်မှာ ပန်းချီပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ဖို့ စာရင်းပေးထား



ကလေးစာပေပွဲတော်(အိမ်မဲ)တွင် အရုပ်ဆက်ပြိုင်ပွဲ ကျင်းပစဉ်။



ကလေးစာပေပွဲတော်(အိမ်မဲ)တွင် စာအုပ်ဆိုင်များ၌ ဝယ်ယူအားပေးကြသူများဖြင့် စည်ကားနေသည်ကိုတွေ့ရစဉ်။

ပါတယ် ။ ဒီကလေးစာပေပွဲတော်ကနေ အတွေ့အကြုံကောင်းတွေနဲ့ ဗဟုသုတတွေ အများကြီးရလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားပြခန်းမှာ ကျွန်တော်တို့ တိုင်းဒေသကြီးက ထူးချွန်သူများကို သိခွင့်ရရှိတဲ့အတွက် လေးစားအားကျမိပါတယ်။ သူတို့တွေလို ထူးချွန်တဲ့သူဖြစ်အောင်လည်း ကြိုးစားသွားမှာပါ။

**ဦးမင်းဇော် (အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အိမ်မဲမြို့)**

ကျွန်တော်တို့မြို့မှာ ကလေးစာပေပွဲတော် ကျယ်ကျယ်ပြန့်ပြန့်လာရောက်ဆောင်ရွက်တဲ့ပွဲမှာ ပါဝင်ပြင်ဆင်ဆောင်ရွက်ပေးရတဲ့အတွက် အထူးဂုဏ်ယူဝမ်းသာမိပါတယ်။ ကလေးတွေအတွက် ဗဟုသုတတွေ ရရှိလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။ ဒီလိုပွဲတော်မျိုးဖြစ်လာဖို့ ကြိုတင်ပြင်ဆင်မှု တွေကိုလည်း မနှစ်ကတိုင်းဒေသကြီးနဲ့ ချောင်းသာမြို့ကလေးစာပေပွဲမှာ ကျင်းပခဲ့တာတွေ သွားရောက်လေ့လာခဲ့ပြီး ကိုယ့်ဒေသမှာ ပိုမိုပြည့်စုံကောင်းမွန်တဲ့ ကလေးစာပေပွဲတော်ကို ကျင်းပနိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်။

**ဦးတင်အောင်မိုး**
**မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ**
**မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ**

ကျွန်တော်က ပွဲတော်ဖြစ်မြောက်ရေးမှာ ဘဏ္ဍာငွေရှာဖွေရေးနဲ့ စာပေဟောပြောပွဲမှာ တာဝန်ယူထားပါတယ်။ အခုခေတ် ကလေးတွေဟာ စာဖတ်အားလည်း အတော်နည်းကြတာ တွေ့ရပါတယ်။ မြို့နယ်မှာ ဟောပြောပွဲတွေ ကျင်းပပြီး ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ အခုလည်း ကလေးစာပေပွဲတော်မှာ စာရေးဆရာတွေကို ဖိတ်ကြားပြီး ကျောင်းသားလူငယ်တွေကို စာပေဖတ်ချင်လာအောင် ဟောပြောပွဲဆောင်ရွက်ထားပါတယ်။ ကလေးစာပေပွဲတော် ကျင်းပလိုက်တဲ့အတွက် ကလေးတွေအတွက်တော့ အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိသွားမှာပါ။ ပြခန်းတွေ၊ စာအုပ်တွေကနေ တန်ဖိုးရှိတဲ့ ရသတွေကို ကလေးတွေ ရနိုင်လိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။

**မယမင်းကြည်ဖြူ**
**(အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း ၃-ထပ်ကွမ်းလူရည်ချွန်)**
**အထက(၁)အိမ်မဲမြို့**

သမီးတို့ကျောင်းမှာ ကလေးစာပေပွဲတော် လာရောက်ကျင်းပခွင့်ရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ စာပေပွဲတော်ဆိုတာကလည်း ကလေးတွေအတွက် ဗဟုသုတလည်းရစေတယ်။ ပန်းချီ၊ စကားပုံဆိုတာတွေကလည်း ကလေးတွေနဲ့ ဝေးကွာနေကြတာ တွေ့ရပါတယ်။ ဒီလိုပွဲတွေကျင်းပတဲ့အတွက် ကလေးတွေဟာ စာပေနဲ့နီးစပ်မှုရှိလာပြီး ရင်းနှီးလာမယ်။ စာပေ



ကလေးစာပေပွဲတော်(အိမ်မဲ)တွင် အာလူးကောက်ပြိုင်ပွဲ ကျင်းပစဉ်။

ဘက်ကို ပိုပြီးဂရုစိုက်လာလိမ့်မယ်လို့ ယုံကြည်မိပါတယ်။ ကလေးတွေကနောင် အနာဂတ်မှာ ဖန်တီးသူတွေ ဖြစ်လာမှာဖြစ်တဲ့အတွက် သူတို့တွေရဲ့ အနာဂတ်ကို ပုံဖော်ပေးတဲ့ပွဲလို့ ထင်မြင်မိပါတယ်။

**သတင်း-အောင်မင်း (မြောင်းမြ)၊ ဓာတ်ပုံ-ချစ်သက်လယ်(ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

### စုပေါင်းမဟာဘုံကထိန် စည်ကားသိုက်မြိုက်စွာကျင်းပ

**ကျောက်ပန်းတောင်း။** ။ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ မြို့မဈေးကြီးမိသားစုမှ (၅၂)ကြိမ်မြောက် စုပေါင်းဘုံကထိန်လှည့်လည်ပွဲကို နိုဝင်ဘာ ၄ ရက် မွန်းလွဲပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

မြို့မဈေးကြီး မိသားစု ဘုံကထိန်ကို နှစ်စဉ် စာသင်တိုက်ကြီးကိုးတိုက်သို့ အလှည့်ကျ ခင်းကျင်းခြင်းဖြစ်ပြီး ယခုနှစ်တွင် စိတ္တပါလဂူကျောင်းစာသင်တိုက်ကြီးသို့ ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

### စိုက်ပျိုးရေးနှင့် မွေးမြူရေး သင်တန်းဖွင့်

**ပန်းတောင်း။** ။ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကအသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းကို နိုဝင်ဘာ ၄ ရက် နံနက် ၉နာရီက ဥသျှစ်ပင်မြို့ ခုံကြီးကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ကျော်ကျော်က အမှာစကားပြောကြားပြီး တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစောမြင့်ဦးနှင့် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) ဒေါ်ဝေဝေမြင့်တို့က သင်တန်းပို့ချသည်။ သင်တန်းသား ၄၀ တို့အား တစ်လကြာ စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**အောင်မြင့် (ပန်းတောင်း)**

### ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေး

**ဖာပွန်။** ။ကရင်ပြည်နယ်ဖာပွန်မြို့နယ်တွင် အောက်တိုဘာ ၂၈ ရက်က အမှတ်(၃)ရပ်ကွက် စိန့်ထရေဇာဘုရားရှိခိုးကျောင်းအတွင်းရှိ အမျိုးသမီးဘော်ဒါဆောင် မီးလောင်မှုဖြစ်ပွားခြင်းကြောင့် ကျောင်းသူများ၏ ပျက်စီးသွားသော နိုင်ငံသားစိစစ်ရေးကတ်ပြားများအား အသစ်ပြန်လည်ပြုလုပ်ပေးခြင်းကို နိုဝင်ဘာ ၄ ရက် က ဆောင်ရွက်ခဲ့သည်။

အဆိုပါဘုရားကျောင်းအတွင်းရှိ မီးဘေးသင့် အမျိုးသမီးဘော်ဒါဆောင်နေကျောင်းသူ ၂၉ ဦးအနက် မီးလောင်မှုဖြစ်ပွားခြင်းကြောင့် ပျက်စီးဆုံးရှုံးသွားသော ကျောင်းသူ ၂၈ ဦး၏ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဝဏ္ဏ(ပြန်/ဆက်)**

### သုံးခွမြို့ပြည်သူ့ဆေးရုံဝင်းအတွင်း၌ဝန်ထမ်းအိမ်ရာတည်ဆောက်

**ရန်ကုန်။** ။ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေးနှင့် ဝန်ထမ်းများနေထိုင်မှု အဆင်ပြေစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ပြည်သူ့ဆေးရုံဝန်ထမ်းအိမ်ရာဝင်းအတွင်း၌ ဆေးရုံအုပ်ကြီးနေအိမ်နှင့် ဝန်ထမ်းအိမ်ရာကို ဆောက်လုပ်လျက်ရှိသည်။

မြို့နယ်ဆေးရုံအုပ်ကြီးနေအိမ်မှာ ရာနှုန်းပြည့်ပြီးစီးနေပြီး ဝန်ထမ်းအိမ်ရာလေးခန်းတွဲအာရ်စီ လေးထပ်တိုက်မှာ ၆၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဆန်း**

## အထူးစီးပွားရေးဇုန်များအနက် ဂျပန်နှင့်ပူးပေါင်းဆောင်ရွက်သည့် သီလဝါအထူးစီးပွားရေးဇုန်မှာ အတိုးတက်ဆုံးဟုဆို

**ရန်ကုန် နိုဝင်ဘာ ၆**

အထူးစီးပွားရေးဇုန်များဖြစ်သည့် သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူဇုန်တို့အနက် ဂျပန်နှင့် ပူးပေါင်းဆောင်ရွက်သည့် သီလဝါအထူးစီးပွားရေးဇုန်မှာ အတိုးတက်ဆုံးဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။

ထိုသို့ တိုးတက်မှုရှိခြင်းမှာ သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာ-ဂျပန် နှစ်နိုင်ငံအစိုးရ ပူးပေါင်းဆောင်ရွက်ထားခြင်းဖြစ်ပြီး အခြေခံလိုအပ်ချက်များကိုလည်း အကောင်အထည်ဖော်နေခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ပြင် ပြီးခဲ့သည့် အောက်တိုဘာ ၃၀ ရက်ကလည်း ထိုင်းနိုင်ငံနှင့် သီလဝါအထူးစီးပွားရေးဇုန်ကို ကွန်တိန်နာကားများ အပြန်အလှန် သယ်ယူပို့ဆောင်ပေးရန်အတွက် ဆွေးနွေးမှုများရှိသောကြောင့် သီလဝါအထူးစီးပွားရေးဇုန်သည် အနာဂတ်တွင် ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ထိုသို့ သီလဝါအထူးစီးပွားရေးဇုန်မှာ တိုးတက်မှုရှိသော်လည်း ထားဝယ်အထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ "ထားဝယ်အထူးစီးပွားရေးဇုန်ကို အောင်မြင်ဖို့အတွက်က အခြေခံလိုအပ်ချက်တွေ ဖြည့်ဆည်းပေးဖို့လိုတယ်၊ နောက်ပြီးတော့ လမ်းပိုင်းဆက်သွယ်ရေးနဲ့ပတ်သက်လို့လည်း ထိုင်းနိုင်ငံနဲ့ ဒီအရှေ့အနောက် စီးပွားရေးစင်္ကြံမှာ လမ်းဖောက်ဖို့ဆိုတဲ့ကိစ္စက ထိုင်းနိုင်ငံနဲ့လည်း သဘောတူပြီးသွားပြီ၊ မကြာခင်မှာ ဒီလမ်းက ၁၃၀ ကီလိုမီတာကျော်ရှိတဲ့ လမ်းကိုဖောက်မယ်ဆိုရင် ဒီဟာလည်း မကြာခင်မှာ တက်လာမယ်လို့ ယူဆပါတယ်"ဟု ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။

ထို့ပြင် တရုတ်နှင့် ပူးပေါင်းဆောင်ရွက်သည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်မှာ တရုတ်နိုင်ငံ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့်အတွက် မော်တော်ကားလမ်း၊ မီးရထားလမ်းများ ပါဝင်လာမည် ဖြစ်သောကြောင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်မှာ ထားဝယ်အထူးစီးပွားရေးဇုန်ထက် ပိုမိုမြန်ဆန် တိုးတက်လာမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီး ဦးအောင်ထူးက ဆက်လက်ပြောကြားသည်။

**ငြိမ်းငြိမ်း**

## ဂျပန်ကုန်စည်ပြပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၆**

ဂျပန်-မြန်မာနှစ်နိုင်ငံကြားစီးပွားရေးကုန်သွယ်မှုနှင့် ယဉ်ကျေးမှုများဖလှယ်နိုင်ရန် (၈)ကြိမ်မြောက် ကျင်းပမည်ဖြစ်သော ၂၀၁၉ ခုနှစ် ဂျပန်ကုန်စည်ပြပွဲကြီး (Japan Expo Yangon 2019)ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းမပေါ်ရှိ တပ်မတော်ခန်းမ၌ နိုဝင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။



အဆိုပါ ၂၀၁၉ ခုနှစ် ဂျပန် ကုန်စည်ပြပွဲကြီးကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၊ ဂျပန်ပြည်ပကုန်သွယ်မှုဆိုင်ရာအဖွဲ့အစည်း (Jetro)၊ Japan Foundation၊ DICA (ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)တို့က ပံ့ပိုးကူညီပေးထားပြီး Myanmar Promotional Services ကုမ္ပဏီလီမိတက်က စီစဉ်ပြုလုပ်ခြင်းဖြစ်ကာ ပြပွဲ၌ အမျိုးအစားစုံလင်သည့် ဂျပန်နိုင်ငံမှထုတ်ကုန်များ၊ လုပ်ငန်းနှင့်ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများကို တစ်နေရာတည်းတွင် စုံလင်စွာခင်းကျင်းပြသထားမည်ဖြစ်ကြောင်း၊ အရည်အသွေးမြင့် ဂျပန်နိုင်ငံ ထုတ်ကုန်ပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများ၊ ဂျပန်သင်တန်းကျောင်းများ၊ ဂျပန်နိုင်ငံမှနည်းပညာမြင့်စက်ပစ္စည်းများ၊ စားသောက်ကုန်များ၊ အိမ်သုံးပစ္စည်းများနှင့် အလှကုန်ပစ္စည်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများအပါအဝင် ဆက်သွယ်ရေး၊ လုံခြုံရေးနှင့် ဆက်စပ်ပစ္စည်းများကိုပါ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၅ ရက် ညနေပိုင်းက ရန်ကုန်မြို့ Summit Parkview ဟိုတယ်၌ ကျင်းပခဲ့သည့် စာနယ်ဇင်းရှင်းလင်းပွဲ၌ ပြပွဲစီစဉ်သူ Myanmar Promotional Services ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာ ဇာနည်မောင်မောင်က ပြောကြားသည်။

ယခုပြုလုပ်မည့် ပြပွဲကြီး၌ ဆက်စပ်လုပ်ငန်း ၁၀၀ ကျော်မှပြခန်းပေါင်း ၁၅၀ ကျော်ဖြင့် ခင်းကျင်းပြသကြမည်ဖြစ်ပြီးအခြားသောအစီအစဉ်များအနေဖြင့် Japan Cosplay ဇာတ်ကောင်ပြိုင်ပွဲများ၊ဂျပန်သီချင်းဆိုပြိုင်ပွဲများကို ထည့်သွင်းပြုလုပ်သွားမည်ဖြစ်သည်။

Japanese/Thai idol unit – Siam Dream အဖွဲ့၏သီဆိုကပြဖျော်ဖြေမှုများကို အခမဲ့လာရောက်ကြည့်ရှုနိုင်ပြီး ဂျပန်ရိုးရာဝတ်စုံဝတ်ခြင်း၊ ဂျပန်ကင်ဒိုပြပွဲများကိုပါ ထည့်သွင်းထားကြောင်း ၂၀၁၉ ခုနှစ် ဂျပန်ကုန်စည်ပြပွဲကြီး (Japan Expo Yangon 2019) အား ကျင်းပစီစဉ်သူများထံမှ သိရသည်။

**သတင်း -ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**

## ဘွမ်နဲလ် ရှုခင်းအလှသွားသည့် မွန်လွှ-ဘွမ်နဲလ်လမ်းပိုင်း ဖလမ်းခရိုင် ကျေးလက်လမ်းဦးစီးဌာနက တာဝန်ယူဖောက်လုပ်

**ရန်ကုန် နိုဝင်ဘာ ၆**

မွန်လွှ- ဘွမ်နဲလ်လမ်းသည် ဖလမ်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ Pilot Project ဖြင့် ဖောက်လုပ်ထားသော ဆအက်-သီးကျိရ်-မွန်လွှ-ကြော့သဲ-လျှန်နှာ(ဟ)-လျှန်နှာ (သ)-တီအိုချောင်းလမ်း (လမ်းအရှည်မိုင် ၂၁ ဒသမ ၆ မိုင်) ပေါ်ရှိ မိုင်တိုင်အမှတ် ၉ ဒသမ ၄ ၌ တည်ရှိသော မွန်လွှကျေးရွာမှ ဘွမ်နဲလ်ရှုခင်းသို့ သွားသော လမ်းဖြစ်သည်။

မွန်လွှရွာအနီးရှိ ဘွမ်နဲလ်ရှုခင်းသည် အလွန်သာယာသော ရှုခင်းဖြစ်ပြီး (၃ ဒသမ ၆) မိုင်ပတ်လည်ခန့်ကျယ်ကာ တောင်ကမူငယ်ပေါင်း ၄၇ ခု ကျော်ဖြင့် ဖွဲ့စည်းထားသည်။ ရှုခင်း၏ အလယ်၌ ကွေ့ကောက်စီးဆင်းသော ချောင်းငယ်ရှိပြီး အလွန်သာယာအေးမြသော ရာသီဥတုရှိသည့် ဒေသဖြစ်သည်။ ၎င်းဘွမ်နဲလ်ရှုခင်းသို့ ယခင်က ဒေသခံပြည်သူများ သာမက အိန္ဒိယနိုင်ငံ မီဇိုးရမ်ပြည်နယ်မှ မီဇိုးတိုင်းရင်းသားများ လာရောက်လည်ပတ်လျက်ရှိကြသည်။ ယခုအခါတွင် ကမ္ဘာလှည့်ခရီးသည်များလည်း လာရောက်လည်ပတ်အပန်းဖြေလျက်ရှိသည်။



မွန်လွှ-ဘွမ်နဲလ်လမ်းသည် ယခင်က ဒေသခံကျေးရွာများမှ ကိုယ့်အားကိုယ်ကိုးဖောက်လုပ်ခဲ့သော လူသွားလမ်းသာဖြစ်ပြီး ခြေကျင်ခရီးဖြင့်သာသွားလာရသည်။ တစ်နေ့တခြားများပြားလာသည့် ရှုခင်းကြည့်ရှု အပန်းဖြေသူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၏ မတ်လ ၄ ရက် ဖလမ်းမြို့နယ် ဆအက်-သီးကျိရ်-မွန်လွှ-ကြော့သဲ-လျှန်နှာ(ဟ)-လျှန်နှာ(သ)-တီအိုချောင်းလမ်း ကွင်းဆင်းစစ်ဆေးသည့် ခရီးစဉ်တွင် မွန်လွှကျေးရွာသို့ ရောက်ရှိပြီး မွန်လွှ-ဘွမ်နဲလ်လမ်းအား ကားလမ်းဖောက်လုပ်ရန် လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် မွန်လွှ-ဘွမ်နဲလ်လမ်းအား ဖလမ်းမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ကွင်းဆင်းတိုင်းတာခဲ့ပြီး ရန်ပုံငွေရရှိရေး တင်ပြတောင်းခံခဲ့ရာ ပြည်နယ်ရန်ပုံငွေကျပ် ၂၆၃ သန်း ရရှိသဖြင့် မွန်လွဲ-ဘွမ်နဲလ်လမ်း (၄/၀) မိုင်အား ၁၈ ပေ အကျယ်လမ်းသစ်ဖောက်လုပ်ခြင်းနှင့် လူသွားလမ်းအဖြစ် (၁/၀) မိုင်အတွင်း လိုအပ်သောနေရာတွင် ကွန်ကရစ်လှေကားထစ်နှင့် steelလက်ရန်းပြုလုပ်ခြင်းအပါအဝင် မြေကာနံရံနှင့် သံကူကွန်ကရစ်ရေထုတ်ပြွန်တည်ဆောက်သွားမည်ဟု သိရသည်။

အဆိုပါ လုပ်ငန်းများအား ၂၀၁၉ ခုနှစ် အောက်တိုဘာလမှစ၍ လုပ်ငန်းစတင်ဆောင်ရွက်လျက်ရှိပြီး ယခုအခါ လမ်းဖောက်လုပ်ခြင်း (၁/၄) မိုင်ခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ရာ လုပ်ငန်းအမြန်ပြီးစီးရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**ခရမ်းစိုးမြင့်**

## ကိုရီးယားနိုင်ငံက ဆောက်လုပ်လှူဒါန်းသည့် မူကြိုကျောင်းဆောင်သစ် ပေးအပ်ပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၆**

ကိုရီးယားနိုင်ငံ ဆိုနမ်၊ ဂွမ်ဂျူနှင့် ဟန်နန်မြို့တို့ရှိ ဆေမော်လ်ဂမ်ဂိုကောင်စီအသင်းက ဆောက်လုပ်လှူဒါန်းသည့် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အမှတ် (၁၂) အခြေခံပညာမူလတန်းကျောင်း မူကြိုကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။



ကိုရီးယားနိုင်ငံ ဆိုနမ်၊ ဂွမ်ဂျူနှင့် ဟန်နန်မြို့ ကျေးရွာ ငွေတိုက်အသင်းစုချုပ်ဥက္ကဋ္ဌ Kim Jae Taek က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကလေးငယ်များ၏ ပညာရေးဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မူလတန်းကြိုကျောင်းကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် လာရောက်လှူဒါန်းခြင်းဖြစ်ကြောင်း၊ ကလေးငယ်များ၏ လိုအပ်ချက်အခြေအနေများရှိပါကလည်း တတ်နိုင်သရွေ့ လှူဒါန်းသွားရန် အစီအစဉ်ရှိကြောင်း ပြောကြားသည်။

ထို့ပြင် အမှတ် (၁၂) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းအေးက အောင်မြေသာစံမြို့နယ်အတွင်းရှိ အခြေခံလူတန်းစားများ၏ ကလေးငယ်များ၊ အများနည်းတူ မူကြိုပညာရေးကို သင်ယူခွင့် ရရှိလာနိုင်တော့မည်ဖြစ်ကြောင်း၊ အလှူရှင်များသည် မူကြိုကျောင်းဆောင်သာမက ကလေးငယ်များအတွက် လိုအပ်သည့် သင်ထောက်ကူပစ္စည်းများ၊ ကစားစရာများနှင့် အားကစားပစ္စည်းများကိုလည်း ပြည့်စုံစွာ ပံ့ပိုးလှူဒါန်းပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

အဆိုပါ မူကြိုကျောင်းဆောင်သစ်ကို ၂၀၁၉ ခုနှစ် ဧပြီလက စတင်တည်ဆောက်ခဲ့ပြီး ဩဂုတ်လတွင် ပြီးစီးခဲ့ကြောင်းနှင့် မူကြိုကျောင်းဆောင်သစ် အကျယ်အဝန်းမှာ အလျား ၃၅ ပေ၊ အနံ ၃၅ ပေရှိ steel structure အမျိုးအစား အဆောက်အအုံ ဖြစ်ပြီး ငွေကျပ်သိန်းပေါင်း ၂၈၀ ကျော် အကုန်အကျခံ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မြန်မာ-ဂျပန်အသင်း၏ တက္ကသိုလ်ပညာသင်ဆုအတွက် အဆိုပြုလွှာများခေါ်ယူ

**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာ-ဂျပန်အသင်း (MJA)သည် "မြန်မာ-ဂျပန်အသင်း၏ တက္ကသိုလ်ပညာသင်ဆု" အဖြစ် ဒီဇင်ဘာ ၁ ရက်တွင် စတင်မည့် ၂၀၁၉-၂၀၂၀ စာသင်နှစ်အတွက် တက္ကသိုလ်ဒုတိယနှစ် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၅ ဦးအား တစ်ဦးလျှင် ကျပ် ၅ သိန်းနှုန်းဖြင့် တက္ကသိုလ်အလိုက် အောက်ပါအတိုင်း စိစစ်ရွေးချယ် ပေးအပ်သွားမည်ဖြစ်သည်။

| | |
|---|---|
| (၁) ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် (YUFL) [ဂျပန်ဘာသာ အဓိက] | (၁၅) ဦး |
| (၂) မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (MUFL) [ဂျပန်ဘာသာအဓိက] | (၁၅) ဦး |
| (၃) ပညာရေးတက္ကသိုလ် (ရန်ကုန်) | (၁၀) ဦး |
| (၄) ပညာရေးတက္ကသိုလ် (စစ်ကိုင်း) | (၁၀) ဦး |
| (၅) စီးပွားရေးတက္ကသိုလ် (ရန်ကုန်) | (၁၀) ဦး |
| (၆) နည်းပညာတက္ကသိုလ် (ရန်ကုန်) | (၅) ဦး |
| (၇) ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) | (၅) ဦး |
| (၈) သူနာပြုတက္ကသိုလ် (ရန်ကုန်) | (၅) ဦး |

အဆိုပြုလွှာများကို မြန်မာ-ဂျပန်အသင်းမှ သတ်မှတ်ထားသည့် အဆိုပြုလွှာများကို အသုံးပြု၍သာလျှင် မြန်မာ-ဂျပန်အသင်းသို့ ၃၁-၁၂-၂၀၁၉ ရက်နေ့နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး အဆိုပြုလွှာများအား တက္ကသိုလ်များအလိုက် ပေးပို့ထားရှိပြီးဖြစ်သဖြင့် အသေးစိတ်အချက်အလက်များကို တက္ကသိုလ်အလိုက် စုံစမ်းဆက်သွယ်ရယူကာ လျှောက်ထားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဈေးကောင်းရပြီး ဆေးဖက်ဝင်သည့် ဒေသထွက်ချဉ်စော်ကားသီး

**ကွတ်ခိုင် နိုဝင်ဘာ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် ဒေသတစ်ဝိုက်တွင် များပြားစွာပေါက်ရောက်ဖြစ်ထွန်းပြီး ဒေသခံပြည်သူများကို တစ်ဖက်တစ်လမ်းနည်းဖြင့် စီးပွားဖြစ်ဝင်ငွေရရှိစေသည့် ချဉ်စော်ကားသီးသည် တိုင်းရင်းသားပြည်သူများကြားတွင် လူသိနည်းသည့် အသီးတစ်မျိုးဖြစ်သည်။

ချဉ်စော်ကားပင်များကို မြန်မာနိုင်ငံ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ပေါက်ရောက်ဖြစ်ထွန်းပြီး ဒေသခံပြည်သူများက ပြည်တွင်း ပြည်ပပို့ကုန်နှင့် စားသုံးကုန်အဖြစ် ပုံစံအမျိုးမျိုး အသုံးပြုကြသည်။

ချဉ်စော်ကားသီး၏ အသီးသီးချိန်သည် မေလမှ နိုဝင်ဘာလအထိဖြစ်သည်။ အပင်အမျိုးအစားသည် နှစ်ရှည်ပင်အမျိုးအစားဖြစ်ပြီး ဆူးများပြားခြင်းကြောင့် မိမိခြံဝင်းများတွင် ကျွဲ၊ နွားများဝင်ရောက်ခြင်းမှ ကာကွယ်နိုင်ရန် ခြံဝင်းပတ်ပတ်လည်တွင် အများအားဖြင့် စိုက်ပျိုးကြသည်။ ကွတ်ခိုင်မြို့နယ်အတွင်းရှိကျေးရွာများနှင့် ကွတ်ခိုင်-မူဆယ် ပြည်ထောင်စုလမ်းမကြီး ဘေးဝဲ-ယာတွင် စီတန်းစိုက်ပျိုးခြင်းကိုလည်း မြင်တွေ့ရသည်။

ချဉ်စော်ကားသီးကို အချိုသီးနှင့် အချဉ်သီးဟူ၍ ခွဲခြားခေါ်ဆိုကြသည်။ အစိမ်းရောင်ပုံစံရှိသည့်အသီးကို အချိုသီးဟုသိရပြီး အသီးတွင် အဝါရောင်သန်းနေသည့် အသီးပုံစံကိုအချဉ်သီးဟုခေါ်ဝေါ်ကြသည်။

အစိမ်းရောင်ရှိသည့် ချဉ်စော်ကားသီးများထက် အဝါရောင်သန်းနေသည့်အသီးများက ပိုချဉ်ပြီး အနံ့လည်းပိုမွှေးသည်။ ချဉ်စော်ကားသီးများကို ရာသီမရွေးစားသုံးနိုင်ရန်အတွက် ပါးပါးလှီးကာ အခြောက်လှန်းခြင်း၊ ချဉ်စော်ကားသီးများကို ရေနွေးစိမ်ပြီး ပုံမှန်သောက်သုံးပါက အဆီခဲတက်ကျစေခြင်း၊ ကိုလက်စထရောကို လျော့ကျစေခြင်းနှင့် သွေးလည်ပတ်မှု အားကောင်းစေပြီး သွေးတိုးရောဂါများကို ကာကွယ်ပေးခြင်းကြောင့် ဆေးဘက်ဆိုင်ရာတိုင်းရင်းဆေးဝါးများတွင်လည်း အသုံးပြုကြသည်။

ကွတ်ခိုင်မြို့အနီး ဆဖြူးရွာသား ဦးဒေါင်ခေါင်က "အသီးတွေကို အလုံးလိုက်ပဲရောင်းတာများပါတယ်၊ တချို့တွေကျတော့ ပါးပါးလှီးပြီးတော့ အခြောက်လှန်းပြီး အထုပ်လိုက်ရောင်းတာလည်းရှိတယ်၊ ချဉ်စော်ကားသီးယိုဆိုပြီး ယိုထိုးပြီးလည်းရောင်းကြတယ်၊ ဝိုင်လုပ်ပြီးလည်းရောင်းကြတယ်" ဟု ပြောသည်။

ကွတ်ခိုင်မြို့မဈေးအနီးတွင် ဒေသထွက် ချဉ်စော်ကားသီးများကို နှစ်စဉ်အရောင်းအဝယ်ပြုလုပ်သည့် ဒေါ်ဝင်းဝင်းသန်းက "အရွယ်အစားအလိုက် ဈေးနှုန်းတွေသတ်မှတ်ပြီး ရောင်းဝယ်ကြတာပေါ့၊ ကျေးရွာတွေဘက်မှ ရောင်းတဲ့ ချဉ်စော်ကားသီးတွေကို အလုံးကြီးရင် ဆာလာအိတ်(အလတ်)တစ်အိတ်ကို ငွေကျပ် ၂၅၀၀၀ နဲ့ ဝယ်တယ်၊ ကွတ်ခိုင်မြို့မှာ ငွေကျပ် ၂၈၀၀၀ ခန့်နဲ့တစ်ဆင့် ပြန်ရောင်းပါတယ်၊ အလုံးသေးတွေကိုတော့ တစ်အိတ်ကို ငွေကျပ် ၁၁၀၀၀ နဲ့ ဝယ်ရင် ငွေကျပ် ၁၄၀၀၀ အနည်းဆုံးပြန်ရောင်းရတယ်"ဟု ပြောသည်။

အသီးသီးချိန်ရာသီမဟုတ်သည့်ကာလများတွင် ချဉ်စော်ကားသီး၏ဈေးကွက်များသည်လည်း မြင့်တက်လေသည်။ ချဉ်စော်ကားသီးအသီးသီးချိန်ကာလတွင် အသီးတစ်လုံး ငွေကျပ် ၃၀၀ ဖြင့် ရောင်းဈေးရရှိပြီး အသီးသီးချိန်ကာလမဟုတ်သည့်အချိန်တွင် တစ်လုံးငွေကျပ် ၁၀၀၀ အထိ ဈေးကွက်ရှိသည်။

ကွတ်ခိုင်မြို့တွင်ထွက်ရှိနေသည့် ချဉ်စော်ကားသီးများကို ပြည်တွင်းကုန်အဖြစ် ဖျော်ရည်၊ ဝိုင်၊ ချဉ်စော်ကားသီးယိုနှင့် အခြားသော စားသောက်ကုန်များအဖြစ် ပုံစံအမျိုးမျိုးပြုလုပ်ပြီး မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်မဲ၊ သီပေါ၊ လားရှိုးနှင့် အခြားမြို့များသို့ ဖြန့်ဖြူးရောင်းချသည်။

မူဆယ်မြို့နယ်စပ်ဒေသမှတစ်ဆင့် တရုတ်နိုင်ငံဘက်သို့ အဓိကတင်ပို့လျက်ရှိပြီး ဓာတုဆေးဝါးအသုံးပြုမှုကင်းစင်သည့် ဆေးဖက်ဝင်ပို့ကုန်ဖြစ်သောကြောင့် ရောင်းအားကောင်းလူကြိုက်များခြင်းဖြစ်သည်။

**မိုင်းဘညာဏ်(ကွတ်ခိုင်)**



## ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီး၌ တန်ဆောင်မုန်းလပြည့်နေ့ မဲဇလီဖူးသုပ်ဖြင့် စတုဒိသာဆွမ်းကျွေးမွေးမည်

**မန္တလေး နိုဝင်ဘာ ၆**

ကမ္ဘာ့ပထမဦးဆုံး ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီးတွင် နေ့ထူးနေ့မြတ်ညဖြစ်သည့် ၁၃၈၁ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ ညနေ ၅ နာရီမှစတင်၍ ဆေးဖက်ဝင်သည့် မဲဇလီဖူးသုပ်များဖြင့် အများပြည်သူများကို စတုဒိသာကျွေးမွေးဧည့်ခံမည်ဖြစ်ပါကြောင်း ဝေရောစနကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့မှ နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ထားကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မီးသတ်စခန်းတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၁၉) ဖွင့်ပွဲကို နိုဝင်ဘာ ၄ ရက် ညနေ ၃ နာရီတွင် အင်းစိန်မြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ ပြုလုပ်သည်။ သင်တန်းကို အရန်မီးသတ်သင်တန်းသား ၅၀ ဖြင့် ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

အလားတူ ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ မီးသတ်ဦးစီးဌာနက အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း (၁/၂၀၁၉) ဖွင့်ပွဲကို နိုဝင်ဘာ ၄ ရက် ညနေ ၃ နာရီက ကျင်းပသည်။

မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ရဲကျော်စွာဦးအောင်ကျော်ဝင်းက သင်တန်းဖွင့်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းတွင် သင်တန်းသား ၅၀ အား သင်တန်းကာလ ၂၆ ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**နိုးတူး (ကျောက်တန်း)**

## ပညာတော်သင်ကျောင်းသားများ စေလွှတ်ရေး ညှိနှိုင်းဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းဥက္ကဋ္ဌ ဦးမြသွင်နှင့် အကြံပေးပုဂ္ဂိုလ် ပါမောက္ခဒေါက်တာ ဒေါ်စန်းစန်းမြင့်အောင် (UCH Rector –Retired)၊ Head of Program မှ ဦးဆန်းလင်းဦးတို့အဖွဲ့သည် ထိုင်းနိုင်ငံ Khon Kaen University သို့ အောက်တိုဘာနောက်ဆုံးပတ်က သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများ၊ သင်တန်းများနှင့် ပညာတော်သင် ကျောင်းသားများစေလွှတ်ရေးဆိုင်ရာကိစ္စရပ်တို့ကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

ဥက္ကဋ္ဌဦးမြသွင်နှင့်အဖွဲ့သည် အဆိုပါတက္ကသိုလ်မှ Assoc.Prof. Dr. Wingsa Laohasiriwong နှင့်အတူ Khon Kaen Sub–District Health Promotion Hospital သို့သွားရောက်၍ ၎င်းတို့လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော တိုင်းရင်းဆေးကုလုပ်ငန်းများနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများ၊သွားကျန်းမာရေးလုပ်ငန်းများ၊ စပ်လျဉ်း၍ ရှင်းလင်းပြသရာ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ကလည်း အသင်းနှင့်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးစီမံချက်လုပ်ငန်းများအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့သည် သူနာပြုကျောင်းသားကျောင်းသူများ ဦးဆောင်၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်မှုဌာနသို့ သွားရောက်၍ စောင့်ရှောက်မှုလုပ်ငန်းများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းနှင့် Khon Kaen University တို့ပူးပေါင်း၍ သတင်းအချက်အလက်မျှဝေရေး၊ သင်တန်းများ ပူးပေါင်းဖွင့်လှစ်နိုင်ရေး၊ ပညာတော်သင်ကျောင်းသားများနှင့် အလုပ်သင်ဝန်ထမ်းများ အပြန်အလှန်စေလွှတ်နိုင်ရေး၊ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး စသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တက္ကသိုလ်မှတာဝန်ရှိသူတို့က တက္ကသိုလ်၏ ပညာသင်ကြားမှုအခြေအနေ၊ Bachelor နှင့် Master Degree သင်တန်းသားတို့၏ ပညာရေးဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

**သစ္စာ**

# လီဗာပူးအသင်းက ဂျန့်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး ချန်ပီယံလိဂ်အုပ်စုအဆင့်၌ ထိပ်ဆုံးတွင် ဦးဆောင်နိုင်ခဲ့



ချန်ပီယံလိဂ်အုပ်စုအဆင့်ရဲ့ ပွဲစဉ် ၄ အဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြတဲ့ လီဗာပူးအသင်းနဲ့ ဂျန့်အသင်းတို့ရဲ့ ပွဲစဉ်မှာ လီဗာပူးအသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အုပ်စုအဆင့်မှာ ထိပ်ဆုံးက ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ဂျန့်အသင်းနဲ့ ပွဲစဉ်မှာ ပွဲကစားချိန် ၁၄ မိနစ်မှာ သွင်းယူခဲ့တဲ့ ဝစ်ဂျ်နယ်ဒန်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပြီး ပွဲကစားချိန် မိနစ် ၄၀ မှာ ဆာမက်တာရဲ့ ချေပဂိုး သွင်းယူခြင်းကို ခွင့်ပြုပေးလိုက်ရတာကြောင့် ဒီနှစ်သင်းရဲ့ ပထမပိုင်းရလဒ်ဟာ တစ်ဖက်တစ်ဂိုးစီ ဖြစ်နေခဲ့ပါတယ်။

ဒါပေမယ့် လီဗာပူးအသင်းဟာ ပွဲကစားချိန် ၅၃ မိနစ်မှာ သွင်းယူခဲ့တဲ့ ချန်ဘာလိန်ရဲ့ သွင်းဂိုးကြောင့် ဂျန့်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီလို နိုင်ပွဲရရှိခဲ့တာကြောင့် လီဗာပူးအသင်းဟာ အုပ်စုအဆင့်မှာ ရမှတ်ကိုးမှတ်နဲ့ ထိပ်ဆုံးက ဦးဆောင်နိုင်ခဲ့ပြီး နာပိုလီအသင်းကတော့ ရမှတ်ရှစ်မှတ်နဲ့ ဒုတိယနေရာက ရပ်တည်နိုင်ခဲ့တာ ဖြစ်ပါတယ်။

အခြားသောချန်ပီယံလိဂ်ပွဲစဉ်တွေမှာတော့ ဘာစီလိုနာအသင်းနဲ့ ဆလာဗီယာပရက်အသင်းတို့ ပွဲစဉ်မှာ ဂိုးမရှိသရေ၊ နာပိုလီအသင်းနဲ့ ဆယ်လ်ဘာ့အသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေ၊ ချယ်လ်ဆီးအသင်းနဲ့ အေဂျက်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်လေးဂိုးစီသရေ စသဖြင့် သရေရလဒ်တွေထွက်ပေါ်ခဲ့ပြီး လိုက်ဇစ်အသင်းက ဇင်းနစ်အသင်းကို နှစ်ဂိုးပြတ်နဲ့လည်းကောင်း၊ ဒေါ့မွန်အသင်းက အင်တာမီလန်အသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့လည်းကောင်း၊ လိုင်ယွန်အသင်းက ဘင်ဖီကာအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့လည်းကောင်း၊ ဗလင်စီယာအသင်းက လိုင်လီအသင်းကို လေးဂိုး-တစ်ဂိုးနဲ့လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

လီဗာပူးအသင်းအနေနဲ့ ၂၀၁၄ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းကို သုံးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ပြီး နောက်ပိုင်းမှာ အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရတဲ့ ဥရောပပြိုင်ပွဲ ၂၄ ပွဲစလုံး ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ၂၄ ပွဲမှာ ၁၈ ပွဲနိုင်၊ ခြောက်ပွဲသရေရလဒ်ထွက်ပေါ်ထားတာ ဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ လာမယ့်တနင်္ဂနွေနေ့(နိုဝင်ဘာ ၁၀ ရက်)မှာ ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ဖလားလုဘက်လို့ဆိုရမယ့် မန်စီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး နိုဝင်ဘာ ၂၇ ရက်မှာတော့ နာပိုလီအသင်းနဲ့ ချန်ပီယံလိဂ်ပွဲစဉ်ကစားရမှာလည်း ဖြစ်ပါတယ်။



# ဆယ်လ်ဘာ့အသင်းက တိုက်စစ်မှူးဟာလန်းကို ပေါင် ၈၆ သန်းသတ်မှတ် စပိန်ထိပ်သီးနှစ်သင်းနဲ့ ဂျူဗင်တပ်အသင်းတို့က ခေါ်ယူဖို့ အပြိုင်ကြိုးပမ်းနေ

ဆယ်လ်ဘာ့အသင်းဟာ အသင်းရဲ့တိုက်စစ်ပိုင်းမှာ အားထားရတဲ့ နော်ဝေတိုက်စစ်မှူး ဟာလန်းရဲ့ ပြောင်းရွှေ့ကြေးကို ပေါင် ၈၆ သန်းအထိ သတ်မှတ်ထားပေမယ့် စပိန်လာလီဂါထိပ်တန်း အသင်း နှစ်သင်းဖြစ်တဲ့ ဘာစီလိုနာအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့အပြင် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းတို့ကလည်း ခေါ်ယူဖို့အပြိုင်ကြိုးပမ်းနေတယ်လို့ သိရပါတယ်။

တိုက်စစ်မှူး ဟာလန်းဟာ ဩစတြေးလျ ဘွန်ဒက်လီဂါဖလားပြိုင်ပွဲမှာ ၁၂ ပွဲမှာ ၁၁ ဂိုးသွင်းယူနိုင်ခဲ့ပြီး ဆယ်လ်ဘာ့အသင်းအတွက် အခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲအရပ်ရပ်မှာ ၁၆ ပွဲပါဝင်ကစားပေးထားကာ သွင်းဂိုး ၂၂ ဂိုးအထိ စံချိန်တင်သွင်းယူနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

အဲဒါကြောင့် ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဘာစီလိုနာအသင်းအပါအဝင် ဥရောပရဲ့ ကလပ်အသင်းအတော်များများက ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။ ဂျူဗင်တပ်အသင်းကလည်း တိုက်စစ်မှူးဟာလန်းကို ခေါ်ယူဖို့အတွက် နာပိုလီအသင်းနဲ့ ဆယ်လ်ဘာ့အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာ ဟာလန်းရဲ့ ခြေစွမ်းကို စောင့်ကြည့်ဖို့အတွက် ကင်းထောက်အဖွဲ့ကို စေလွှတ်ခဲ့တယ်လို့ သိရပါတယ်။

**ငွေကြယ်-စုစည်းသည်**

## အနုပညာ



# ရုပ်ရှင်သစ်မှာ ပါဝင်သွားမယ့် ကင်ဝူဘင်

တောင်ကိုရီးယားမင်းသား ကင်ဝူဘင်ဟာ ကင်ဆာရောဂါကြောင့် အနုပညာလုပ်ငန်းတွေကနေ နှစ်နဲ့ချီကာ အနားယူခဲ့ပြီး ကုသမှုတွေ ခံယူနေခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာ ကင်ဝူဘင်ဟာ ရုပ်ရှင်သစ်တစ်ကားကို လက်ခံရိုက်ကူးပေးသွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကင်ဆာရောဂါကြောင့် ကုသမှုတွေခံယူခဲ့ပြီး ပြန်လည်သက်သာလာခဲ့ပြီဖြစ်တဲ့ ကင်ဝူဘင်က ရုပ်ရှင်သစ်မှာ ကောင်းမွန်စွာ ပါဝင်ရိုက်ကူးသွားမှာဖြစ်ကြောင်းနဲ့ အဓိကဇာတ်ဆောင်အဖြစ် ပါဝင်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။ ဒီရုပ်ရှင်သစ်မှာ ကင်ဝူဘင်ဟာ အခြားသော သရုပ်ဆောင်တွေဖြစ်ကြတဲ့ ယူဂျန်ယိုနဲ့ ကင်တေရီတို့နဲ့ တွဲဖက်ပါဝင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ကင်ဝူဘင်ဟာ ၂၀၁၇ ခုနှစ်အတွင်းမှစတင်ကာ ကင်ဆာရောဂါကြောင့် ကုသမှုခံယူခဲ့ရပြီး လက်ရှိမှာတော့ အနုပညာလှုပ်ရှားမှုတွေ ပြန်လည်လုပ်ဆောင်နိုင်လောက်သည်အထိ ကျန်းမာရေး ပြန်လည်ကောင်းမွန်လာခဲ့ပြီ ဖြစ်တယ်လို့လည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**



# Lose You To Love Me နဲ့ ဘေဘုတ်ရဲ့ နံပါတ်တစ်နေရာကို ရယူနိုင်ခဲ့တဲ့ ဆယ်လီနာဂိုမက်ဇ်

အမေရိကန်ပေ့ါပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်ဟာ သူ့ရဲ့ ဂီတခရီးတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ဘေဘုတ်ရဲ့ အကျော်ကြားဆုံးသော တေးသီချင်း ၁၀၀ စာရင်းမှာ နံပါတ်တစ်နေရာမှာ ရပ်တည်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဆယ်လီနာရဲ့ တစ်ကိုယ်တော်တေးသီချင်းသစ် Lose You To Love Me ဟာ ယခုသီတင်းပတ်မှာ ဘေဘုတ်ရဲ့ အကျော်ကြားဆုံးသော တေးသီချင်း ၁၀၀ စာရင်းမှာ ထိပ်ဆုံးကနေ ရပ်တည်နိုင်ခဲ့တာဖြစ်ကြောင်း အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီလို အောင်မြင်မှုရရှိခဲ့တဲ့အပေါ် ဆယ်လီနာဂိုမက်ဇ်က တေးသီချင်းကို နားဆင်ခဲ့ကြတဲ့ ပရိသတ်တစ်ယောက်ချင်းစီကို ကျေးဇူးတင်ရှိကြောင်း သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ လက်ရှိမှာ အသက် ၂၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဆယ်လီနာဂိုမက်ဇ်က အောင်မြင်မှုအတွက် အတော်လေး စိတ်လှုပ်ရှားခဲ့ကြောင်းနဲ့ သူ့အနေနဲ့ အဆိုပါတေးသီချင်းကို အတော်လေး ဂရုစိုက်ကာ ပြင်ဆင်ခဲ့ကြောင်းလည်း ထည့်သွင်းရေးသားဖော်ပြခဲ့တယ်လို့ သိရပါတယ်။



# ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေထွက်လာတဲ့ ဒရိတ်ခ်နဲ့ ခိုင်လီဂျန်နာ

ကျော်ကြားတဲ့ အနုပညာကြယ်ပွင့်တွေဖြစ်ကြတဲ့ တေးသံရှင် ဒရိတ်ခ်နဲ့ မိတ်ကပ်ပညာရှင်တစ်ဦးဖြစ်သူ ခိုင်လီဂျန်နာတို့ကို လတ်တလောမှာ အတူတွဲကာ တွေ့ခဲ့ရပြန်ပါတယ်။ ဒါကြောင့် သူတို့နှစ်ဦးချစ်သူတွေဖြစ်နေကြောင်း သတင်းတွေကိုလည်း မီဒီယာတွေက ရေးသားဖော်ပြမှုတွေ ရှိနေခဲ့တယ်လို့ မစ်ရာဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ခိုင်လီဂျန်နာဟာ ထရားဗစ်စကော့ထ်နဲ့ ဇာတ်လမ်းတွေ အဆုံးသတ်ခဲ့ပြီးနောက်မှာ ရက်ပ်တေးသံရှင် ဒရိတ်ခ်နဲ့ တွဲခဲ့ပါတယ်။ သူတို့နှစ်ဦး အတူတွဲကာ တွေ့ခဲ့ရတာကြောင့် ချစ်သူတွေဖြစ်နေကြောင်း ကောလာဟလတွေ ပေါ်ထွက်ခဲ့ရပြီး လတ်တလောမှာပြုလုပ်ခဲ့တဲ့ ဒရိတ်ခ်ရဲ့ မွေးနေ့ပါတီကိုလည်း ကန်ဒဲလ်ဂျန်နာတက်ရောက်ခဲ့တယ်လို့ သိရပါတယ်။

အချို့သော သတင်းရင်းမြစ်တွေက သူတို့နှစ်ဦးဟာ မိတ်ဆွေတွေသာဖြစ်ကြောင်း ပြောကြားခဲ့ပေမယ့် အချို့ကတော့ သူတို့နှစ်ဦးအကြားမှာ ထူးခြားတဲ့ဆက်ဆံရေးမျိုးရှိနေတာ အသေအချာပင်ဖြစ်ကြောင်းနဲ့ နှစ်ဦးသား ပုံမှန်တွေ့ဆုံမှုတွေ ရှိနေခဲ့တယ်လို့ ဆိုပါတယ်။ ခိုင်လီဂျန်နာဟာ ထရားဗစ်စကော့ထ်နဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ပြောကြားခဲ့ပြီးနောက် တစ်လခန့်အကြာမှာ ဒရိတ်ခ်နဲ့ ဇာတ်လမ်းတွေ ပေါ်ထွက်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

VICTORIA UNIVERSITY COLLEGE
ISO 9001: 2015 CERTIFIED

UNIVERSITY OF WOLVERHAMPTON
KNOWLEDGE • INNOVATION • ENTERPRISE

# CONGRATULATIONS

## TO OUR GRADUATION CLASS OF 2019

Victoria University College တွင် တက်ရောက်ပြီး အင်္ဂလန်နိုင်ငံ အခြေစိုက် University of Wolverhampton မှ ဂုဏ်ထူးတန်းဘွဲ့ဒီဂရီဘွဲ့ကို ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများအား VUC မှ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

### Business Management

Sandy Nyein Chan
Thin Yati Htet
Hein Htet
Hein Htet
Kaung Htet
Hsu Htet
Nan Mo Kham
Kay Thary Ko
Zwe Htet Ko Ko
Phyo Thiha Kyaw
Hein Htet Lin
Ingyin Maw
Aye Zaw Minn
Myat Myat Moe
Ei Myat Mon
Phyo Myint Myat
Hla Myo Myat
Hsu Sandi Naing
Nyi Nyi Naing
Shwe Yee Oo
Shoon Nyeint Nyeint Oo
Aung Kyaw Paing
May Myat Noe Po Khin
Si Thu Phyo
Win War War Thein
Aye Thiri Tun
Theint Nandar Tun
Su Myat Thiri Tun
Mya Thin Zar

### Mechatronics

Than Htike Aung
Thwin Lin Aung
Kyaw Swar Hein
Ziko @ Ant Htoo Hein
Nyan Phyo Htet
Pyi Thein Kyaw
Min Thiha Kyaw
Aung Khant Kyaw
Win Maw Kyaw
Saw Maung Maung
Zaw Lin Maung
Okkar Min
Kyaw Myint Oo
Zayar Myint Oo
Thiha Htut San
Phone Pyae Soe
Pyae Sone
Soe Thi Ha Thein
Kaung Si Thu
Aung Thu Ta
Kyaw Linn Tun
Sun Tun
Htet Myat Tun
Soe Win Tun
Thein Htike Zaw

### Civil and Construction Engineering (International)

Hlwam Moe Aung
Hnin Thandar Aung
Khun Zarni Aung
Kyaw Htet Aung
Phyo Thi Ha Aung
Phyo Thu Ya Aung
Po Mo Htoo Aung
Shine Mann Aung
Thet Hnin Aung
Thu Ya Aung
Wai Phyo Aung
Yan Aung
Htet Thinzar Aye
Khin Nyein Chan
Van Bawi Cuan
Shin Hnaung Eain
Aye Yu Yu Han
Aung Thu Hein
Kyaw Swar Hein
Su Hlaing Htay
Khant Zaw Htet
Phone Htet
Pyae Su Htike
Su Lei Lei Htike
Htet Naing Htoo
Khin Maung Htoo
Zin Ko Ko Htun
Moe Hein Htut
Sithu Min Htut
Phyo Nandar Htwe
Sai Swam Seng Huk
A Ka
Htet Linn Khant
Paing Htet Ko
Yoon Pwint Me Ko
Eaindray Mie Mie Kyaw
Me Me Kyaw
Win Myo Kyaw
Nyan Htet Lin
Nyi Nyi Lwin
Phone Myo Mang
Hsu Htet Lwin Maung
Wai Yan Maung
Myo Thawdar Mon
Aung Kaung Myat
Shine Bhone Myat
Kaung Myat Naing
Su Myat Thazin Naing
Thu Myat Naing
Zaw Wint Htet Naung
Zun Wai Nwe
Aung Ngwei Oo
Eaindra Oo
Hein Htet Oo
Linn Thet Oo
Lwin Moe Oo
Sai Zaw Moe Oo
Wai Yan Oo
Phyu Phyu Paing
Pyae Phyo Paing
Aung Hein Phyo
Win Ko Ko Phyo
Zin Pwint Phyu
Nang Hnin Pwint
Min Aung Pyae Sone
Kaung Htet San
Aung Kaung San
L Hlu Seng
Aung Paing Soe
Kyaw Thu Ya Soe
Su Pyae Sone
Kaung Htet Thar
Khant Kyi Thar
Aung Phone Myat Thein
Paw Min Thein
Khine Khine Thin
Pwint Myat Thu
Saw Aung Thu
Ye Myat Thu
Nyan Lin Tun
Nyein Thu Thu Tun
Soe Wunna Tun
Vesta
Hnin Ou Wai
Ye Thu Wai
Aung Kyaw Swar Win
Cho Zin Win
Su Yee Win
Thida Ye Win
Zaw Naing Win
Phue Ngon Thant Zin

အောင်မြင်ခဲ့ပြီးသော ကျောင်းသားကျောင်းသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန်အတွက် VUC ကျောင်းသားရေးရာဌာန (VUC MMB Campus - 383132, 383133) သို့ ဆက်သွယ်ရပါမည်။

Nov 18 ရက်နေ့တွင် ကျင်းပမည့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် University of Wolverhampton မှ Pro Vice Chancellor ကိုယ်တိုင် ချီးမြှင့်ပေးအပ်ပါမည်။

## ဒေါ်လှလှ

**အသက်(၈၆)နှစ်**

**တောင်ကုတ်မြို့**

ရခိုင်ပြည်နယ်၊တောင်ကုတ်မြို့နေ [ဦးမောင်သန့်(အငြိမ်းစား ကျောင်းအုပ်ဆရာကြီး)]၏ ဇနီး၊ ဦးမြင့်အောင်-ဒေါ်ခင် စန်းမူ၊ ဗိုလ်မှူးအောင်ဝင်း(ငြိမ်း)-ဒေါ်သီတာထွန်း၊ ဦးဓမ္မသာရ၊ ဒေါ်မြင့်မြင့်ဝင်း (လယ်/ပြ၊ အလက၊ ကျောက်တံတား)-ဦးအောင်နိုင် (ခေတ္တ-ကိုရီးယား)၊ ဒေါ်မြင့်မြင့်သက် (သစ်တောဦးစီးရုံးချုပ်၊ နေပြည်တော်)၊ ဦးစန်းဝေတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား ဒေါ်လှလှသည် ၅-၁၁-၂၀၁၉ ရက် ည ၁၀:၄၈ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၆-၁၁-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကျင် (ပျော်ဘွယ်)

**အသက်(၉၃)နှစ်**

ဦးချစ်ကိုဇော်-ဒေါ်နီလာစိုး(မမိုး) (တက်နေလင်း-စက္ကူစက်)တို့၏မိခင်ကြီး ဒေါ်ကျင်သည် ၅-၁၁-၂၀၁၉ (အင်္ဂါနေ့) ညနေ ၅:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သုံးပန်လှ-Cafe & Restaurant**
**မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကျင် (ပျော်ဘွယ်)

**အသက်(၉၃)နှစ်**

ဦးချစ်ကိုဇော်-ဒေါ်နီလာစိုး(မမိုး) (တက်နေလင်း-စက္ကူစက်)တို့၏မိခင်ကြီး ဒေါ်ကျင်သည် ၅-၁၁-၂၀၁၉ (အင်္ဂါနေ့) ညနေ ၅:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**1985-93 ဥပဒေဘွဲ့ရ**
**သူငယ်ချင်းများ**

### ဝမ်းနည်းကြေကွဲခြင်း

## ဦးစော (တိုင်းပညာရေးမှူး၊ စစ်ဆေးရေး၊ ငြိမ်း)

**အသက် (၈၇)နှစ်**

ဒေါက်တာအောင်အောင်မင်း (တာဝန်ခံပါမောက္ခချုပ်၊ ပြည်တက္ကသိုလ်)၏ဖခင် ဦးစော (တိုင်းပညာရေးမှူး၊ စစ်ဆေးရေး၊ ငြိမ်း) အသက် (၈၇)နှစ်သည် ၅-၁၁-၂၀၁၉ ရက် နံနက် ၅:၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အဆင့်မြင့်ပညာဦးစီးဌာန**
**(နေပြည်တော်)မိသားစု**

### ဝမ်းနည်းကြေကွဲခြင်း

## ဦးဘမြင့် (ဆင်ပေါင်ဝဲ)

**အသက် (၈၂)နှစ်**

**စက်ရုံမှူး(ငြိမ်း)၊ အုန်းဆံ/ဂုန်လျှော်**
**ဥက္ကဋ္ဌ၊ မရမ်းကုန်းမြို့နယ်၊ သမဝါယမအသင်းစု**

ဦးညီညီ (Director of Managenment) Hotel Shwe Pyi Thar, Mandalay ၏ ဖခင်ဖြစ်သူ ဦးဘမြင့် (ဆင်ပေါင်ဝဲ) အသက် (၈၂)နှစ်သည် ၂-၁၁-၂၀၁၉ ရက် နံနက် ၇:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**CEO နှင့် Hotel Shwe Pyi Thar**
**ဝန်ထမ်းမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာထွန်းလွင်

**ညွှန်ကြားရေးမှူးချုပ်၊ မိုး/ဇလ ဌာန (ငြိမ်း)**

**အသက် (၇၂)နှစ်**

ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် (၅/၉၉)နှစ်မှ သူငယ်ချင်း ဒေါက်တာမြတ်စုထွန်းလွင်၏ ဖခင်ဖြစ်သူ ဒေါက်တာထွန်းလွင် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန) အသက် (၇၂)နှစ်သည် ၄-၁၁-၂၀၁၉ (တနင်္လာနေ့) ညနေ ၆:၅၇ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**
**(၅/၉၉)ကျောင်းသား/ကျောင်းသူဟောင်းများ**

## တောမဲ့ မြေသား ရေ တိုက်စား၏

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**သီတာရေစင်မိသားစု၏ မိခင်ကြီး**

## ဒေါ်မြသွင် (စစ်ကွင်းမြို့)

**အသက်(၇၉)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ စစ်ကွင်းမြို့နေ (ဦးကျော်ရှိန်-ဒေါ်မြနု)တို့၏ သမီးကြီး၊ (ဦးမောင်ခင်-ဒေါ်အေးသွယ်)တို့၏ သမီးချွေးမ၊ သီတာရေစင်မိသားစု၏ဖခင်ကြီး၊ (ဦးကြိုင်)၏ ချစ်လှစွာသောဇနီး၊ မင်းလှမြို့နေ ဦးဆန်နီ-ဒေါ်မြကြည်၊ စစ်ကွင်းမြို့နေ ဦးမြသောင်း-ဒေါ်စန်းမြင့်၊ ပဲနွယ်ကုန်းမြို့နေ ဦးစိန်ဝင်း-ဒေါ်သိန်းသိန်းမြင့်တို့၏ အစ်မကြီး၊ နတ်တလင်းမြို့၊ ရွာမရပ်ကွက်၊ သစ္စာလမ်းနေ ဦးအောင်ဝင်း-ဒေါ်အေးအေးမော်၊ ရန်ကုန်မြို့နေ ဦးဇော်လွင်ဦး-ဒေါ်ခင်ခင်ချို၊ မင်းလှမြို့နေ ဦးခိုင်ဇော်ဦး-ဒေါ်ခင်အေးလွင်၊ နတ်တလင်းမြို့၊ ရွာမရပ်ကွက်၊ သစ္စာလမ်းနေ ဦးအောင်ကျော်မြင့်-ဒေါ်သီတာ၊ ဦးညီညီဇော်-ဒေါ်အိအိခိုင်၊ ကိုအောင်ဇော်လင်း-မသိမ့်ဇာခြည်အောင်တို့၏ မိခင်ကြီး၊ ကိုသန်းဇော်ဦး-မနီနီမြင့်၊ ကိုအောင်ငြိမ်းချမ်း-မခင်သန္တာအောင်၊ မောင်နိုင်မိုးဇော်-မဝေဝေထွန်း၊ ကိုမင်းသက်ခိုင်-မရတီပွင့်ဝေ၊ မောင်အောင်ချမ်းမြေ့၊ မမိုးပြည့်စုံခင်၊ မောင်ဖွဲ့သူရဝင်း၊ မခင်သီရိခေတ်၊ မောင်သူရဇော်ထွန်း၊ မောင်ပြည့်စုံကို-မစုမွန်ဇော်၊ မောင်လမင်း၊ မောင်အောင်ကောင်းမြတ်တို့၏အဘွား၊ မောင်သန်းထိုက်အောင်၊ မောင်ဉာဏ်ပိုင်ထွန်း၊ မောင်အောင်မြင့်မြတ်၊ မသွန်းရတီမိုး၊ မရွှန်းပြည့်ဝတီကြိုင်တို့၏ ဘွားဘွားကြီး ဒေါ်မြသွင်သည် ၅-၁၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇:၄၅ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် နတ်တလင်းမြို့၊ အနောက်ပေါက်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၆ နာရီမှ ၉နာရီ အထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် အနယ်နယ်အရပ်ရပ်မှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား မိသားစုနှင့်အတူ ကုသိုလ်ပြု တရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယိကာမကြီး**

## ဒေါ်ထွားကြည် (၉၁)နှစ်

မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း(MRPDA) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ ရန်ကုန်တိုင်းဒေသကြီး(ရုံးခွဲ)ဥက္ကဋ္ဌ ဗိုလ်ကြီးသိန်းလွင်(ငြိမ်း)၏ မိခင်ဖြစ်သူသည် ၅-၁၁-၂၀၁၉ ရက် နံနက် ၀၀:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း**
**ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ**

### ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယိကာမကြီး**

## ဒေါ်ထွားကြည် (၉၁)နှစ်

မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း(MRPDA) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ ရန်ကုန်တိုင်းဒေသကြီး(ရုံးခွဲ)ဥက္ကဋ္ဌ ဗိုလ်ကြီးသိန်းလွင်(ငြိမ်း)၏ မိခင်ဖြစ်သူသည် ၅-၁၁-၂၀၁၉ ရက် နံနက် ၀၀:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း**
**ရန်ကုန်တိုင်းအလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းသူ/အသင်းသားများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဒေါက်တာ ဇော်မင်း၏ ချစ်လှစွာသောမိခင် ဒေါ်သန်းသန်းဌေး အသက်(၇၈)နှစ်သည် ၂၉-၁၀-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**16th Batch B.D.S မှ**
**သွားဘက်ဆိုင်ရာဆရာဝန်များ**

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်မျိုးအေး (ခ) Violette

**အသက် (၇၇)နှစ်**

ဒေါ်လှသက်ထားအေး၏ ချစ်လှစွာသောမိခင် ဒေါ်တင်မျိုးအေး(ခ) Violette သည် ၁-၁၁-၂၀၁၉ ရက်နေ့ ည ၁၀:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းတို့ မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**LD90 (1998) Batch မှ သူငယ်ချင်းများ**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

### ဝမ်းနည်းကြေကွဲခြင်း

## Capt: တင်မောင်ဆွေ

**အသက် (၆၈)နှစ်**

(ဒေါ်ခင်စန်းရည်)၏ ခင်ပွန်းဖြစ်သူ Capt: တင်မောင်ဆွေ CD-5/၁၉၇၃ သည် ၂၄-၁၀-၂၀၁၉ ရက်နေ့ ညတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကုန်သွယ်ရေကြောင်း အရာရှိလောင်း**
**သင်တန်းဆင်းအရာရှိများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## Dr.ထွန်းလွင်

**CEO, MCCW**

**ညွှန်ကြားရေးမှူးချုပ်၊ မိုး/ဇလဌာန(ငြိမ်း)**

**အသက်(၇၂)နှစ်**

ဒေါ်မူမူသန်း၏ခင်ပွန်း ချစ်ခင်လေးစားရပါသော မိုးလေဝသပညာရှင်ကြီး ဒေါက်တာထွန်းလွင်သည် ၄-၁၁-၂၀၁၉ (တနင်္လာနေ့) ညနေ ၆:၅၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Capt.ဖေကြိုင်၊ Capt.စိုးပိုင်၊ Capt.တင့်လွင်**
**Capt.ဉာဏ်ဝင်းဆွေ၊ Capt.ကျော်မြင့်နှင့် မိသားစုများ**

**ဘုရား၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ရေကန်**
**ရဟန်းမယ်တော်၊ သီလရှင်မယ်တော်ကြီး**

## ဒေါ်ကျင် (ပျော်ဘွယ်)

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ အောင်ဓမ္မရိပ်သာလမ်း၊ အမှတ်(၂၂)နေ (ဦးပန်ကင်ချောင်း-ဒေါ်ငွေ)တို့၏ သမီး၊ (ဦးမောင်မောင်)၏ ဇနီး၊ (ဦးသိန်းမြင့်)-ဒေါ်ခင်ခင်စိုး၊ ဦးမောင်မောင်ကြီး-ဒေါ်ခင်လှလှ၊ ဦးနေတင်-ဒေါ်ရီရီစိုး၊ ဦးကျော်မြင့်-ဒေါ်သီတာစိုး၊ ဦးချစ်ကိုဇော်-ဒေါ်နီလာစိုး(မိုးမိုး)၊ ဦးညီညီအောင်-ဒေါ်အိအိထွေးတို့၏ ချစ်လှစွာသောမွေးသမိခင်၊ မြေး ၁၁ ယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၅-၁၁-၂၀၁၉ (အင်္ဂါနေ့) ညနေ ၅:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ရေဝေးဖုကျင့်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၁၉ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ကြူ

**အသက်(၇၃)နှစ်**

**(မော်လမြိုင်)**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City၊ ကန်ရိပ်သာ (၃)လမ်း၊ အမှတ်(L/၄၄)နေ [ဦးစင်ခဲအိန်(ခ)ဦးသိန်းထွန်း-ဒေါ်အေးခင်(ခ)ဒေါ်ဂျာ]တို့၏ သမီးကြီး၊ ဦးကျော်မြင့်၏ ဇနီး၊ (ဦးစိန်ကြူ)-ဒေါ်အေးအေးခိုင်၊ ဦးစိန်ဟုတ်-ဒေါ်စိန်စိန်ငွေး၊ ဦးစိန်ဝမ်း-ဒေါ်မဥ္စူထွန်းတို့၏ အစ်မ၊ ဦးဗညားစန်း-ဒေါ်သက်သက်ဆွေ၊ ဦးဉာဏ်ဖြိုး-မမီးမီးတို့၏ မိခင်၊ မိကောင်းမွန်စန်း၊ မောင်ကောင်းလဝီစန်း၊ မအိရှန်းလဲ့ဖြိုး၊ မဖြူစင်ဖြိုးတို့၏ အဘွားသည် ၆-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၁၀ နာရီတွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## ဦးဆောင်ဇတွောင် (Gualnambeh)

**ခရိုင်ဦးစီးအရာရှိ(ငြိမ်း)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**အသက်(၆၅)နှစ်**

အမေရိကန်နိုင်ငံ Kentucky State. Bowling Green. Miurfield Circle. House No-615 နေ (Pu A Cin Nang-Pi Luai Ciin)တို့၏ သုံးယောက်မြောက်သား၊ (Pu Tun Za Tuang)-Pi Luan Kho Pau(Kalay)တို့၏ သားသမက်၊ Pi Ciang Za Dim-(Pu Khan Za Go)(Kalay)၊ Pi Cing Kho Man-Pu Cin Za Gin(USA),Pi Ning Za Kum၊ Pu Tual Za En (Tedim),(Pi Dam Kho Cing)-Pu Sian Kho Pau (Tedim), (Pu Dam Khan Lian)-Pi Nian Za Dim(Leilum), Pi Ciin Za Cing-Pu Lang Khan Thang (Tedirn), Pu Gin Kho Khai-Pi Zen Ngaih Hau (Yangon)တို့၏ ညီ/မောင်၊ Pu Lang Khan Mung-Pi Khup Hau Niang (Tedim) တို့၏အစ်ကို၊ Pa Nang Khawm Thang (Production Supervisor, Tyson Fonds Inc.)-Nu Dim Muan Huai (USA), Nu Ciin Theih Kim (Staff Nurse, Kalay)-Rev.Dr.Lang Khan Khai (ZBCM-Kalay), Pa Tuang Sian Khai-Nu Lun Khan Nuam (USA)တို့၏ မွေးသဖခင်၊ Tg.Tuang Sung Lian, Tg.Pau Sian Sang, Tg. Hau Nun Siang, Tg.Tuang Hilh Mung, Lia Niang Lun Vung, Lia Hau Sian Pal, Tg.Pau Hau Let မြေးခုနစ်ယောက်တို့၏ အဘိုး၊ PICIIN KHAW HAU(USA)၏ ချစ်လှစွာသောခင်ပွန်း၊ PU SONG ZA TUANG သည် ၃၁-၁၀-၂၀၁၉ ရက်နေ့ အမေရိကန်စံတော်ချိန် ညနေ ၄:၃၀ နာရီတွင် အမေရိကန်နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၉-၁၁-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် J.C Kirby & Son Funeral Chapel, Bowling Green Ky. USA ၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ကြောင်း အောက်မေ့ဖွယ်အခမ်းအနားကို စစ်ကိုင်းတိုင်း၊ ကလေးမြို့၊ သဇင်ရပ်ကွက်(၄)၊ အမှတ်(၁၄/က) နေအိမ်၌ ၁၁-၁၁-၂၀၁၉ ရက် ညနေ ၃ နာရီတွင်လည်းကောင်း၊ ချင်းပြည်နယ်၊ တီးတိန်မြို့၊ Leilum ရပ်ကွက်၊ ဦးဒမ်ခန့်လျန်း၏ နေအိမ်၌ ၉-၁၁-၂၀၁၉ ရက် ညနေ ၃ နာရီတွင်လည်းကောင်း ပြုလုပ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကြီးမြန် သစ်ပင် စိုက်ပျိုး လျှင် စွမ်းအင် လည်းရ ပြည်လည်း လှ

### ဝမ်းနည်းကြေကွဲခြင်း

## ဦးစော (တိုင်းပညာရေးမှူး၊ စစ်ဆေးရေး၊ ငြိမ်း)

**အသက် (၈၇)နှစ်**

ဒေါက်တာအောင်အောင်မင်း (တာဝန်ခံပါမောက္ခချုပ်၊ ပြည်တက္ကသိုလ်)၏ဖခင် ဦးစော (တိုင်းပညာရေးမှူး၊ စစ်ဆေးရေး၊ ငြိမ်း) အသက် (၈၇)နှစ်သည် ၅-၁၁-၂၀၁၉ ရက် နံနက် ၅:၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အဆင့်မြင့်ပညာဦးစီးဌာန**
**(ဆရာအတတ်)မိသားစု**

### ဝမ်းနည်းကြေကွဲခြင်း

## ဦးစော

**B.A.Ed, B,Ed**

**တိုင်းပညာရေးမှူး၊ စစ်ဆေးရေး(ငြိမ်း)**

**အသက် (၈၇) နှစ်**

သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်၏ဖခင် ဦးစော (အငြိမ်းစားတိုင်းပညာရေးမှူး၊ စစ်ဆေးရေး)သည် ၅-၁၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၅:၃၀ နာရီတွင် နေပြည်တော် နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ခေတ္တပါမောက္ခချုပ်၊ ဆရာ/ဆရာမများ**
**နှင့် ဝန်ထမ်းမိသားစု**
**သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ ရေဆင်း**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ဝင်း

**အသက်(၇၅)နှစ်**

**တိုင်းရင်းဆေးပညာဦးစီးဌာန(ငြိမ်း)**

**ရန်ကုန်မြို့**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုလက်မှု(၃)လမ်း၊ ခြံအမှတ် (၁၀၁/ဘီ)နေ [ဦးခင်မောင်(အငြိမ်းစားရဲမင်းကြီး)-ဒေါ်ရီရီ(ပျဉ်းမနား)]တို့၏ သမီးကြီး၊ သီဟသူရ ဦးသိန်းထွန်းတင်(အကောက်ခွန်-ငြိမ်း)-ဒေါ်အမာသင်း၊ ဗိုလ်မှူးခင်မောင်ရီ(ငြိမ်း)-(ဒေါ်နုနုယဉ်)၊ ဦးမြင့်သန်း-ဒေါ်ခင်မာရီ (မိုးမြင့်နန္ဒာပုံနှိပ်တိုက်)၊ ဦးသိန်းဇော်တို့၏ ချစ်လှစွာသောအစ်မကြီး ဒေါ်ခင်ဝင်းသည် ၆-၁၁-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ဝင်း

**အသက်(၇၅)နှစ်**

**တိုင်းရင်းဆေးပညာဦးစီးဌာန(ငြိမ်း)**

**ရန်ကုန်မြို့**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုလက်မှု(၃)လမ်း၊ ခြံအမှတ်(၁၀၁/ဘီ)နေ (ဦးခင်မောင်(အငြိမ်းစားရဲမင်းကြီး)-ဒေါ်ရီရီ (ပျဉ်းမနား))တို့၏ သမီးကြီး၊ သီတဂူ ဦးမောင်မောင်စိ (မြန်မာ့လေကြောင်း-ငြိမ်း)၏ ချစ်ဇနီး၊ ဒေါ်ဝါဝါခင် (Air Thanlwin)၊ ဒေါ်လဲ့ဝင်းအိ(YAG)၊ ဦးကျော်ဇေယျ (MAI-IFCS)-ဒေါ်ထူးထူးထိုက်စံ(i-Land)၊ (ဒု-လေယာဉ်မှူး ဦးကျော်သူရ)တို့၏ ချစ်လှစွာသော မိခင်ကြီး၊ မချမ်းမြေ့ရတနာကျော်(ဒဂုံ-၁)၏ ချစ်လှစွာသောအဘွား ဒေါ်ခင်ဝင်းသည် ၆-၁၁-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးထိန်ဝင်း

**အသက်(၅၉)နှစ်**

ရန်ကင်းမြို့နယ်၊ ကံဘဲ့စည်ပင်ဝင်း၊ တိုက်(ဘီ-၅)၊ အခန်း(၁၀၅)နေ (ဦးတင်လှိုင်-ဒေါ်ခင်မြင့်)တို့၏ သားကြီး၊ ဒေါ်သန်းသန်းငွေ (မြန်မာစာဌာန-ငြိမ်း)၊ ဒေါ်သန်းသန်းအေး၊ ဒေါ်လှလှသိန်း (အလက-၁၊ ပန်းဘဲတန်း၊ ငြိမ်း)တို့၏ မောင်၊ ဦးသန်းဝင်း-ဒေါ်ငွေငွေကြွယ်(ခ)ဒေါ်စု၊ (ဦးရဲထွဋ်-ဒေါ်သီတာဦး)၊ ဒေါ်သန်းမြ (ယာ/အုံ စည်ပင်)၊ ဦးတင်ဦး-ဒေါ်ချို့နွယ်ဦး၊ ဦးမျိုးပိုင် (ရေ/သန့်၊ စည်ပင်)တို့၏ အစ်ကိုကြီး၊ ဦးစိုးမင်းထွန်း[အ-ထ-က(ခွဲ) အောင်သာ၊ နေပြည်တော်]-ဒေါ်ဝင့်ဝါဝါလှိုင်(YEC)၊ ဒုဗိုလ်ဟိဏ်းသော်ဇင်ဆက်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ ဦးအောင်ဟိဏ်း-ဒေါ်အေးသန္တာလတ်(ILBC)၊ ဒေါ်ဖြိုးဇင်ဝင်း၊ ကိုကောင်းခန့်ပိုင်၊ မောင်မြတ်ဘုန်းခန့်တို့၏ ချစ်လှစွာသောဘကြီး ဦးထိန်ဝင်းသည် ၅-၁၁-၂၀၁၉ ရက် ည ၈:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမိုးညွန့် (လျှပ်စစ်အင်ဂျင်နီယာ EE-ငြိမ်း)

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့နေ (ဦးမောင်မောင်ကြီး-ဒေါ်ညွန့်ညွန့်)တို့၏ သား၊ (ဒေါ်မော်လီ)၊ ဒေါ်ဒေါ်လီ၊ ဒေါ်အေးမြခင်၊ (ဦးခင်)၊ (ဒေါ်ခင်စန်းရီ)၊ ဦးခင်မောင်တို့၏ မောင်၊ (ဒေါက်တာအုန်းကျော်-ဒေါ်ခင်မမ)၊ (ဦးဂျော့ဘာကျော်ဂီ)၊ (ဒေါ်အေမီ)၊ ဒေါက်တာညွန့်ဝင်း(ဓာတုဗေဒပါမောက္ခ-ငြိမ်း)၊ ဒေါက်တာခင်မာထွန်း(ပါမောက္ခ-ဓာတုဗေဒ-ငြိမ်း)၊ ဦးမျိုးညွန့်-ဒေါ်ခင်မျိုးတို့၏ အစ်ကို၊ တူ/တူမ ၁၈ ယောက်တို့၏ ဦးလေးသည် ၅-၁၁-၂၀၁၉ ရက် ည ၁၀:၂၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၁၉ ရက်တွင် အမှတ်(၄၃၄)၊ (၁၅)လမ်း၊ (၃)ရပ်ကွက်၊ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဒေါ်အုန်းကြည် (၈၆)နှစ်

**(ကျောင်းအုပ်ဆရာမကြီး-ငြိမ်း၊ အထက-၁၊ မ/ဥက္ကလာ)**

**ဓနီကုန်း(အထက)၊ ဖျာပုံ(ထ-၁)၊ တာမွေ(ထ-၂)၊ မော်လမြိုင်(ထ-၃)၊ ထခွဲ(မဲပလီ)(ထန်းတပင်)၊ (အလက-၄)မရမ်းကုန်း**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်း၊ ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းတိုက်ခန်း၊ တိုက်(၁)၊ အခန်း(၅၀၁)၊ ငါးလွှာနေ (ဦးအောင်ငြိမ်း-ဒေါ်လှလှ)တို့၏ သမီး၊ မကြည်ကြည်ဆိုင်(ငါးလုပ်ငန်းဦးစီးဌာနကြို့ကုန်းအင်းစိန်)၊ (မောင်မျိုးဆိုင်)၊ မတင်မာဆိုင်၊ မလွင်မာဆိုင်(တွဲဖက်ပါမောက္ခ ပြည်တက္ကသိုလ်)၊ (မောင်မျိုးထွေးဆိုင်)တို့၏ မိခင်၊ (ဦးချစ်ဆိုင်) (မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ သာကေတ)၏ ဇနီးသည် ၅-၁၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၆:၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၇-၁၁-၂၀၁၉(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (အထက-၁၊ မြောက်ဥက္ကလာပ ကျောင်းမှကားများ နံနက် ၈:၄၅ နာရီတွင် ထွက်ပါမည်။)[ခရစ်ယာန်ထုံးထမ်းစဉ်လာ အောက်မေ့ဖွယ်ဆုတောင်းပွဲကို ၇-၁၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ ပြုလုပ်မည်ဖြစ်ပါ၍ မိတ်ဆွေများပါဝင်နိုင်ရန်နှင့် ၎င်းအားရည်စူး၍ မိသားစုနေအိမ်၌ ၁၁-၁၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ ပြုလုပ်သော ရက်လည်အလှူအား ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

## ဦးရဲအောင်(ခ)ရဲကြီး

**အသက်(၄၉)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၉၃)၊ ကုက္ကိုလမ်း၊ သီတာရပ်ကွက်နေ (ဦးပြုး)-ဒေါ်ညိမ်းရှင်တို့၏ တတိယသား၊ ကျောက်ပန်းတောင်းမြို့နယ်၊ အမြောင်ကန်ကျေးရွာနေ (ဦးအုံးမောင်-ဒေါ်ငွေကျော့)တို့၏ သားသမက်၊ ဒေါက်တာဦးစိုးမင်းထွန်း-ဒေါ်ခင်မျိုးညွန့်၊ ဦးဇော်နိုင်လင်းတို့၏ ချစ်လှစွာသောညီ၊ ကိုမျိုးမင်း၊ မကျော့ကျော့မေတို့၏ ချစ်လှစွာသောအစ်ကို၊ ဒေါ်သိန်းသိန်းအေး(ခ)ဒေါ်သန်းသန်းဆွေ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်စျာန်ရဲရင့်၊ မဖူးမြတ်သွယ်တို့၏ ချစ်လှစွာသောဖခင် ဦးရဲအောင်သည် ၅-၁၁-၂၀၁၉ ရက် နံနက် ၁၁:၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၁၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှလှဝင်း

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)**

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မီးဒုံးလမ်းသွယ်(၁)၊ တိုက် (၁၀၇)၊ အခန်း(၁)နေ (ဦးအောင်ဖေ-ဒေါ်သိန်း)တို့၏ သမီး၊ (ဦးကြည်ဝင်း)၏ ညီမ၊ (ဦးတင်ဝင်း)-ဒေါ်စန်းစန်းငွေတို့၏ အစ်မ၊ မောင်စိုးဝင်း(Hanstic Shipping Management)-မမိုးဇင်အောင် (အမက-၈၊ မူလွန်သဃ်္ဃန်းကျွန်း)၊ စိုင်းအောင်ကိုလတ် (Chief Officer-Sun Far Marine)-မယဉ်သွယ်အေး(S&Y Fashion and Tailoring)တို့၏ ကြီးတော်၊ နန်းချမ်းမြတ်ကို (ပညာနန်းတော်)၊ စိုင်းလင်းထက်ကို (Future Star Pre School)တို့၏ အဘွားသည် ၅-၁၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးလှရွှေ (ဒုရဲအုပ်-အပတ်စဉ်-၁၆)

**အသက်(၆၆)နှစ်**

**မြေပုံမြို့၊ ကျောက်ဖြူမြို့**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နေ (ဦးအောင်ထွန်းကျော်၊ ဒေါ်ဖြူမ)တို့၏ သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အုန်းပင်လမ်းအနောက်လမ်း၊ အမှတ်(၁၇/၄ခ)နေ (ဦးလှဖေ-ဒေါ်ခင်သိုက်)တို့၏ သားသမက်၊ ဒေါ်စုစု (ဗုဒ္ဓဘာသာအသင်းချုပ်နှင့် ရှင်သာမနေသာသနာ့ဝန်ဆောင်အဖွဲ့)၏ ခင်ပွန်း၊ ညီအစ်ကို မောင်နှမခုနစ်ယောက်တို့၏ ညီ/မောင်၊ မမေပွင့်ဖြူ (PSI Myanmar/Top Ygn)-ကိုနိုင်ထွန်း၊ ကိုထွန်းအောင်ခိုင်(Huawei Technology Ygn)-မခိုင်ပြည့်စုံဦး (Tu-Hmowbi)တို့၏ ဖခင်၊ မြေးလေးယောက် တို့၏ အဘိုးသည် ၆-၁၁-၂၀၁၉ ရက် နံနက် ၁:၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၁-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည် ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## SMT.SAMGEETA DUBE (ခ) ဒေါ်တင်တင်အေး

**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်(၁၂၁)နေ [ဦးR.C PANDEY(ခ)ဦးအောင်စိန်-ဒေါ်ရှီလာ]တို့၏ သမီးဦး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အောင်သစ္စာလမ်း၊ အမှတ်(၂၆၆)နေ (ဦးOM KAR DUBE)-ဒေါ် VIJAY LAXSHAMI DEVI တို့၏ သမီးချွေးမ၊ မောင်ဝီရှနူးတီဝါရီ(ခ)မောင်ဇော်မျိုးထွန်း-မဟေမာတီဝါရီ(ခ)မဝင်းနန္ဒာ၊ မောင်အာကာရှ်ဒူးဘေး(ခ)မောင်ကျော်ဇေယျ၊ မောင်ဝီရှားဒူးဘေး(ခ) မောင်အောင်ဇေယျတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ PANDIT VINND DUBE(ခ) ဦးလှမောင်၏ ချစ်လှစွာသောဇနီး SMT.SAMGEETA DUBE (ခ) ဒေါ်တင်တင်အေးသည် ၆-၁၁-၂၀၁၉ ရက် ညနေ ၃:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးဟိန္ဒူသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အောင်သစ္စာလမ်း နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## မပြည့်ဝေသျှန်

**အသက်(၁၅)နှစ်**

**နဝမတန်း၊ အထက-၁၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း(အရှေ့)ရပ်ကွက်၊ မလွှကုန်းလမ်း၊ အမှတ်(၆၀)နေ (ဦးထွန်းတင်-ဒေါ်တင်အုန်း)တို့၏ မြေး၊ ဦးကျော်ဆန်း-ဒေါ်မဋ္ဌုလွင်တို့၏ ချစ်လှစွာသောသမီး၊ ဦးဟန်ညွန့်-ဒေါ်မြင့်မြင့်သန်း၊ ဒေါ်ခင်အေးမြင့်၊ ဦးကျော်ငွေ၊ ဦးစောထွန်း-ဒေါ်ဇင်မာဝင်း၊ ဦးဝင်းကျော်စွာထွန်း-ဒေါ်ဝင်းသူဇာလွင်တို့၏ ချစ်လှစွာသောတူမလေး၊ မဖြူကြည်ဟန်ညွန့်၊ မမွန်မွန်ကျော်၊ မောင်ဖြိုးဟန်မြင့်၊ မဝင်းရွှေရည်၊ မောင်ပြည့်ဟိန်းထက်-မသူဇာဝင်း၊ မောင်ကျော်ဘိုဘိုထူးတို့၏ ညီမ၊ မောင်ဘုန်းသန့်ကျော်၊ မောင်ပိုင်စောထွန်းတို့၏ ချစ်လှစွာသာ အစ်မ မပြည့်ဝေသျှန်သည် ၅-၁၁-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃:၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန် သူအားရည်စူး၍ ၁၁-၁၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## မပြည့်ဝေသျှန်

**အသက်(၁၅)နှစ်**

**နဝမတန်း၊ အထက-၁၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့**

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ရွှေကျောင်းကျေးရွာနေ (ဦးပေါသန်း-ဒေါ်ချင်းမ)တို့၏ မြေး၊ ဦးလှတိုး-ဒေါ်ခင်မာချို၊ (ဦးမြစိုး)-ဒေါ်ခင်မာအေး၊ ဦးတိုးဦး-ဒေါ်ယဉ်ငွေ၊ ဒေါ်စန်းငွေ၊ ဦးကျော်ဝင်း-မသန်းသန်းစိုးတို့၏ တူမ၊ မအိမွန်ဖြိုး၏ ညီမ၊ မဖူးဖူးသန့်၊ မမြတ်ဆုမွန်တို့၏အစ်မ မပြည့်ဝေသျှန်သည် ၅-၁၁-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃:၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန် သူအားရည်စူး၍ ၁၁-၁၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်မေနီ

**အသက်(၉၀)**

**Brisbane, Australia**

ICS (ဦးကျော်ခိုင်-ဒေါ်သာနုဖြူ)တို့၏ သမီးကြီး၊ Australiaနိုင်ငံ Brisbane မြို့နေ (ဦးဘလှအောင်)၏ ဇနီး၊ ဒေါ်မေအောင်၊ ဒေါ်မဋ္ဌုအောင်၊ ဦးကျော်ထွန်းအောင်(ခ)Terrell၊ ဦးကျော်ဇံအောင်(ခ)Bobby၊ ဒေါ်မိမိ၊ ဒေါ်မာလာတို့၏မိခင် ဒေါ်မေနီသည် ၃၀-၁၀-၂၀၁၉ ရက်တွင် Australia နိုင်ငံ Brisbane မြို့၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၉ ရက်တွင် Brisbane မြို့၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်ကြည် (မော်လမြိုင်အသင်းနာယက) (၈၅)နှစ်

**ညောင်ပင်ဆိပ်၊ မော်လမြိုင်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်လမ်း၊ တိုက်(၂၅၃)၊ အခန်း(၂)နေ (ဦးနေဝင်း-ဒေါ်ငွေကျင်)တို့၏သမီး၊ (ဦးစံလွင်)၊(ဒေါ်မြညွန့်)၊(ဦးတင်ထွန်း)-ဒေါ်ရွှေရွှေကြည်တို့၏ ညီမ၊ (ဦးမောင်မောင်သန်း)၏ ဇနီး၊ ဦးအောင်ကျော်ဆင့်-ဒေါ်တင်တင်စိန်၊ ဦးကျော်ထွန်း-ဒေါ်ခင်ခင်မြ၊ ဦးညွန့်ဟန်-(ဒေါ်လှလှငွေ)၊ (ဦးမျိုးညွန့်)-ဒေါ်တင်လှလှဝင်းတို့၏ မိခင်၊ မဆုလဲ့ဖြူ၊ မောင်ဖေသက်တင်၊ မောင်ဖေသက်ခင်၊ မောင်ကျော်နန္ဒတို့၏ အဘွားသည် ၆-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၉(သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြအေး(ခ)တန်ကင်ကက်

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ ဌာနာရပ်ကွက်၊ တိုက်အမှတ်(၂၉၅)၊ ငါးလွှာနေ (ဦးကျန်စိန်-ဒေါ်ရှောင်ဟိုး)တို့၏ သမီး၊ (ဦးအောင်ပန်း)၏ ချစ်လှစွာသောဇနီး၊ ဦးတိုးဝင်း-ဒေါ်သီတာ၊ (ဦးဝင်းအောင်)-ဒေါ်မိုးသင်းခိုင်၊ ဦးသိန်းထွန်းအောင်-ဒေါ်အေးမိုးခိုင်(U.S.A)၊ ဦးအောင်သိန်းဝင်း-ဒေါ်တင်တင်ချိုတို့၏ မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၄-၁၁-၂၀၁၉ ရက် မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၉ ရက် နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်လှလှထူး(ဆိဆိဖိုး)

**အသက် (၆၉)နှစ်**

**အလပြ(ငြိမ်း)**

**အလက(၄)၊ ကြည့်မြင်တိုင်**

အမှတ် (၆၅၃)၊ တပ်ကြီးကုန်း၊ မော်ဘီမြို့နေ (ဗိုလ်ကြီးစောသွယ်ထူး-ငြိမ်း)-ဒေါ်ဒိန်းထီတို့၏ သမီးလတ်၊ ဒုဗိုလ်မှူးကြီးသန်းထွန်း(ငြိမ်း)-ဒေါ်မေမေထူးတို့၏ ညီမ၊ (ဦးစောသီထူး-ဒေါ်မူးသာ)၊ ဦးယျထူး-ဒေါ်စူစံထူး၊ (ဦးစောလှမိုးထူး)၊ (ဦးတိုင်ထွဋ်တင်)-ဒေါက်တာသီတာထူး (ပါမောက္ခ၊ ရုက္ခဗေဒ၊ EYU)၊ ဦးစောပြည့်စုံထူး-နော်မေသူစန်းတို့၏ အစ်မ၊ (ဦးလှမောင်ထွန်း)၏ ဇနီး၊ စောဒင်နီရယ်ထွန်း-နန်းလှိုင်၊ နော်မေပုလဲထူး၊ ဦးစိုးမင်းသိန်း-နန်းအိအိထူးတို့၏ မိခင်၊ တူ/တူမ ၁၀ ယောက်တို့၏ အဒေါ်၊ မြေးသုံးယောက်တို့၏ အဘွားသည် ၆-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၂၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၁၁-၂၀၁၉ (သောကြာနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်၌ ဘုရားဝတ်ပြုပြီး မော်ဘီမြို့၊ တပ်ကြီးကုန်း၊ စာဖြူစုသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်စန်းရီ(ခ)အလိန်း

**အသက် (၆၈)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကိုင်းတန်းလမ်း၊ အမှတ် (၅၆)နေ (ဦးရွှေ-ဒေါ်မြသိန်း)တို့၏ သမီး၊ (ဦးဂွမ်းဟို-ဒေါ်လှရီ)တို့၏ သမီးချွေးမ၊ (ဦးအေး ကြွင်)၏ ဇနီး၊ ဦးဝီလီကိုရွှေ၊ ဒေါ်ကြည်ကြည်မြတို့၏ ညီမ၊ ဒေါ်မော်နီကာရွှေ၏ အစ်မ၊ ကိုနိုင်လင်း၊ ကိုလင်းထက်အောင်-မပွင့်ဖြူသက်တို့၏ မိခင်သည် ၄-၁၁-၂၀၁၉ (တနင်္လာနေ့) အမေရိကန်စံတော်ချိန် ည ၉:၁၄ နာရီတွင် အမေရိကန် နိုင်ငံ (Charlotte Nc)၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်စုလတ်မွန်(ခ)ဘုတ်ဘုတ် (၄၅)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ မင်းဒင်လမ်းသွယ်(၅)၊ တိုက် (၄၂)၊ အခန်း (၈)နေ (ဦးအုန်းကျော်)-ဒေါ်ထားထားဝင်း (လက်ထောက်နည်းပြဆရာမ-ငြိမ်း၊ စက်မှုလက်မှု၊ အထက-၂၊ ဘောင်ဒရီ၊ ရန်ကုန်)တို့၏ တစ်ဦးတည်းသောသမီး၊ အဖျောက်မြို့နေ (ဦးမြစိန်)-ဒေါ်စန်းနွယ်တို့၏ သမီးချွေးမ၊ (ဒေါ်ဆွေဇင်မွန်)၊ ဦးဘုန်းဇော်၊ ဒေါ်အေးမြတ်မွန်တို့၏ တူမ၊ ဦးဇော်မြင့် (Oiler Uniteam Marine)၏ ချစ်လှစွာသောဇနီး၊ မငြိမ်းသံသာ၏ ချစ်လှစွာသောမိခင် ဒေါ်စုလတ်မွန်သည် ၆-၁၁-၂၀၁၉ ရက် နံနက် ၂:၂၅ နာရီတွင် ဗဟိုရ်ရုံစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းသိစေရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၁-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၉) ကျင်းပ




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၉)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော်   နိုဝင်ဘာ   ၆**

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၁၉)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဦးမင်းသူ၊ ဗဟိုကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဦးအုန်းဝင်း၊ ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်နှင့်ဒေါက်တာမျိုးသိမ်းကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီးဦးတင်မြင့်၊ ဒုတိယရှေ့နေချုပ်ဦးဝင်းမြင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ယနေ့အစည်းအဝေးသည် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ အဋ္ဌမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးဖြစ်ပါကြောင်း၊ ဗဟိုကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးနှင့် ပြည်သူတို့၏ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများအပေါ် အမြန်ဆုံး

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ✳**


ကြေးမုံ ယနေ့ဖတ်စရာ

ဦးပြည့်စုံနှင့် ရုပ်ရှင်စကားဝိုင်း
စာမျက်နှာ » ၈

အီတလီက ကျောင်းသင်ရိုးညွှန်းတမ်း၌ ရာသီဥတုပြောင်းလဲမှု သင်ခန်းစာ ထည့်သွင်းမည်
စာမျက်နှာ » ၁၃

လူထုသတင်းစာနှင့် တကယ့်ကာတွန်းဆရာ
ဆောင်းပါး စာမျက်နှာ » ၁၅

ဧရာဝတီတိုင်းဒေသကြီးတွင် စပါးမျိုးစိတ်သစ် ဧက ၂၀၀၀ စမ်းသပ်စိုက်ပျိုး
စာမျက်နှာ » ၁၆


## မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ စံချိန်မီ ငါးမူးသား ရွှေဒင်္ဂါးကို ပုံစံသစ်ဖြင့် ရောင်းချမည်

**နေပြည်တော်   နိုဝင်ဘာ   ၆**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် တစ်ကျပ်သား၊ ငါးမူးသား၊ တစ်မတ်သား စံချိန်မီ ရွှေဒင်္ဂါးများကို ၁၉၉၁ ခုနှစ်မှ စတင်ထုတ်ဝေခဲ့ပြီး တစ်မတ်သား (ပုံစံသစ်)နှင့် တစ်ကျပ်သား(ပုံစံသစ်)စံချိန်မီ ရွှေဒင်္ဂါးများကို ၂၀၁၈ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့ပါသည်။

**သွန်းလောင်းထား**

စံချိန်မီရွှေဒင်္ဂါးများတွင် တစ်ကျပ်သား ရွှေဒင်္ဂါး၏ မျက်နှာပိုင်းဗဟိုတွင် ကြယ်တစ်ပွင့်ပုံ၊ ငါးမူးသား ရွှေဒင်္ဂါး၏ မျက်နှာပိုင်းဗဟိုတွင် လယ်ထွန်သောပုံ၊ တစ်မတ်သား ရွှေဒင်္ဂါး၏ မျက်နှာပိုင်းဗဟိုတွင် သစ်ဆွဲနေသောဆင်ပုံများ သွန်းလောင်းပြီး တစ်မတ်သား(ပုံစံသစ်)နှင့် တစ်ကျပ်သား(ပုံစံသစ်) စံချိန်မီ ရွှေဒင်္ဂါးများ၏ မျက်နှာပိုင်း ဗဟိုတွင် ဗိုလ်ချုပ်ပုံ သွန်းလောင်းထားပါသည်။

**အသစ်သွန်းလောင်းထုတ်ဝေမည်**

ယခုအခါ ပြည်သူများ ဝယ်ယူမှုများပြားသော ငါးမူးသားရွှေဒင်္ဂါးမှာ လက်ကျန်နည်းနေပါသဖြင့် အသစ်သွန်းလောင်း ထုတ်ဝေမည်ဖြစ်ပါသည်။ အသစ်သွန်းလောင်းသည့် ငါးမူးသားရွှေဒင်္ဂါး၏ အချင်းမှာ ၂၂ ဒသမ သုည မီလီမီတာ၊ အထူမှာ ၁ ဒသမ ၅ မီလီမီတာ ရှိပါသည်။ ဒင်္ဂါး၏ မျက်နှာပိုင်းဗဟိုတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပုံနှင့် ပုံ၏အောက်တွင် Aung San အမည်ပါရှိပါသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ❐**





၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ၏ ပထမရက်သတ္တပတ်မှစတင်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ဝေရောင်းချမည့် စံချိန်မီ ငါးမူးသား ရွှေဒင်္ဂါးပုံ။